
စိတ်ကူးချိုချိုအနုပညာ

# ဆင်ဖြူကျွန်းရောက်သိန်း

## ရွှေဥဒေါင်း

ဒုတိယအကြိမ်

mgyoe.com



ဆင်ဖြူကျွန်းအောင်သိန်း

# ရဲနိုင်ငံ

ရဲဟူသည် တကယ်မဟုတ်ပါသော
မျှော်လင့်ချက်ပေါ် တွင်
ရပ်တည်အသက်ရှင်လျက်
အရိုးဗာရုံများ ပြွမ်းပြည့်နေသော
နေရာဖြစ်ချေ၏။

spk0007

2000.00 Ks

mgyee.com

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အမ်အက်စ်အို
၂၀၁၄၊ ဇူလိုင်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၂၀၀၀ ကျပ်

၈၉၈.၈၃
ဇေယျာနိုင်
ဆင်ဖြူကျွန်းအောင်သိန်း -ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၄၊
စာမျက်နှာ ၂၉၄ ၊ မျက်နှာ၊ ၁၂.၅ စင်တီ× ၁၈.၅ စင်တီ
(၁) ဇေယျာနိုင်

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ငရဲနိုင်ငံ

ဆင်ဖြူကျွန်းအောင်သိန်း

ဒုတိယအကြိမ်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ

## (၁)

ဂင်္ဂလာဦးည ၁
ကာလပျက်ချိန် ၁၉
ဟေး . . . ဒို့ဗမာ ၃၈
ယဉ်ကျေးပါဘိ နေမျိုးနွယ် ၅၂
အသည်းထဲမှာ သိမ်းထားချင် ၇၈
ဘီအိုင်အေဆိုတာ ၉၄
ဂျပန်မှ နိပွန်သို့ ၁၁၇

## (၂)

ဝ–တပ် သို့မဟုတ် သုညတပ် ၁၄၀
ချွေးတပ်ကပူ ငှက်ဖျားဆူ ဝဲထူသန်းပေါ် ၁၁၉
လွမ်းရေးထက် ဝမ်းရေးခက် ၂၁၅

## (၃)

ယမမင်းစံရာအိမ် ၂၃၃
တပြေးပြေး တလွှားလွှား ၂၅၆
သေတော့မည့်မီးတောက် ၂၇၂
ပွဲပြီးချိန် ၂၇၉

– ဆိုအပ်သောစကား ၂၉၂

◆

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ၁

ငရဲပဟ္မသည်၊ တကယ်မဟုတ်သော မျှော်လင့်ချက်ပေါ်တွင် ရပ်တည် အသက်ရှင်လျက် အနိဋ္ဌာရုံများ ပြွမ်းပြည့်နေသော နေရာဖြစ်ချေ၏။

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## မင်္ဂလာဦးည

ပျားရည်လူးသည့် မင်္ဂလာဦးညကို ဖိုးထိန် ကြားရုံသာကြားဖူးသည်။ ကြားဖူးသမျှကိုအခြေခံ၍ စိတ်ကူးနှင့် ရမ်းဆပျော်ကြည့်ခဲ့ဖူး၏။ လူပြော သူပြောဖြင့် တမ်းခဲ့မှန်းခဲ့၏။ ပျော်စရာကြီးနေမှာပဲ၊ ညဥ့်ကာလတာသည် လွန်စွာ တိုတောင်းမှာပဲ။

ယခု ဖိုးထိန် ကိုယ်တွေ့ကြုံရပြီ။

ယနေ့ညသည် ဖိုးထိန်၏မင်္ဂလာဦးည။ ထွေးခင်၏မင်္ဂလာဦးည။ သည်မင်္ဂလာဦးညသည် သူပြောငါပြော မင်္ဂလာဦးညဆိုသည်များနှယ် ပျော်စရာကြီးသက်သက်မဟုတ်။ အလှတေးကို အေးအေးညင်ညင်ကလေး သီဖွဲ့သော ပျားရည်မြစ်ကလေးထဲတွင် သူတို့ကူးခတ်ကြရစဉ် လှိုင်းလုံး တွေက တစ်လုံးပြီးတစ်လုံး၊ လေပြေမက လေပြင်းမကျသော လေကလေးက တသဲသဲနှင့် မစဲသော ခြံရုံသိုင်းဝန်းသည့်ခံစားမှု။

ထိုအခါ သူတို့အသည်းများသည် ငွေလမင်း၏ အနမ်းအရှိက်တွင် နွားနို့မှုန်မှုန်ဖွဲ့ကလေးများ ဆွတ်ဖျန်းနေပေသည်။ ဩော်....မင်္ဂလာဦးည ဆိုတာ လူပြောသူပြောနှင့် မတူပါကလား အစချီလျက် ထွေးခင်ကို ကျောပေး ကာ အတွေးမျှင်တစ်စကို ဖိုးထိန် ငင်မိသည်။

ဖိုးထိန်ငင်မိသော အတွေးမျှင်တွင် မင်္ဂလာဦးည၏ လေးနက်သော သဘောသည် ပါလာ၏။

mgyoe.com

mgyoe.com

မင်္ဂလာဦးညဟူသည် ပျော်ပါးခြင်း မည်ကာမတ္တမဟုတ်၊ မင်္ဂလာဦးည သည် ဖိုနှင့်မတို့ သွေးသားဆာလောင်မှုဖြေဖျောက်သော အခမ်းအနားလည်း မဟုတ်။

မင်္ဂလာဦးညသည် ဘဝသစ်ကလေးတစ်ခု စတင်ရန် ဘဝပန္နက်ချလိုက်ခြင်းသာ ဖြစ်သည်။

ဤပန္နက်တိုင်နေရာတွင် ကြီးမားသော တိုင်များကို ဖိုးထိန် စိုက်ထူရတော့မည်၊ ထိုတိုင်များစိုက်ထူရန် တူးသောတွင်းသည် မြေကြီးပေါ်၌ ဖြစ်မည်လား၊ သဲထဲ၌ဖြစ်မည်လား၊ ကျောက်တုံးပေါ်၌တူးရမည်လား ဖိုးထိန် မှန်းကြို၍မသိနိုင်ပါ။

ထူသောတိုင်များသည် ကျွန်းရိုးလား၊ ဝါးဘိုးဝါးလား၊ ပိုးစားမခံသည့် သစ်ပျော့လား၊ ပိုးစားခံသည့် သစ်မာလားစသည်တို့ကိုလည်း ဖိုးထိန် ရမ်းဆ မမျှော်တဘ်ပါ။

သို့သော် သူနှင့်ထွေးခင်တို့ ခရီးအစကား ဖြောင့်ဖြူးလှသည် ဖိုးထိန် မထင်။ ရှေ့ရေးအတွက် အတွေးစပြီဆိုသောအခါ ဖိုးထိန်နှင့်ထွေးခင်တို့မှာ အားကိုး အားထားစရာ မြေကလေးတစ်ကွက်မျှမရှိ။ လက်ကတုံးတောင်ဇွေး ထားစရာ နွားဟူ၍လည်း တစ်ကောင်တစ်မြီးမျှပါမလာ။ လယ်ကူလီယာကူ လီဘဝဖြင့် မရေမရာ ဝမ်းကျောင်းရန်သာရှိသည်။

ဖိုးထိန် သက်ပြင်းချမိ၏။

"ဘာတွေတွေးနေတာလဲ ဟင်"

ထွေးခင့်အသံကလေးက မရဲတရဲ၊ တိုးတိုးညင်းညင်း။

"ဘာရယ် မဟုတ်ပါဘူးဟာ"

ဖိုးထိန်အဖြေက မောမောမွန်းမွန်း။

"ဘာပြုလို့ သက်ပြင်းကြီး ချချနေတာရလဲလို့"

အကြောင်းရင်းကို ဖိုးထိန်မဖြေချင်ပေ။ ထွေးခင့်ရှင်မြူးစိတ်ကလေး

mgyoe.com

mgyoe.com

ညှိုးနွမ်းမသွားစေလို၊ တုတ်ခိုင်သော လက်မောင်းကြီးကို ထွေးခင့်ခါးပေါ် တင်ပြီး သိုင်းဖက်လိုက်ကာ ပါးချင်းကပ်ထားသည်။

ထွေးခင့်လက်ဝါးကလေးနှစ်ဖက်သည် ဖိုးထိန်၏ ရင်ခွင်ကြီးကို တွန်းကန်ပစ်နေသည်။ ထိုအခါ သူ ကြောက်သွားပြီအထင်မျိုးဖြင့် ဖိုးထိန်က တိုးဖက်၍ ဖျစ်ညှစ်လိုက်သည်တွင် ရှက်ရွံ့သံကလေးကို ကြားရုံမျှကြားရသည်။

“လွှတ်ပါဦးတော့၊ တစ်ခါထဲ အသက်ရှူလို့မရတော့ဘူး”

“ချစ်တာကိုးကွ မိန်းမရ”

“အောက်ကလေးဘာကလေး ဆင်းပါရစေဦး ကိုသဲကြီးရဲ့”

ဖိုးထိန့်လက်များ ပြေကျသွားလေသည်။ ထွေးခင်လည်း ညင်သာစွာ ထထိုင်ရင်း ချစ်လင့်နဖူးကို အသာထုကာ တရွေ့ရွေ့ခွာသွားသည်။

မှောင်သောမင်္ဂလာခန်းထဲတွင် ဖိုးထိန် ပြုံးပြုံးကြီးကျန်ခဲ့၏။ သို့ရှိစဉ် ဖြတ်ခဲ့သောအတွေးစသည် ဖိုးထိန်ထံ ပြန်ရောက်လာသည်။ ဖိုးထိန် သက်ပြင်းချမိသည်။ တကုန့်ခေါက်မိသည်။

ရှေ့ရေးမှုန်ဝါးလွန်း၍ သက်ပြင်းရှိုက်သည်။ ယောက္ခမကို မကျေချမ်း၍ တက်ခေါက်သည်။

ထွေးခင်မှာ ညှပ်ပေပင်လှရွာမှ ဦးမြတ်သာ၏သမီး ဖြစ်သည်။ ဦးမြတ်သာ ဒေါ်ရွှေမတို့တွင် သားဆို၍ ကိုကွန်းဖော်တစ်ယောက်တည်း။ သည်လူမှာလည်း ချောင်းတစ်ဖက်ကမ်း ရှားပင်စုရွာတွင် ထည်ထည်ဝါဝါနှင့် ကြီးပွားနေပြီ။

သည်တော့ တစ်ယောက်တည်းသော သမီးကလေးထွေးခင်ကိုသာလျှင် ဦးမြတ်သာ ဒေါ်ရွှေမတို့ တွယ်တာနှောင်တည်းစရာ အသည်းနှလုံးအဖြစ် ကျန်ခဲ့တော့သည်။ ယခု ဦးမြတ်သာ ဒေါ်ရွှေမတို့ လုပ်လိုက်ပုံများ။

“အဖေတို့လည်း အိုးတစ်လုံး၊ ဖျာတစ်ချပ်၊ လက်ဖဝါးခြေဖဝါးဘဝက

mgyoe.com

mgyoe.com

ထူထောင်လာကြတာပဲသမီးရယ်။ သမီးလည်း အဖေတို့လိုပဲ ကြိုးစား ထူထောင်ကြပေါ့။ အဖေတို့ပစ္စည်းကတော့ အဖေတို့သေမှပဲ မောင်နှမနှစ်ယောက် ခွဲဝေယူကြရမှာပဲ'

အဖေသဘောမတူသည့်လူနှင့် ယူသောကြောင့် ဘာမျှမပေးနိုင်ဟူ၍ ဦးမြတ်သာ မပြောသာသဖြင့် ဟိုလိုလို သည်လိုလို အတွေးယောင်စေရန် စကားမျိုးကို ဦးမြတ်သာ သုံးလိုက်သည်ဟု ဖိုးထိန် စွပ်စွဲသည်။

အကယ်၍သာ ခေတ်အခါ ကောင်းမွန်ကြည်လင်နေမည်ဆိုလျှင် ဦးမြတ်သာသည် ဖိုးထိန်ကို သူ့သမီးနှင့် ခွဲပစ်ရုံသာမက ထောင်တန်းကျအောင် လုပ်ပစ်မည့် လူကြီးဟူ၍လည်း ဖိုးထိန်ဆက်တွေးသည်။ တွေးရင်း တွေးရင်း နှလုံးသားက ခါးသီးအသိကို ခံစားရသည်။

သို့သော် ဘာပဲဖြစ်ဖြစ် သူ့သမီးနှင့် စပ်လျဉ်းလာသောအခါ ယောက္ခမတော်စပ်လာရပါကလား ယောက္ခမဟူသည် ရှိသေအပ်စွာ၏။ သည်အသိဖြင့် စိတ်ကိုဖြေချ သက်ပြင်းချလိုက်သောအခါ ဒေါ်ရွှေမ၏အသံကို ကြားယောင်ရပြန်သည်။

"လုံ့လလည်းထူ၊ ငါလည်း ကူအံ့ဆိုတဲ့ စကားပုံလိုပေါ့ကွယ်။ သမီးတို့ သားတို့ကလည်း ကိုယ့်အားကိုယ်ကိုးပြီး ကြိုးစားကြ။ အမေလည်း တတ်နိုင်သလောက် ကူညီမှာပါ။ ကိုယ့်သားသမီးကို ဘယ်မှာပစ်ထားပါ့မလဲ၊ ဟုတ်ဖူးလား ကိုဖိုးဆောင်ရာ"

ဒေါ်ရွှေမမှာ အပြောသာချိုသည်မဟုတ်။ မျက်နှာထားကလည်း နူးညံ့အေးဆေးသည်။ သူ့ခင်ပွန်း ဦးမြတ်သာကား ရွာမိရွာဖများကိုပင် အားနာရစကောင်းမှန်းမသိ မျက်နှာခက်ထန်သည်၊ သုန်မှုန်နေခဲ့သည်။

ဖိုးထိန်သည် ဦးမြတ်သာ ဒေါ်ရွှေမတို့၏ပစ္စည်းကို မမျှော်ခေါ်ပါ။ လယ်မြေတွေ လက်ညှိုးထိုးမလွဲ ပိုင်ဆိုင်ပါလျက်၊ အတွင်းပစ္စည်း ခိုင်ခံ့ထုထည်နှင့်ရှိပါလျက်၊ အိမ်ဆိုင်မှ တစ်နေ့ဝင်ငွေဖြင့်ပင် သူတို့လင်မယား

mgyoe.com

mgyoe.com


စားမကုန်ဖြစ်ပါလျက်၊ တစ်ဦးတည်းသော သမီးအပေါ် တောက်တောက်ခါးခါးပြုရက်သည်။ ရွှေဂုဏ်ငွေဂုဏ် မောက်လွန်းသည်။

"အဘိုးကြီး ဘယ်လောက်ပဲ မာနကြီးကြီး၊ အဘွားကြီးလှည့်ရင်ရတာပဲ။ အခုတော့ အဘွားကြီးကပါ ပါးစပ်ပြောနဲ့ အချိုသတ်နေတယ်။ ဒါရဲ့ လက်သည်တရားခံဟာ ဟိုကောင်ပဲဖြစ်ရမယ်"

ဖိုးထိန်၏အတွေးအိမ်တွင်းသို့ ကိုကွန်းဇော်က ပြည့်ပြည့်ဝဝဖြင့် မားမားကြီး ဝင်ရောက်လာလေ၏။

ကိုကွန်းဇော်သည်လည်း သူ့ဖခင် ဦးမြတ်သာနည်းတူ ခက်ထန်သည်၊ မောက်မာသည်။ သူသည် ချောင်းတစ်ဖက်ကမ်းတွင် သူ့အိုးသူ့အိမ်နှင့် တင့်တောင့်တင့်တယ် ရှိနေပါလျက် သည်ဘက်ကမ်းသို့ ကူးလာကာ ဖအေ့ဘက်မှ မဲတင်းသည့်အနေဖြင့် ဒေါ်ရွှေမကို ခြိမ်းမောင်းခြင်း ပြုပေလိမ့်မည်။

"ဒီခွေးမကို ဘာတစ်ခုမှ မပေးရဘူး။ သူ့တရား သူစီရင်သွားတာ၊ အမေ အနေသာကြီး" စသည်ဖြင့်....

ဖိုးထိန် မဲ့ပြုံးပြုံးလိုက်ကာ အံကြိတ်ရင်း ထွေးထွေးဝါးဝါးပြောသည်။

"ဆွဲကြိုးတစ်ကုံး၊ နားဆွဲတစ်ရံနဲ့ လက်စွပ်တစ်ကွင်းကို ချွတ်မယူလိုက်တာတောင် ဝမ်းသာရမယ်ထွေးခင်။ သူတို့ ဘာမှမပေးလိုက်လို့ အားမငယ်နဲ့။ ငါ နွားလိုကုန်းရုန်းပြီးလုပ်မယ်။ ကုန်ကုန်ပြောမယ်ဟာ ငါသာ အငတ်ခံမယ်၊ နင်မငတ်စေရဘူး"

ဤကြုံးဝါးသံ လင်ယောကျ်ားတစ်ယောက်၏ မာနလေတံခွန်ကြီးကုန်လွှင့်တင်လိုက်သော ဤအသံကို ထွေးခင် မည်သို့မျှမတုံ့ပြန်။ ထို့ကြောင့် ဖိုးထိန်က တစ်ဖက်စောင်းလှည့်ကာ ထွေးခင်ခါးကလေးကို ဖက်လိုက်ပြားလေကိုသာ ဖက်မိသည်။

ဖိုးထိန်ရှက်သွားသည်။ အနားတွင် ထွေးခင်ရှိလျှင် ဘယ်လောက်များကရော်တိုက်၍ သရော်လိုက်မည်နည်း။

mgyoe.com

mgyoe.com


ဖိုးထိန် သတိလစ်သွားသည်။ ထွေးခင် အောက်ခဏဆင်းသွားတာ သိပါလျက် ရှိနေသည်ထင်ပြီး ဖက်မိခြင်းဖြစ်သည်။ ဖိုးထိန်မပြယ်သော အပြုံးဖြင့်ထထိုင်ကာ နောက်ဖေးဘက် လှမ်းကြည့်သည်။ မီးရောင်မမြင်ရ။

သည်အရပ်က ခြေခင်းလက်ခင်း ရှုပ်ထွေးသော အရပ်ဖြစ်သည်။ တုတ်မီးစသည် မီးခွက်စသည် မပါဘဲ အိမ်ပေါ်က အိမ်အောက်ဆင်းရလျှင် ခြေချရဲစရာမရှိ။ မြေပေါ်သို့ခြေချတိုင်း တစ်စုံတစ်ရာ ဖြစ်သည်ချည်းမဟုတ်ပေမယ့် ရေနံဆီမီးခွက်ကို အဖော်ဆောင်လေ့ရှိကြသည်။

သို့ပါလျက် ထွေးခင် အရဲကိုးလွန်းသည်။ တောထိုင်သည်ဖြစ်စေ၊ အပေါ့အပါးသွားသည်ဖြစ်စေ မီးခွက်ယူသွားသင့်သည်။

ထို့ကြောင့် မီးခွက်ထွန်းကာ ထွေးခင်နောက်လိုက်မည်ရည်၍ ခြေရင်းတိုင်ဘေးကမီးခွက်ကို စမ်းကြည့်သည် မတွေ့ချေ။ မီးခြစ်ကိုကားတွေ့သည်။ ဖိုးထိန် မီးခြစ် ခြစ်ကြည့်သည်။

အလင်းရောင်သည် အခန်းမှောင်ထဲ စီးဆင်းဖုံးလွှမ်းလိုက်၏။ နောက်တဖြည်းဖြည်း အလင်းရောင်၏ အနားသတ်စက်ဝန်းများ ကျုံ့ကျဉ်းလျက် အမှောင်သည် ပြန်လည်ဖုံးလွှမ်းသွားလေ၏။

ဖိုးထိန်မှာ မီးခြစ်ကိုသာတွေ့သည်။ မီးခွက်ကိုကား မတွေ့ရချေ။ သည်လိုဆိုလျှင် မီးခွက်ထွန်းပြီး ထွေးခင်ယူအသွားတွင် လေတိုက်၍ ငြိမ်းသွားတန်ရာသည်။ သည်အထင်ဖြင့် ဖိုးထိန် သစ်သားမီးခြစ်ကိုင်ကာ နောက်ဖေးပေါက်မှ ဆင်းလာမိသည်။

အပြင်တွင် ငြိမ်သက်နေ၏။ လေပြေသူခိုးလေးသည် ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ဆော့နွဲ့နေသည်။ တဲပြင်၌ တဲတွင်းလောက် မှောင်ပိန်းမနေပေ။ ကြယ်ရောင်ဖြင့် ဝိုးဝါးမြင်ရသည်။ တစ်စတစ်စ အကြည့်ကြာလာသည်တွင် ချုံပဲ၊ သစ်ပင်ပဲ၊ လူပဲ သိသာလာသည်။

"ထွေးခင်–ဟေ့ ထွေးခင်"

mgyoe.com

mgyoe.com

တောထိုင်ကြစမြဲ ချုံတန်းစပ်သို့ ဖိုးထိန် လျှောက်လာသည်။ အုံ့ဆိုင်း ထိန်းသံဖြင့် အသံပေးကြည့်သည်။ ထွေးခင် အသံနှင့် အရိပ်သဏ္ဌာန်ကို မမြင်ရချေ။ ဖိုးထိန် အသံရပ်သွားလျှင် ညသည်ပြန်လည်တိတ်ဆိတ်မြဲ တိတ်ဆိတ်သွားပြန်၏။

ပုရစ်ကလေးများသည်ပင် ဖိုးထိန်လာရာလမ်း၌ နှုတ်ဆိတ်နေကြသည်။ ဆူသော ညံသော ပုစဉ်းရင်ကွဲတို့လည်း ဖိုးထိန်နှင့်နီးလျှင် တိတ်သွားကြ၏။ ဟိုဟိုသည်သည် ဖိုးထိန်ကြည့်သည်။

"ထွေးခင် နင် ဘယ်ကလဲ ဟာ"

ထွေးခင့် အသံအစား ရွာလယ်မန်ကျည်းပင်ကြီးပေါ်မှ ဇီးကွက်တစ်ကောင်၏ အော်သံကိုသာ ကြားရသည်။ ဖိုးထိန်၏နားထဲ၌ ကြည့်ကွယ့် ကြည့်ကွယ့် လော်ချေသလား ထင်သည်။

ညကြီးမင်းကြီး၌ ထွေးခင် ဝေးဝေး မသွားတန်ရာ။

ဟိုနားရှိနိုး သည်နားရှိနိုးဖြင့် ဖိုးထိန်မှာ တမှန်းဆဆလျှောက်ရင်း ရင်တွင်းတစ်လျှောက် ပူဆင်းသွားသောအသိ ဝင်လာသည်။ ယောင်ယမ်းပြီးလည်း ဘုရားတမိသည်။

"လွဲပါစေ၊ ဖယ်ပါစေ၊ မဟုတ်ပါစေနဲ့"

ပိုးထိပြီးများ လဲနေသလား တွေးမိပြီးမှ မဖြစ်ပါစေနှင့် ဆုတောင်းခြင်း ဖြစ်ပါသည်။

ရင်တွင်းသာမက ခေါင်းတစ်ခုလုံးပါ လေးလံထူပူလာသည်။ တစ်စုံတစ်ရာကို ခလုတ်တိုက်မိသည်။ အတိုက်ခံရသောအရာမှာ အသံမြည်ကာ လိမ့်သွားသည်။

မြေကြီးခဲစသော မာကျစ်သည့်အရာများ လိမ့်သွားသံနှင့်မတူပါ။ အဆံချောင်သော ထန်းစေ့မှုတ်ထန်းစေ့ခြောက်များလည်း သည်အသံမျိုးမဟုတ်၊ ဖိုးထိန် သစ်သားမီးခြစ်ကိုခြစ်ကာ ထိုအရာကို တကုန်းကုန်း ရှာဖွေသည်။

mgyoe.com

mgyoe.com

"ဟင်....."

မီးခွက်၊ သံဖြူမီးခွက်။

ဖိုးထိန်တို့ အိပ်ရာခြေရင်းက မီးခွက်။ လက်ကိုင်ကွင်းတစ်စ ဂဟေပြုတ်နေသောမီးခွက်။

သေလုလုမီးကို မီးစာတွင် တို့လိုက်သောအခါ ဖိုးထိန်ရင်ထဲ လေပြည့်လာသည်။ ထိတ်လန့်လာသည်။

မီးခွက် ပထမမှောက်ကျသောနေရာ၌ အထဲမှ ရေနံဆီများ ကုန်စင်အောင် မှောက်ကျကျန်ခဲ့သည်။ မြေပြင်၌ စိုရွှဲနေသည်။ ဖိုးထိန် ဘာမျှမတွေးတက်သေး။ ပူပန်စိတ်ဖြင့်သာ မီးခွက်ကိုကိုင်မြှောက်လျက် လှျောက်ကြည့်နေစဉ် ထွေးခင့် ပစ္စည်းတစ်ခု ထပ်မံတွေ့ရပြန်သည်။

ထွေးခင်စီးသော ခုံဖိနပ်ကလေးဖြစ်သည်။

သားရေကွင်းတပ် သစ်သားခုံဖိနပ်အနီကလေးမှာ ထိပ်တွင်ကြေးရောင်သံမှိုကလေးခုနစ်ချောင်း စွဲခြယ်ထားသည်။ ခုံဖိနပ်တော့တွေ့ပြီ၊ လူက ဘယ်ရောက်သွားပါလိမ့်။ ဖိုးထိန် ရင်တွင်း စိုးရိမ်ခြင်းသည် အမြင့်ဆုံးသို့ ရောက်ရှိလာပြီ။ လူသူလေးပါး အိပ်စက်ချိန်တွင် စကားပင်ကျယ်ကျယ်မပြောရသော ရပ်စည်းရွာစည်း ယဉ်ကျေးမှုကိုပါ သတိလစ်သွားသည်။ မျက်ကလဲဆန်ပျာ အော်ခေါ်လေတော့သည်။

ပါးစပ်ကအော်ရင်း လူလည်း ဟိုပြေးသည်ပြေး ပြေးလွှားသည်။ မီးခွက်ငြိမ်းသည်လား၊ မငြိမ်းသည်လား မသိတော့။ နောက်ထပ်ခုံဖိနပ်တစ်ဖက် ဘယ်အချိန်ဘယ်နားက တွေ့သည်လည်း မမှတ်မိ။ မြွေဘေး ကင်းဘေးကိုလည်း နားမလည်တော့ပြီ။ ဖိုးထိန်တစ်ကိုယ်လုံးကို စိုးချုပ်နေသောအရာမှာ ရင်ပွင့်ထွက်လု ဗလောင်ဆူနေခြင်းသာ။

ဖိုးထိန်၏အသံကြောင့် ဦးဆုံးနိုးလာသူမှာ ဖိုးစိန်ဖြစ်၏။ ဖိုးစိန် ငေါက်ခနဲထထိုင်လျှင် ငွေသွယ်ပါ နိုးလာသည်။

mgyoe.com

mgyoe.com


"ဘာလဲ ကိုဖိုးစိန်"

ထိုစဉ် မြတ်နိုးရသော ရင်တွင်းရတနာ ပျောက်ဆုံးရှာသော ဖိုးထိန်အသံက ညဉ့်ရာကို ဖောက်ထွင်းဝဲပျံလာ၏။

"ထွေးခင်ရေ၊ ဟေ ထွေးခင်။ အသံကလေး ဘာလေးပြုပါအုံးဟ။ နင် ဘယ်မှာလဲ၊ ဘာဖြစ်နေလဲ"

"ဟောတော့ ညီဖိုးထိန်အသံမဟုတ်လား"

"ဟုတ်တယ်ဟ ငါထွက်ကြည့်လိုက်ဦးမယ်"

ဖိုးစိန် တဲပေါ်မှ ခုန်ဆင်းကာ ကြယ်ညီလာညပြင်ခင်းထဲ ပြေးထွက်လာပြီး အသံလာရာဘက်သို့ မျှော်ကြည့်သည်။ ညီဖိုးထိန်ကိုကား မမြင်ရ။ အမြိတ်အဆာတွဲဝေဖားလျားနှင့် လိမ္မော်သီးခွံတစ်ခုသည် မှောင်ထဲ၌ ပြေးလွှားနေ၏။

"ထွေးခင်ရေ ဟေထွေးခင်"

ဖိုးထိန်နှင့် မီးရောင်သည် ဖိုးစိန်တို့ဘက်သို့ ပြေးလွှားလာပြန်၏။

"ဖိုးထိန်ဘာလဲဟေ့၊ ဘာဖြစ်လို့လဲ"

ဖိုးစိန်လှမ်းမေးဆဲတွင် မီးရောင်သည် ကြယ်ကြွေသည့်နှယ်ထိုးကျလျက် မြင်ကွင်းမှ ပျောက်သွားသည့်ခဏ ဖိုးစိန်လည်း ဘာမျှဂရုမထားနိုင်တော့။ သူ့ညီရှိလောက်သည်နေရာသို့ ပြေးလာခဲ့မိသည်။

"ဖိုးထိန် ဟေ့ညီလေး"

"ရှိပါတယ်အစ်ကိုရ၊ ကျုပ်ဒီမှာပါ"

ဖိုးထိန်မှာ မြေပေါ်တွင် ဒူးထောက်လျက်သားကျနေ၏။ ဖိုးစိန်အလောတကြီး ပြေးပွေ့သည်။

"ချိုင့်ထဲကို ခြေတစ်ဖက်ကျသွားတာပါ။ ဘာမှ မဖြစ်ပါဘူး"

"နေစမ်းပါဦး အခုဘာဖြစ်ကြတာလဲ၊ ထွေးခင်ကော"

ဖိုးထိန်ငိုချင်သည်။ ဖြစ်ချက်မကောင်းသည့်အကြောင်းကို တယုတယ

mgyoe.com

mgyoe.com


မေးမည့်သူရှိလာတော့ ကယ်ပါဦးအစ်ကိုရဲ့ပြောကာ ဖက်ငိုလိုက်ချင်သည်။ သို့ရာတွင် အလျှင်အမြန်ချဉ်းကပ်လာသော မီးခွက်နှစ်ခုကို မြင်ရသဖြင့် ထရပ်လိုက်ကြစဉ် "ကိုဖိုးထိန်လား၊ ဗျို့ ဘာဖြစ်လို့လဲ" ဝမ်းကွဲယောက်ဖ အောင်ဖြိုးအသံကို ကြားရသည့်နည်းတူ ဝမ်းကွဲညီ ထွန်းမှိန်ကလည်း လှမ်းအော်သည်။

"အစ်ကို ဖိုးထိန် ဘာတုန်းဗျ"

ထွန်းမှိန်တွင် မီးခွက်မပါပေ။ သို့ဖြစ်လျှင် ကျန်မီးခွက်မှာ မည်သူနည်း။ အနားရောက်လာသော အောင်ဖြိုးနှင့် ထွန်းမှိန်တို့ကိုပင် စကားပြန်မပြောနိုင်သေးဘဲ တရွေ့ရွေ့လာနေသော မီးခွက်ကို မျှော်ကြည့်နေကြ၏။

"မိယဉ်မြနဲ့ အရီးရွှေမပါ အစ်ကိုရာ၊ ကဲ–ဆိုစမ်းပါဦး၊ ဘာဖြစ်ကြတာလဲ။ ထွေးခင်ခေါ်သံလည်း ကြားလိုက်သလားလို့"

ထွန်းမှိန်က မီးခွက်ဆီ လှမ်းကြည့်ပြီး ပြောလိုက်ရာ.... ဖိုးစိန်မှာလည်း ဘုမသိဘမသိဖြင့် ဖိုးထိန်ကို စောင်းကြည့်မိသည်။ ဖိုးထိန်မှာ လည်ဆစ်ကျိုးကျသော ထန်းပင်နှယ် ငိုက်ငိုက်ငုံ့ငုံ့ကြီး ရပ်နေ၏။

"ဟဲ့–ဘာဖြစ်ကြတာလဲ" ဖိုးထိန့်အမေ ဒေါ်လှမေလည်း မီးခွက်မှိုင်းတလူလူဖြင့် အနားရောက်လာသလို ယဉ်မြမှာလည်း အစ်ကိုတွေကို မျက်လုံးကလေးပြူးလျက် ကြည့်နေသည်။

"ဖိုးစိန် ဘယ်သူဘာဖြစ်တာလဲ သား"

"ကျုပ်မဖြစ်ပါဘူး အမေရာ၊ ညီလေး ဖိုးထိန်ပါ"

ငါးစုံသော မျက်လုံးများသည် ဖိုးထိန်ထံတွင် စုရုံးလာကြသည်။ ဖိုးထိန်မှာ မောပန်းစွာ အသက်ရှူလိုက်သည်။

"ပြောဘဲ မပြောချင်ပါဘူးအမေရာ၊ ထွေးခင် ပျောက်သွားလို့ဗျ"

"ဟောတော်၊ ဘယ်လိုဖြစ်ကြတာလဲ သားရယ်။ သားက သူ စိတ်ဆိုးအောင် ဘာတွေပြောလို့လဲ"

mgyoe.com

mgyoe.com

"ဘာမှ မပြောပါဘူးအမေရယ်"

ထွေးခင်တစ်ယောက်ထဲ ခဏတစ်ဖြုတ်သဘော ဆင်းသွားရာက ဖိုးထိန် လိုက်ရှာရပုံများကို ဆက်လက်ပြောပြရသည်။

"မီးခွက် ကျန်ခဲ့တာတော့ထား၊ ဖိနပ်တွေ ကျန်ခဲ့တာစဉ်းစားစရာပဲကွ"

ဖိုးထိန့်အစ်ကို ဖိုးစိန်က စဉ်းစဉ်းစားစားပြောသည်။

"ဟုတ်တယ်ဗျ၊ ဖိနပ်တစ်ဖက်နဲ့တစ်ဖက်ကလည်း အဝေးကြီးဆိုတော့ တပိုတပါးသွားနေတုန်း တစ်ယောက်ယောက်က နောက်ကလာပြီး ပါးစပ်ပိတ်ပြီး ဆွဲခေါ်သွားရော့သလားဟင်"

ညီဝမ်းကွဲ ထွန်းမိုန်ကလည်း ခန့်မှန်းစကား ဆိုလိုက်သည်။

"ဒါဖြစ်နိုင်တယ်၊ မီးခွက်တောင် မှောက်ကျန်ခဲ့တယ်ဆိုတာကိုးဗျ"

ယောက်ဖအောင်ဖြိုး၏ ထောက်ခံစကား။

ခဏတစ်ဖြုတ် စကားသံများ ရပ်တန့်သွားစဉ် ထွန်းမိုန့်အစ်ကို ထွန်းရှိန်လည်း "ဘာဖြစ်ကြတာလဲ"အမောတကော မေးသံနှင့် ရောက်လာသည်။ သူက အနောက်ပိုင်း၌ အိမ်ခွဲနေသဖြင့် လှမ်းသည်။ ထွန်းရှိန်နောက်မှ တဖျတ်ဖျတ်နှင့် အပြေးလိုက်လာသူမှာ ထွန်းရှိန်၊ ထွန်းမိုန်တို့၏ ညီမရင်း စိန်ပုဖြစ်သည်။

ဆွေမျိုးတစ်သိုက် စုံစေ့ရန် အောင်ဖြိုး၏ဇနီးအေးသွယ်။ အေးသွယ်၊ ထွန်းရှိန်၊ ထွန်းမိုန်တို့၊ စိန်ပုတို့မိဘ ဦးသောင်းထိ၊ ဒေါ်အေးမြိုင်နှင့် ဦးသောင်းထိအစ်ကို ဦးပေါက်ကျော်တို့သာ ကျန်တော့သည်။

သည် မစုံတစုံ ညီအစ်ကိုမောင်နှမတွေထဲတွင် ဖိုးစိန်မှာ အကြီးဆုံးဖြစ်သည်။ သူဘာပြောမလဲ၊ ဘယ်ပုံ စဉ်းစားမည်နည်း၊ စောင့်နေကြသည်။ နားစွင့်နေကြသည်။ သို့ရာတွင် ဖိုးစိန်မှာ နှုတ်ခမ်းချင်းဖိကာ စဉ်းစား၍သာနေသည်။

ထိုအခါ ဖိုးထိန့်နှမ မိယဉ်မြက ပေါက်ပေါက်ရှာရှာတွေး၏။

mgyoe.com

"အစ်ကိုနဲ့ကြာကြာနေရင် ဆင်းရဲလိမ့်မယ်ဆိုတာသိလို့ သူ့အဖေအိမ်ထွက်ပြေးတာမဖြစ်နိုင်ဘူးလား"

"ဒီကောင်မလေး မဟုတ်ကဟုတ်ကတွေ"

ထွန်းမှိန်က လှမ်း၍ မာန်မဲငြား ရွယ်တူချင်းမို့ ယဉ်မြအရေးမထား၊ "နင်ဘာသိလဲ၊ အစ်ကို ထမလာခင် ပြေးမှပဲဆိုပြီး ကမန်းကတန်းပြေးလို့ ဖိနပ်ကျွတ်ကျန်ခဲ့တာ မဟုတ်လို့ ဘာလဲ" ဆက်၍ပင် မေးနေသဖြင့် ဖိုးစိန်ကိုယ်တိုင် ထိန်းပေးလိုက်ရသည်။

"တော်ကြစမ်းဟာ၊ အရေးထဲမှာ ရှုပ်မနေကြစမ်းနဲ့။ ဒီတော့...ဘာပဲဖြစ်ဖြစ်ပေါ့ကွာ၊ ခင်ဗျားတို့ သမီးတော့ ဒီလိုဖြစ်သွားပြီဆိုတာ ဝတ္တရားအရတော့ သွားပြီးအသိပေးမှကောင်းမယ်"

"သွားမနေပါနဲ့တော်၊ သူတို့သမီးကို သူတို့ရွှေ သူတို့ငွေလောက် မက်တာမဟုတ်ပါဘူး"

ဝမ်းကွဲညီမ စိန်ပု၏ရင်တွင်းအကျိတ်အခဲက ပေါ်ဖြစ်အောင် ပေါ်လာ၏။ ထိုအခါ ဒေါ်လှမေ၏အသံက အေးဆေးညင်သာစွာ ပေါ်လာသည်။

"သူတို့မိုက်သလို တို့မိုက်လို့မဖြစ်ဘူး ဟဲ့ စိန်ပုရဲ့။ အခု ဖိုးစိန်ပြောသလို သွားပြီးအသိပေးရမှာက တို့ဝတ္တရားပဲ"

သို့ဖြင့် ညီအစ်ကိုမောင်နှမတစ်စုသည် ရွာဦးတံခါးဘက်သို့ ရေနံဆီမီးခွက် တထိန်ထိန်ဖြင့် ရွှေ့လျားလာကြသည်။

ထူထပ်သော မြင့်မားသော ဝါးကပ်စည်းရိုးဘေးတွင် သူတို့ရပ်မိကြသည်။ အားနည်းသော ရေနံဆီမီးခွက်ရောင်သည် ကြီးမားသော တံခါးနှစ်ချပ်ပြည့်အောင် မလင်းနိုင်ပေ။

"ဗျို့ ဦးမြတ်သာ၊ ဦးမြတ်သာ ဒေါ်ရွှေမ"

အိမ်ကြီးသည် မှောင်ထဲ၌ငြိမ်သက်နေ၏။ တစ်စုံတစ်ယောက်၏ အသံဗလံနှင့် လှုပ်ရှားမှုများ ကြားရနိုးနားစွင့်နေလိုက်ကြပြီးနောက် ဖိုးစိန်ပင်

mgyoe.com

mgyoe.com


ဆက်၍အသံပေးပြန်သည်။

"မကြားကြဘူးထင်တယ်"

"သူတို့က အိမ်ပေါ်အိပ်လို့ မကြားရင် ဦးဖိုးဆိတ်ဖြစ်ဖြစ် ကိုထွားဖြစ်ဖြစ် တစ်ယောက်ယောက် ကြားရမှာပေါ့။ သူတို့က အိပ်အောက်မှာအိပ်တာ"

"သူတို့လင်မယားလည်း ညရေးညတာစိုးရိမ်လို့ အိမ်အောက်ဆင်းပြီး အိပ်ချင်အိပ်မှာပါဟာ"

အိမ်ကြီးဘက်မှ မည်သည့်အသံမျှ မကြားရသေးပေ။

"ဗျို့ ဦးမြတ်သာ ဒေါ်ရွှေမ၊ ဗျို့ဦးဖိုးဆိတ်၊ ဗျို့ကိုထွား"

အိမ်ကြီး၏ မည်းနက်သောအရိပ်ထဲမှ လက်ခနဲ မီးရောင်လင်းလာသည်။ ဖိုးစိန်က ဆက်လက်ပြီး အသံပေး၏။

"ကျုပ်ပါဗျ၊ ဖိုးစိန်ပါ။ အရေးကြီးတဲ့စကား ပြောစရာရှိလို့ပါ။ တံခါးဖွင့်ဖို့ မလိုပါဘူး"

သို့ရာတွင် မည်းကုပ်သော အိမ်ကြီးဘက်မှ မီးရောင်မှ အသံထွက်မလာသေးချေ။ ဖိုးစိန်၊ ဖိုးထိန်၊ ဒေါ်လှမေ၊ မိယဉ်မြနှင့် စိန်ပု၊ ထွန်းမှိန်၊ ထွန်းရှိန်၊ အောင်ဖြိုးတို့ ရှစ်ယောက်မှာ ဝါးကပ်စည်းရိုးဘေးတွင် စိတ်ရှည်စွာစောင့်ဆိုင်းနေကြရသည်။ တအောင့်တနားကြာမှ ချောင်းဟန့်သံကြားရ၏။ ချောင်းဟန့်သံကြားကာမျှဖြင့် ဤအိမ်ကြီး၏ သက်တော်စောင့် လူယုံတစ်ယောက်ဖြစ်သော ဦးဖိုးဆိတ်ဟူ၍ သိလိုက်ကြသည်။

"ဘယ်သူလဲဟေ့၊ ဘာကိစ္စလဲ ညကြီးအချိန်မတော်"

"ကျုပ်ပါဗျ ဖိုးစိန်ပါ" အစချီကာ ဖိုးစိန်မှာ စောစောက ပြောခဲ့ပြီးသည့် စကားလုံးများကိုပင် ထပ်မံရွတ်ဆိုရပြန်သည်။

ဦးဖိုးဆိတ်သည် သွပ်ကြိုးတပ် မုန့်သေတ္တာပုံးထဲ ရေနံဆီမီးခွက်ထည့် ထွန်းကာ မှန်းရိုးကို တဒေါက်ဒေါက်ထောက်လျက် စည်းရိုးနားကပ်လာသည်။

mgyoe.com

mgyoe.com

"ဘယ်သူလဲဟေ့၊ ဖိုးစိန်ဟုတ်လား"

"ဟုတ်ပါတယ် ဘကြီးဆိတ်၊ ကျုပ်ပါ။ စောစောကပဲ ထွေးခင် တပို တပါးသွားမယ်ဆိုပြီး ဆင်းသွားတာ ပြန်မလာဘူး။ လိုက်ရှာတာလည်း မတွေ့ဘူး၊ အဲဒါ...."

"အဲဒါ ငါက ဘာလုပ်ရမှာလဲ"

"သူ့မိဘကို အကြောင်းကြားဖို့ ဝတ္တရားရှိလို့ လာပြီးပြောတာပါ။ တစ်ဆိတ်ပြောပေးပါ"

"အိပ်နေကြတယ်ကွ"

"အိပ်အိပ်ပေါ့ဗျာ၊ အရေးကြီးတဲ့ သားရေးသမီးရေးကိစ္စပဲဗျ"

"ဟာ ဘယ်ဖြစ်မလဲကွာ မဖြစ်ပါဘူး။ မနက်လင်းမှပဲ မင်းတို့ဘာသာ မင်းတို့လာပြောကြ၊ ငါမနှိုးချင်ဘူး"

ဦးဖိုးဆိတ်သည် လာစဉ်ကနည်းတူ တဒေါက်ဒေါက်ထောက်လျက် စည်းရိုးဘေးမှ ခွာထွက်သွားသည်။ ခြံပြင်က လူရှစ်ယောက်မှာ မချင့်မရဲ ကျန်ခဲ့ကြသည်။

"ကြီးကျယ်လိုက်တာတော်"

လူရှစ်ယောက်လုံးပင် ဦးဖိုးဆိတ်အပြုအမူကို မကျေနပ်ကြပြား မချုပ် တတ် မထိန်းတတ်သေးသော မိယဉ်မြတို့အရွယ်မှာမူ လွှတ်ခနဲပြောပြီးသား ဖြစ်သွားလေသည်။

"မပြောပါနဲ့ သမီးရယ်"

ဒေါ်လှမေက ယဉ်မြလက်ကိုဆွဲကာ ရှေ့ဆောင်ထွက်ခွာလာ၏။ သတင်းသည် ချက်ချင်းပျံ့သလောက်နီးပါး ဖြစ်သွားပြီ။ ဟိုအိမ် သည်အိမ်မှ မီးခွက်ထထွန်းကြသည်။ မီးခွက်မထွန်းသော အိမ်များကလည်း မှောင်ရိပ်သို့ ထွက်၍ အကဲခတ်ကြ၊ မေးစမ်းကြသည်။

"ထွေးခင်တစ်ယောက်၊ နောက်ဖေးထွက်ရင်း ပျောက်သွားလို့တဲ့"

mgyoe.com

mgyoe.com

တစ်ဆင့်စကား တစ်ဆင့်နားဖြင့် တစ်ရွာလုံး လှုပ်ရှားသွားသည်။မြေးလာပြီး စုံစမ်းသူများဖြင့် ဦးပေါက်ကျော်၊ ဒေါ်လှမေတို့အိမ်ရှေ့တွင် လူတွေပြည့်သွားသည်။

ဖိုးထိန်မှာ စကားမပြောချင်တော့ပါ။ လူမြင်ခံရမည်ကိုပင် ရှက်သလိုမျက်နှာပူသလိုဖြစ်ကာ မီးရောင်လွတ်သည့်နေရာတွင် ကုတ်နေကာမှ အောင်ဖြိုး၏ညီ စံလှဘော်က တွေ့ဖြစ်အောင်တွေ့သွားသည်။ လက်ကုပ်ပြီး ခေါ်သွားသည်။

သူတို့သည် ဖိုးထိန်တဲကလေးရှေ့က မန်ကျည်းတုံးပေါ် ထိုင်ကြသည်။ ထိုင်မိလျှင် ထိုင်မိခြင်း စံလှဘော်က အမေးစ,သည်။

"ခင်ဗျား ဘယ်လိုထင်သလဲ ကိုဖိုးထိန်"

"ငါလည်း ခေါင်းမီးတောက်နေတာ ဘယ်ထင်တတ်မလဲ စံလှဘော်ရာ"

သွေး တိုက်ရိုက်မတော်စပ်စေကာမူ ညီမဝမ်းကွဲ အေးသွယ်၏ခင်ပွန်း အောင်ဖြိုး၏ညီမို့ ယုံယုံကြည်ကြည်ပင် ပြောမိသည်။

"ကျုပ်အထင်ပြောရရင်တော့ ထွေးခင်ကို တစ်ယောက်ယောက်က အတင်းဆွဲခေါ်သွားတာဘဲဖြစ်ရမယ်။ ခင်ဗျားကြည့်လေ၊ မီးခွက်ကမှောက်လို့ ဖိနပ်က ဟိုနားတစ်ဖက် သည်နားတစ်ဖက်"

ဖိုးထိန်မပြောတတ်ပေ။ ထင်မြင်ချက်မ ... ်မှု မပေးတတ်လေ။

"မဟုတ်ကာမှလွဲရော ကိုကွန်းဇော်ရဲ့ လက်ချက်ထင်တာပဲ"

"ဘာကွ"

ဖိုးထိန်တွန့်သွားသည်။ မှိန်လျော့သော မီးတောက်ပေါ် ရေနံစက်ချလိုက်သည်သို့ လှုပ်ရှားထောင်မတ်လာ၏။

"ကွန်းဇော်ရဲ့လက်ချက်ဟုတ်လား"

စံလှဘော်က ခေါင်းညိတ်ပြသည်။

"မင့်မှာ ဘာအထောက်အထားရှိလို့လဲ စံလှဘော်"

mgyoe.com

mgyoe.com


"နေဝင်ဖျိုးဖျလောက်တုန်းက ကိုကွန်းဇော်ကို တွေ့လိုက်တယ်ဗျ"

"ဘယ်မှာတွေ့တာလဲ"

"ရွာတောင်ဘက်က ညောင်ပင်ကြီးအောက်မှာဗျ၊ ကျုပ်လည်း ဂျိုကုပ်မသားအမိ ပြန်မလာလို့ လိုက်ရာကအပြန်မှာ လှည်းလမ်းဘေးကပ်ပြီး ရပ်ထားတဲ့ လှည်းတစ်စီးတွေ့လို့ အနားကပ်ကြည့်လိုက်တော့ သူ"

ဖိုးထိန်က ငြိမ်သက်တွေးတောနေသည်။

"လှည်းနဲ့ ခပ်လှမ်းလှမ်းမှာလည်း လူနှစ်ယောက်ရပ်နေတာ မြင်ခဲ့တယ်။ ဒါပေမဲ့ ကျုပ်ကတော့ မသိချင်ယောင်ဆောင်ပြီး လာခဲ့တာပဲ။ အဲဒီတော့ ကိုကွန်းဇော်တို့ဟာ ညဦးကတည်းက လာချောင်းနေပြီး ခင်ဗျားမိန်းမ ဆင်းလာတာနဲ့ ပါးစပ်ပိတ်ပြီးဆွဲခေါ်၊ လှည်းဆီရောက်တော့ လှည်းနဲ့တင်သွား"

မဖြစ်နိုင်ပါဘူးကွာ ပြောချင်ပေမယ့် ဖိုးထိန်မပြောနိုင်။ မိမိကို ထွေးခင်နှင့် သဘောမတူသူများထဲတွင် ထိပ်ဆုံးက နေသူမဟုတ်လား။ သည်တော့ စံလှဘော်၏စကား မဖြစ်နိုင်ပါဘူး ကန့်ကျောက်မပြောသာ။

ထိုအခိုက် ဆွေမျိုးတစ်သိုက် စီစီညံညံဖြင့် ရောက်လာကြပြန်သည်။ အမေနှင့်ယဉ်မြ ပါမလာခဲ့ချေ။ နောက်တိုးလာသူများမှာ ညီမဝမ်းကွဲ အေးသွယ်၊ ညီဝမ်းကွဲ ထွန်းရှိန်၏ဇနီးငွေမျှင်တို့ ဖြစ်သည်။

စံလှဘော်ထံမှသတင်းကို ထပ်မံရရှိသည်တွင် ငြင်းကြခုံကြနှင့် ဆူနေတော့၏။ သည်အဆူ သည်အငြင်းထဲ ဖိုးထိန်မပါလို၊ တဲသစ်ကလေးပေါ်တက်ပြီး အိပ်ရာထဲ ဝင်ခွေ့မိသည်။

အိမ်သစ်ကလေးက အိမ်သစ်တို့၏ မြတ်နိုးဖွယ်ရနံ့ဖြင့် ထုံလှောက်နေသည်။ ဝါးလတ်လတ်ဆတ်ဆတ်အနံ့က မွှေး၏။ အမိုးအကာပြုထားသော ထန်းရွက်သစ်ရနံ့က ချို၏။ သည်တဲကလေးကို ညီအစ်ကိုတစ်စုနှင့် အပေါင်းအသင်းများက မင်္ဂလာဦးမောင်မယ်တို့အတွက် နေ့ချင်းပြီး ဆောက်ပေးခဲ့ကြသည်။

mgyoe.com

mgyoe.com

အိပ်ရာထဲအလှဲတွင် ထွေးခင့်ကိုယ်စား သင်းမြမြပြေရန့်က ကြိုဆိုသည်။ ကျောအောက်တွင် ခိုးလိုးခုလုရှိသဖြင့် နှိုက်ယူသည်။ မှောင်ထဲပေမင့် စိုက်ဘီးကလေး၊ ထွေးခင့်ဘီးဖြူကလေးပဲ သိသည်။

တဲရှေ့မှ ငြင်းခုံသံများကို ဖိုးထိန်မကြား။ အမှောင်ထဲတွင်ငေးမောရင်း စိတ်ရွက်လွှာသည် လွင့်ချင်ရာ လွင့်မျောသည်၊ လွင့်မျောပြန်တော့ ထွေးခင့်အကြောင်း။

ထွေးခင့်အကြောင်း ပြောရလျှင် ဂျပန်ငပုများအကြောင်း မပါ၍မဖြစ်၊ သည်ကောင်တွေကြောင့် ထွေးခင်ကို ဖိုးထိန် မြန်မြန်ခိုးဖြစ်သည်။

* * *

## ကာလပျက်ချိန်

ဂျပန်အကြောင်းပြောကြလျှင် အင်္ဂလိပ်ဆန့်ကျင်ရေး စိတ်ဓာတ်အကြောင်းကစ၍ အခြေခံရလိမ့်မည်။

ဖိုးထိန့်အဖေ ဦးပေါက်ကျော်သည် ရွာကျောင်းဆရာတော်ထံမှ ရက်ကျော်သတင်းစာများကို ယူ၍ဖတ်လေ့ရှိသည်။ သတင်းစာပါသတင်းများကို အခြေခံများ "မိစ္ဆာကောင်တွေ ငါတို့ကိုနှိပ်စက်သမျှ အခုဝဋ်လည်နေပြီကွ၊ အခု သူ့တိုင်းပြည်ကို ဂျာမဏီက ဗုံးကြဲတာ ဖွတ်ဖွတ်ညက်ညက် ကြေနေပြီလေ" စသည်ဖြင့် ပြောလေ့ရှိ၏။

တစ်ခါတစ်ရံလည်း....

"ဂျာမဏီ ဟစ်တလာဟာ စကြာမင်းတဲ့ကွ။ ဒါကြောင့် သူ့အလံမှာ စကြာ တံဆိပ် သုံးထားတာပေါ့"

"စကြာမင်းကို ဘိုးဘိုးအောင်ကယ်သွားတာ ဟိမဝန္တာတောက နန္ဒမူ

mgyoe.com

mgyoe.com


လိုဏ်ထဲမှာဆို တော်ရဲ့"

ဒေါ်လှမေ၏ အမေးအထောက်ခံရသောအခါ ဦးပေါက်ကျော် ဒေါသဖြစ်ချင်၏။

"ဟိမဝန္တာနဲ့ ဂျာမဏီကော ဘယ်လောက်ဝေးလို့လဲဟ၊ မသိအသာနေစမ်း"

မည်သို့ပင် ဖြစ်စေကာမူ ဦးပေါက်ကျော်သည် မြန်မာ၊ အင်္ဂလိပ် စစ်ပွဲသုံးကြိမ်အကြောင်းကို သားများအား ရံဖန်ရံခါပြောတတ်သည်။ ပြောသည့်အခါတိုင်း 'ခုခံသူ သူပုန်'ဆိုသော သံကြိုးစာအကြောင်းလည်း မကျေမနပ်ပြောသည်။ ထိုမှဆက်လက်၍ သမ္မတကြီး ဦးချစ်လှိုင်၊ ဦးစိုးသိမ်းတို့အကြောင်း သုပဏ္ဏက ဂဠုန်ရာဇာ ဆရာစံခေတ်တွင် ဝက်ထီးကန်၌ မိစ္ဆာများ ဝက်ဝက်ကွဲသေကြေပုံ။

ဤသို့ဖြင့် သားများတွင် မျိုးချစ်စိတ်ဝင်နေသလို နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်ကလည်း အင်္ဂလိပ်မုန်းတီးရေးအဖြစ်။ သန္ဓေတည်နေသည်။

တစ်နေ့သောအခါ 'ဆင်မင်းစံရာ' ဈေးမှအပြန်တွင် ဒေါ်လှမေမှာ ချွေးမှျမသုတ်နိုင်ဘဲ ပစ္စည်းဆန်းတစ်ခုကို ပြသ၏။

"ဖအေကြီးရေ ဟောဒီမှာကြည့်စမ်းတော်ရေ့၊ ဒင်္ဂါးအသစ်"

ဂျော့ဘုရင်၏ ခေါင်းချည်း ခတ်နှိပ်ထားသော နှစ်ထပ်ဒင်္ဂါးကိုပြသည်။

ဦးပေါက်ကျော်က ဒင်္ဂါးကိုဘယ်ပြန်ညာပြန်အထပ်ထပ်ကြည့်ရင်း နိမိတ်ဖတ်သည်။

"ဇမ္ဗူဒီပ နိမိတ်တတ်" တဲ့ဟေ့။ ဂျာမဏီ ဟစ်တလာရဲ့လက်ချက်နဲ့ မိစ္ဆာဘုရင် ခေါင်းပြတ်မယ့်နိမိတ်ပဲ"

ယခင်က ဒင်္ဂါးများတွင် ဒင်္ဂါးအနား၌ ခွေးသွားစိပ်သဖွယ် အစင်းများကန့်လန့်ခြစ်ထားသည်။ လူရုပ်မှာလည်း သံရဖူပါသည်ဖြစ်စေ မပါသည်ဖြစ်စေ၊ ကိုယ်နှင့်ခေါင်းနှင့်ဆက်နေသည်။ ဒင်္ဂါးသစ်တွင်ကား အနားကို

mgyoe.com

 mgyoe.com 

အလျားလိုက် အစင်းကြီးတစ်စင်း ခြစ်ထားသဖြင့် ဒင်္ဂါးနှစ်ပြားကို ကပ်ထားသည်နှင့်တူနေ၏။ ထို့ကြောင့်ပင် နှစ်ထပ်ဒင်္ဂါးခေါ်ကြသည်။

ယင်းနှင့်မရှေးမနှောင်း ထုတ်ဝေလိုက်သော တစ်ကျပ်တန်ငွေစက္ကူများမှာလည်း ဂျော့ဘုရင်၏ ခေါင်းသက်သက် ရိုက်နှိပ်ထား၏ တစ်ချိန်တည်းလိုလိုပင် ဂျပန်က စစ်ကြေညာကြောင်း ကြားရပြန်သောအခါ ဦးပေါက်ကျော်လက်ခမောင်းခတ်တော့သည်။

"ငါမပြောလား၊ မိစ္ဆာဘုရင် ခေါင်းပြတ်တော့မယ်လို့"

ဦးပေါက်ကျော် မမောနိုင် မပမ်းနိုင် သတင်းစာကြီး တကိုင်ကိုင်ဖြင့် အိမ်ပေါက်စေ့လုအောင်။ လိုက်လံသတင်းဖြန့်လွှန်းသဖြင့် သူ့ညီ ဦးသောင်းထိက သတိပေးရသည်။

"အစ်ကိုနော် အသံကြောင့် ဖားသေသတဲ့။ ကာကွယ်ရေးပုဒ်မဆိုတာ စစ်ပြီး ၆ လတဲ့ခင်ဗျာ့"

"ကွာ အရေးလုပ်လို့"

"ရွာထဲမှာလည်း လူကြီးတွေ ရှိတယ်ဆိုတာ သတိထားမှပေါ့ အစ်ကိုရဲ့။ ဘာနားမလည် ညာနားမလည်နဲ့ ဂါတ်တဲသွားပြီး မျက်နှာလို မျက်နှာရ သတင်းပေးမှဖြင့်..."

ပုလိပ် အင့်မတန်တန်ခိုးကြီးသည့်ခေတ် ဖြစ်သဖြင့် ဦးပေါက်ကျော်နှုတ်တုံ့မပြန်နိုင်ပေ။ အမှုဟူ၍ ပုဒ်မဟူ၍ မတပ်ဘဲ အကြောင်းမဲ့ ခြိမ်းခြောက်ငွေတောင်းလာလျှင် မကြာခဏ ဂါတ်တဲခေါ်ပြီး မေးမြန်းစစ်ဆေးနေလျှင် ဦးပေါက်ကျော်တို့ မည်သို့မျှ တုံ့ပြန်နိုင်မည်မဟုတ်ပေ။ ထို့ကြောင့် ဦးပေါက်ကျော် အသံတိုးတိမ်သွားခဲ့သည်။ ရင်ထဲတွင်ကား အင်္ဂလိပ် ပြေးပါတော့၊ ဂျပန်လာပါတော့၊ လာပါတော့ ဆုတောင်းသံများ ညံနေချေ၏။

သို့သော် သတိနှင့်ထိန်းထားပါလျက်က တစ်နေ့တွင် ဦးပေါက်ကျော် သတိလက်လွတ်ဖြစ်ရသည်။

mgyoe.com

"ချကုန်ပြီဟေ့ ချကုန်ပြီဟ"

"ဘုန်းကြီးကျောင်းမှ သတင်းစာယူပြီး ပြန်အလာတွင် ဦးပေါက်ကျော် ဝမ်းသာအားရ အော်ဟစ်၏။ သူသည် သတင်းစာကို ဝှေ့ယမ်းလျက် အိမ်ထဲ ဝင်လာသည်။ သူ့မျက်နှာက ရွှေအိုးကြီး ခလုတ်တိုက်မိသူအလား"

"ဘာတဲ့လဲတော့..."

"ရန်ကုန်ကို ဂျပန်က ဗုံးကြဲပြီသိလား"

ဦးပေါက်ကျော် ဝမ်းသာအားရ ရယ်မောသည်။ ဒေါ်လှမေသည် နေစာ လှုံနေရာက ဦးပေါက်ကျော်ကို မော့ကြည့်၏။ ဦးပေါက်ကျော် ရယ်မော ရွှင်ပျနေခြင်းကို နားမလည်နိုင်အောင် ဖြစ်နေသည်။

"ဗုံးကြဲရင် လူတွေသေမှာပေါ့တော်"

"ဟာ သေတာပေါ့။ ဂျပန်တပ်တွေလည်း ဗမာပြည်နယ်စပ်ရောက်နေပြီ တဲ့။ ဂျပန်တပ်တွေနဲ့အတူ သခင်အောင်ဆန်းတို့တပ်တွေလည်း ပါလာ သတဲ့"

"အဲဒါထားပြီး။ ဗုံးကြဲတာပြောစမ်းပါတော်"

"ဒီဇင်ဘာ ၂၃ ရက်နေ့ကတဲ့။ ဂျပန်လေယာဉ်ပျံ တစ်ရာကျော်ရောက်လာ ပြီး ပန်းဆိုးတန်းတဲ့၊ ဗိုလ်တထောင်တဲ့။ ပန်းဆိုးတန်းတဲ့ ဗုံးကြဲပြီး စက်သေ နတ်နဲ့ပစ်တာ တိုက်တာအိမ်ခြေတွေပြိုကုန်တယ်၊ မီးလောင်ကုန်တယ်၊ လူတစ်ရာကျော်သေပြီး ငါးရာလောက် ဒဏ်ရာရတယ်တဲ့'

"ဟင် တစ်ရာကျော်သေတယ်၊ ဟုတ်လား"

ဒေါ်လှမေမှာ ခင်ပွန်းသည် ဦးပေါက်ကျော်နှင့် ဆန့်ကျင်သည်။ ခြား နားသည်။ ဟင်....ဆိုကာ မော့လိုက်သော သူ့ပါးပြင်တွင် မျက်ရည်ဥကြီးများ လိမ့်လူးနေသည်။

"လူတွေ... လူတွေ သေကုန်ပြီ။ တော့်ဂျပန် ဘယ်.... ဘယ်မှာကောင်း လို့တုန်း"

mgyoe.com

 e.com 

မျက်နှာကို လက်ဝါးအုပ်ကာ ဒေါ်လှမေ ငိုချလိုက်ရာ ဦးပေါက်ကျော်မှာ တောင့်တောင့် ဆန့်ဆန့် ငေးငေးကြီးဖြစ်သွားလေ၏။

ခဏကြာမှ သူစကား တုံ့ဆိုနိုင်၏။

"မယ်လှရယ်၊ စစ်တိုက်ပါတယ်ပါဆိုမှ လူသေမှာပေါ့ဟာ"

ဒေါ်လှမေသည် ကျောပေါ်ခြုံလွှမ်းထားသော ပုဆိုးစုတ် ထောင့်စွန်းဖြင့် မျက်ရည်သုတ်လိုက်သည်။ သိချင်တာကိုလည်း မေးသည်။

"ဂျပန်လေယာဉ်ပျံတွေက ဗုံးကြဲလို့သေတဲ့ တစ်ရာကျော်ဟာ အင်္ဂလိပ်တွေလားဟင်..."

ဦးပေါက်ကျော် အိုးတို့အမ်းတမ်းဖြစ်ရပြန်ကာ သတင်းစာကို ငုံ့ကြည့်သည်။

"အင်္ဂလိပ် ဘယ်နှယောက်သေတယ်မပါဘူးဟ။ ကုလားတွေ အများကြီးသေတယ်တဲ့။ ကျန်တာကတော့ ဗမာနဲ့တရုတ်"

"ဒါဖြင့် ဒဏ်ရာရတာတွေများ အင်္ဂလိပ်တွေ ဖြစ်မလား"

"မပါဘူးဟ"

"ဒီလိုဆိုရင်တော့ ဂျပန် ဘယ်မှာကောင်းလို့တုန်း။ သူ့ကို ဘာမှမလုပ်တဲ့ ဗမာတွေကို သတ်သတဲ့"

ဒေါ်လှမေ ဟီးတိုက်၍ ငိုပြန်သည်။

"ဗျို့... ရီးပေါက်ကျော်၊ ဂျပန်တွေ ကျုပ်တို့ ပြည်ထဲဝင်လာပြီတဲ့ဗျ။ သတင်းစာထဲမှာ မပါသေးဘူးလား"

စိန်ကြီးဆိုသူဖြစ်သည်။ အဖျားစွန်းနှစ်ဖက်တွင် ကြိုးတပ်ထားသော ဝါးလုံးတစ်လုံးကို ထမ်းလျက် အိမ်ဝင်းထဲသို့ လည်ပင်းရှည်ကာ မေးနေသည်။ သူ့ကိုယ်တွင် ချွေးတွေရွှဲနေသည်။ ဝါးလုံးတွင်လည်း ဟိုတစ်ကွက်သည်တစ်ကွက် စိုနေသည်။ လယ်ထဲမှ ဝါးလှဲပြီး ပြန်လာခြင်း ဖြစ်၏။

ထို့နောက်တွင်လည်း သူ့ညီ ငရီက စိန်ကြီးနည်းတူ ဝါးတစ်လုံးထမ်း

mgyoe.com

mgyoe.com

ထားသည်။ ဦးပေါက်ကျော်က လှမ်းကြည့်ပြီး နှုတ်ဆက်သည်။

"စိန်ကြီးလားဟေ့ ဘယ်လယ်ကို လှဲခဲ့တာလဲကွ"

"တောင်ဘက်လယ်ပါဗျာ။ ရွှံ့နင်းမခံသေးတာနဲ့ အစောကြီးသိမ်းလာရတာ၊ နို့ပြောပါဦး သတင်းစာထဲပါတာ"

"ရန်ကုန်ကို ဂျပန်လေယာဉ်ပျံတစ်ရာကျော်က ဗုံးကြဲသတဲ့ကွ။ လူတွေလည်း သေလိုက်တာသောက်သောက်လဲပဲ"

စိန်ကြီးမျက်နှာ ဝင်းလက်သွားကာ "ဒါမှ တို့ဂျပန်ကွ" ဟု လက်သီးမြှောက်ကာ အော်လိုက်ပြီး....

"မပူနဲ့တော့ ရီးပေါက်ကျော်ရေး၊ ဂျပန်တွေလာရင် ပိုးဖဲကတ္တီပါချည်းဝတ်ရတော့မှာဗျ။ ကျုပ်တို့ တိုင်းသူပြည်သားတွေ အခုဝတ်နေတဲ့ ရွှေတွေလည်း အရည်မမီဘူးဆိုပြီး အကုန်သိမ်း ပင်လယ်ထဲလွှင့်ပစ်။ တစ်ကျပ်သားကို နှစ်ကျပ်သား အစားပေးမှာဗျ"

ယုတ္တိတန်သည် မတန်သည်အပထား။ ဒေါ်လှမေ ပါးစပ် ဟောင်းလောင်းဖြင့် စိတ်ဝင်စားလာရသည်။ သို့မို့ကြောင့် လှမ်းမေးမိ၏။

"ဟုတ်မှလည်းပြောပါ စိန်ကြီးရယ်...၊ နင့် ဘယ်သူပြောလို့လဲ..."

"ဟုတ်ပါတယ်ဗျာ၊ မြို့ထဲကကြားခဲ့တာ"

စိန်ကြီးညီ ငရီသည် လမ်းတစ်နေရာကို မျှော်ကြည့်ပြီး စိန်ကြီးကို လက်ကုတ်၏။ ငရီမျှော်ကြည့်သောဘက်မှ လာနေသူမှာ ရွာခေါင်း ဦးဖိုးဆောင်ဖြစ်၏။ သို့ရာတွင် စိန်ကြီးမျက်နှာတွင် မထီတရီအသွင်များပင် ပေါ်လာကာ ထပ်ဆင့်ပြီး အော်ပြောလိုက်ပြန်၏။

"ဗမာတွေကလည်း တပ်မတော်ကြီးဖွဲ့ပြီး ပါလာသတဲ့ဗျ။ စစ်ဗိုလ်ချုပ်ကြီးက သခင်အောင်ဆန်းတဲ့။ သေနတ်ပြီးရုံဘာမကလဲ၊ ရှိန်းဆာယာပိုမောက်ပြီး ကိုယ်တောင်ပျောက်သတဲ့။ နှယ်နှယ်လူစွမ်းကောင်း မဟုတ်ဖူးနော"

mgyoe.com

mgyoe.com


စိန်ကြီး၏ စကားအဆုံးတွင် ရွာခေါင်း ဦးဖိုးဆောင်က ငရိုနှင့်စိန်ကြီး ကြားတွင် ရယ်ကြဲကြဲနှင့်ရပ်သည်။

"အရေးပိုင်မင်းက ဆုငွေငါးကျပ်နဲ့ ဝရမ်းထုတ်ထားတဲ့ အောင်ဆန်းကို ပြောနေတာလား သူအခုဘယ်မှာတဲ့လဲ"

"စစ်ဗိုလ်ချုပ်ကြီး ဖြစ်နေပြီဗျ"

"အေး....ဟေးဟေး စကားကြည့်ပြောကွနော်...."

စိန်ကြီးကို ငေါက်ဆတ်ဆတ်ပြောကာ သူ့လမ်းကို သူဆက်ရင်း ဦးပေါက်ကျော်ကိုကား ခပ်ပြုံးပြုံးကြည့်သွားသည်။ သူ့အပြုံးက မဲ့ရွဲ့ပြသည်ထက် အဓိပ္ပာယ်မြားမြောင်လှပေသည်။

စိန်ကြီးကတော့ ဦးဖိုးဆောင် ကြားလောက်အောင် အသံထွက်ကာ 'ထွီ' ခနဲ တံတွေးထွေးလိုက်သည်။

"အလကား အလိုတော်ရိ၊ ပြည့်အစေခံ"

ပြည့်အစေခံဟူသည် ပြည်သူ့ဝန်ထမ်းဟူ၍ အဓိပ္ပာယ် မသက်ရောက်ပေ။ ဗြိတိသျှအစိုးရ ခိုင်းဖတ်သက်သက်၊ မျိုးချစ်စိတ်မရှိသူ၊ အလကား လူဟူ၍ ထိုအချိန်က အဓိပ္ပာယ်ဖွင့်ဆိုကြသည်။

စိန်ကြီးမှာ ဦးဖိုးဆောင်ကို ဒေါသဖြင့်လှည့်၍ မျက်စောင်းခဲရာက ပြန်လှည့်အလာတွင် နောက်ထပ်မျက်စောင်းထိုးစရာတစ်ယောက်ကို ဆုံရပြန်သည်။ ထိုသူမှာ ဦးပေါက်ကျော်၏သား ဖိုးထိန်ဖြစ်၏။

ဖိုးထိန်ကလည်း စိန်ကြီး၏မျက်စောင်းကို မျက်စောင်းဖြင့်ပင် တုံ့ပြန်နှုတ်ဆက်ကာ အိမ်ဝင်းထဲဝင်လာလည်။ စိန်ကြီးမှာလည်း မျက်နှာကြော မတည့်သူ ဝင်လာသောစကားဝိုင်းတွင် ဆက်မနေတော့ဘဲ ထွက်သွားလေသည်။

မိခင်ဒေါ်လှမေ မျက်နှာမကောင်း၊ ပါးပေါ်တွင်မျက်ရည်စတွေနှင့်။ တန်တော့ အဖေနှင့် စကားများပြီ။ သို့သော် အဖေ့ကြည့်ရသည်မှာ တစ်စုံတစ်ရာ

mgyoe.com

မျှော်လင့်ခိုးဖြင့် တက်ကြွနေသည်။ လန်းဆန်းနေသည်။ ထို့ကြောင့် ဦးပေါက်ကျော်ဘက်သို့ တိုးကပ်လာသည်။

"ဘယ်မှာဆိုလား ဗုံးကြဲတယ်ဆိုတာ.ဟုတ်သလားအဖေ။ သတင်းစာထဲမှာများ မပါဘူးလား"

ဦးပေါက်ကျော် အားပါးတရအပြုံးဖြင့် ဝင့်ကြွားစွာဖြေသည်။

"ရန်ကုန်မှာပါသားရဲ့။ ဂျပန်လေယာဉ်ပျံတစ်ရာကျော်က လာချသွားတာ"

"ဒါကြောင့်ကိုး"

ဦးပေါက်ကျော်မှာ ဖိုးထိန်ကို ငဲ့စောင်းကြည့်ရသည်။ ဖိုးထိန် ဆံပင်ညှပ်ရာကပြန်လာသည်။ သို့ဖြစ်လျှင် ဆင်မင်းစံရာမှ သတင်းထူးကြားလာဟန်ရှိသည်။

"ဘာများကြားခဲ့လို့လဲကွ"

"ရာမချစ်တီးယား၊ စလင်မှာ မရှိတော့ဘူးတဲ့ အဖေရ ပြေးပြီတဲ့..."

"ဘယ်ကို ပြေးတာလဲ"

"ဘင်္ဂလားကိုပေါ့ အဖေရ"

"မင့် ဘယ်သူပြောလဲ"

"ဒန်ကရားနဲ့တွေ့ခဲ့တာ အဖေရဲ့။ ဒါပေမဲ့ သူကတော့ မပြောပါဘူး။ ကော်ဖီရည်တွေ ဘာတွေတောင် ဝယ်တိုက်သေးတယ်"

"ဟာ–ကျားသားမိုးကြိုးပါကလား"

ရာမချစ်တီးယား ဆိုသူမှာ စလင်းနယ်မြေတစ်လွှားတွင် လယ်မြေဧကများစွာ ပိုင်ဆိုင်သူဖြစ်သည်။ ဦးပေါက်ကျော် လုပ်ကိုင်သော လယ်မြေတချို့ကို ဤချစ်တီးက ပိုင်ဆိုင်ရာ ချစ်တီးကိုယ်စားလှယ် ဒန်ကရားနှင့်အများဆုံး ဆက်ဆံကြရသည်။ သခင်အားရ ကျွန်ဒဏ်ဝ ဆိုသည့်အတိုင်း ချစ်တီးထက် ချစ်တီးကိုယ်စားလှယ်က ဆိုသည်။ ရာမချစ်တီးယား၏လယ်ကို

mgyoe.com

mgyoe.com


လုပ်သူတိုင်းအား သူ့ကျေး၊ သူ့ကျွန်၊ သူ့တပည့်လက်သားသဖွယ် သဘော ထားသည်။

သည်မှ မောက်မာခက်ထန်သူက ကော်ဖီတိုက်လိုက်သည်ဆိုသောအခါ ဦးပေါက်ကျော်စကားအတိုင်း ကျားသားမိုးကြိုးပါကလား။

"ဒန်ကရားက ပြောတယ်အဖေ။ ကျွန်းကိုင်းမို ကိုင်းကျွန်းမှီပေါ့ကွာတဲ့။ လယ်ထောက်ခကို နည်းနည်းပါးပါး လျှော့ယူမယ်တဲ့။ ဒါဟာ... မင်းတို့ကို သနားလို့တဲ့"

"အင်းအင်း... ကျေးဇူးပါပဲ မောင်ရာ"

"အဲဒီကုလားနဲ့ လူချင်းခွဲလာပြီး ကွမ်းယာဆိုင်မှာ ပိုလိုတစ်လိပ်ဝင်ဝယ်တော့ ဈေးမြောက်ဘက်က ပရိက္ခရာရောင်းတဲ့ သခင်ဌေးက ဆီးပြောတယ်။ ဟိုကုလား မင့်ကိုကပ်ပြီး ဘာလာချွဲတာလဲတဲ့။ ကျုပ်က အကျိုးအကြောင်း ပြောပြတော့ တစ်စိမှမပေးနဲ့ဟော့။ ချစ်တီးလည်း မရှိတော့ဘူး။ မင်းတို့မပေးလည်း သူ ဘာမှမတတ်နိုင်ဘူးလို့ ပြောလိုက်သဗျား"

ဦးပေါက်ကျော် တွေတွေကြီးဖြစ်သွားသလို ဒေါ်လှမေမှာလည်း လင်နှင့်သားကို ငေးကြည့်နေရှာသည်။

ဦးပေါက်ကျော်သည် ဝံသာနုစိတ်ရှိသူ၊ သတင်းစာဖတ်ခြင်းဖြင့် မျက်လုံးပွင့်အောင် ကြိုးစားသူဖြစ်သော်ငြား ရာမချစ်တီးယားကို မတရားသောနည်းဖြင့် လယ်မြေတွေပိုင်ဆိုင်ထားသူအဖြစ်မမြင်။ လယ်ထဲက အမှိုက်တစ်ပင်သော်မှ ကူကောက်မပေးသူအား လယ်ထွက်စပါးတစ်ဝက်ကို ရာမချစ်တီးယား ညွှန်ပြသောနေရာ အရောက်ပို့ဆောင်ပေးဆက်ရခြင်းကိုလည်း မတရားဟုမမြင်တတ်။ ကျွန်ကြီးငနွားလုပ်ပြီးမှ လုပ်စာ၏ တစ်ဝက်ကိုသာ ရရှိသော မိမိတို့အနေအထားကိုလည်း တရားသည် ဟူ၍သာ ထင်နေသေးချိန်ဖြစ်ရာ ဖိုးထိန်မှတစ်ဆင့် သခင်ဌေး ပြောလိုက်သော လှုံ့ဆော်စကားကို အားပါးတရ ထောက်ခံရန် အလွန်တုံ့နှေးနေသည်။ သို့ကြောင့် မည်သည့်စကား ပြောရ

mgyoe.com

mgyoe.com

မည်မသိ ဖြစ်နေခြင်းဖြစ်ပေသည်။

ငြိမ်သက်နေသော သားအဖကို ဒေါ်လှမေ့ စကားက ကိုင်လှုပ်လိုက်ချေ၏။

သူ့သီးစားခမပေးရင် နောက်ဘဝ 'မြေ' ခံရမှာပေါ့တော်။ ဒီဘဝမှာကော ချစ်တီးကနေမလား၊ ရုံးပြင်ကနားတက်ပြီး တရားစွဲ လယ်ပြန်သိမ်းမှဖြင့်"

"တယ်မက်တာကိုး မယ်လှရဲ့၊ မင်းပြောင်းမင်းလွဲ ဖြစ်တော့မယ်ကွ၊ လယ်ရှင်ချစ်တီးလည်း ဂျပန်ကိုကြောက်လို့ ကုလားပြည်ပြေးပြီ"

"အရာကြီးက တစ်သက်လုံးပြန်မလာတော့ဘူးတဲ့လား"

သည်စကားကို ဦးပေါက်ကျော် ရုတ်တရက် အဖြေမပေးတတ်ပါ။ အမေးစကားက တိုတောင်းသော်လည်း တွေးရမည့် ကြောင်းလျှားက တမျှော်တခေါ်ကြီးဖြစ်သည်။

ဂျပန်တွေက ဗမာပြည်ကိုသာမက အိန္ဒိယကိုပါ သိမ်းပိုက်ပါပြီတဲ့။ အင်္ဂလိပ်ကလည်း ဂျပန်ကိုမနိုင်သောကြောင့် အရှုံးပေးလိုက်ရပါပြီတဲ့၊ ထိုရာမချစ်တီးယားသည် ဗမာပြည်သို့ တစ်သက်လုံးပြန်မလာတော့ဘဲ သူ့လယ်သူ့မြေတွေကို တစ်သက်လုံး စွန့်လွှတ်သွားတော့မည်လား။

ရှိသေးသည် နောက်တစ်ကြောင်း။

အိန္ဒိယကို ဂျပန်မသိမ်းမီ ဂျပန်နှင့် အင်္ဂလိပ်စစ်ပြေငြိမ်းလိုက်သည် ဆိုကြပါစို့။ သူ့လယ်မြေတွေရှိသော ဗမာပြည်သို့ ရာမချစ်တီးယားပြန်မလာတော့ဘူးတဲ့လား။ နိုင်ငံတကာ တရားဥပဒေဟူသည် မရှိသလော။ နိုင်ငံပေါင်းချုပ် အသင်းကြီးမှ စကားမဆို တရားမဆိုင်နိုင်ပြီလော။

ဦးပေါက်ကျော် ဗဟုသုတရှိသလောက် တွေးကြည့်သည်။ တတ်သလောက် မှတ်သလောက် မျှော်ခေါ်ကြည့်သည်။ သူ့အတွေးအာရုံမပြီးပြတ်မီ အာရုံသစ်တစ်ရပ် ဝင်လာသည်။

လူစိမ်းများ စီးနင်းလိုက်ပါလာသော ရထား(မြင်းလှည်း)သုံးစီး၊ လူစိမ်း

mgyoe.com

mgyoe.com


တွေ ရမောင်းနှင်းလာသော နွားလှည်းဆယ်စီး။

ရှေ့ဆုံးမြင်းလှည်းသည် ဦးပေါက်ကျော်တို့ အိမ်ရှေ့ရပ်တန့်ကာ မြင်းလှည်းသမားက အော်မေးသည်။

"ကိုသာအောင်၊ မငွေခင်တို့အိမ် ဘယ်နားမှာလဲဗျို့"

ဖိုးထိန်မှာ ကူညီရမည့်ဝတ္တရားကို မေ့နေသည်။ ရထားပေါ်က တောက်ပြောင်မွန်ရည်သူတွေကို ကြည့်ငေးနေမိသည်။ နွားလှည်းပေါ်တင်ဆောင်လာသော စားပွဲတွေ၊ ကုလားထိုင်တွေကို တအံ့တဩငေးမောနေသည်။ ထို့ကြောင့် ဒေါ်လှမေက လမ်းညွှန်လိုက်ရသည်။

သားအမိ သားအဖသုံးယောက်သည် ရထားများ လှည်းများ ဖုန်လုံးထဲဝင်ရောက်ပျောက်ကွယ်သွားမှ သတိရကြ၏။

"သာအောင်၊ ငွေခင်တို့ရဲ့ အသိမိတ်ဆွေဖြစ်မယ်ထင်တယ်" ဦးပေါက်ကျော်၏ ရေရွတ်စကား။

"ဆွေမျိုးသားချင်းများလား အဖေ"

"ဘယ်ကလာကြတာပါလိမ့်"

သားအမိနှစ်ယောက်၏အမေးကို ဦးပေါက်ကျော် ခေါင်းရမ်းပြကာ "ဆွေမျိုးသားချင်းတော့ မဖြစ်နိုင်ဘူး။ မိတ်ဆွေသင်္ဂဟထဲက ဖြစ်လိမ့်မယ်ထင်တယ်။ အင်း....ကာလကြီးတော့ ဗရုတ်ဗရက်ဖြစ်လာပြီ ဟေ့" နောက်ဆုံးစကားလုံးကို မြှင့်၍အော်လိုက်သည်။

"ကာလကြီး ဗရုတ်ဗရက်ဖြစ်ပြီဆိုရင် ထမင်းခြောက်တွေ ဘာတွေများလှန်ထားရကောင်းမလား ဖအေကြီး"

ဒေါ်လှမေ၏ အိမ်ရှင်မကောင်းတစ်ယောက်၏ တွေးမျှော်စကား။

"သတိဆိုတာ ပိုတယ်မရှိဘူးပေါ့ မယ်လှရာ"

"ကာလကြီး ဗရုတ်ဗရက်ဆိုလို့၊ ဘတို့အဘွားတို့လက်ထက်က ကာလကြီးပျက်တယ်ဆိုတာ သွားသတိရတယ်။ စားပြလည်းကြောက်ရ၊ တော

mgyoe.com

mgyoe.com


ကြောင်လည်း ကြောက်ရ၊ တောင်ပံနီတို့ ကုလားဖြူကုလားမဲတို့လည်း ကြောက်ရဆိုကိုးတော့။ တစ်ခါတလေများ တောထဲမှာ လေးငါးရက်ဆက်ပြီး ပုန်းနေရတော့ ထမင်းခြောက်ကို ပါးစပ်ထဲ ငုံထားရသတဲ့"

"ဘာပြုလို့ ငုံထားရတာလဲ အမေ"

"ပါးစပ်ထဲငုံထားတော့ တဖြည်းဖြည်းပွလာပြီး ထမင်းဖြစ်သွားတာပေါ့ သားရဲ့။ သူ့ကိုမျှိုချချ၊ ဝါးစားစား ထမင်းစားတာနဲ့ အတူတူပေါ့။ တချို့တော့ လည်း ပေါက်ပေါက်ဆုပ်တို့၊ ဘိစပ်ဆုပ်တို့၊ နာနတ်ဆုပ်တို့ ဆောင်ထားရ သတဲ့။ မသိုးနိုင် မပုပ်နိုင်တဲ့ အစားအစာပေါ့ကွယ်"

ဖိုးထိန်မှာ ခေါင်းတညိတ်ညိတ်ဖြစ်နေရာက "ဘိစပ်ဆုပ်ဆိုတာ ပဲပိစပ် ကို ဆုပ်ထားတာမဟုတ်လားဟင်" အမေးပြုသည်။

"ဒါပေါ့သားရဲ့၊ နာနတ်ဆိုတာကတော့ အသီးစားရတဲ့ နာနတ်မဟုတ် ဘူး။ တောနာနတ်လို့ခေါ်တဲ့ နာနတ်ရိုင်း ရှိသေးတယ်။ အူကို စင်းရေအထပ် ထပ်ဆေးပြီး ယိုထိုးသလိုလုပ်၊ အနှဆုပ် ဆုပ်သလို ဆုပ်"

သားအမိ စကားကောင်းနေကြစဉ် ဖိုးထိန်အောက်အငယ်မ မိယဉ်မြ သည် မြက်ထုံးကြီးရွက်လျက် အိမ်ဝိုင်းထဲ ဝင်လာသည်။ မြက်ထုံးကြီးမှား လွန်းသဖြင့် လူမှာ မနိုင်မနင်းနှင့် လဲမလို ပြိုမလို ပြေးလာနေသည်။

"ဒီကောင်မလေး သေတော့မှာပဲ၊ မတန်တဆကြီး ရွက်လာရသလား"

အော်ဟစ်မာန်မဲရင်း မြက်ထုံးကို ပြေးယူသည်။ ယဉ်မြမှာ အိမ်ရှေ့ခုံ ရှည်ကလေးပေါ် ဝင်ထိုင်ရင်း၊ မြက်တွေ မွေးထားရင် လူခိုးလွန်းလို့ ရိတ်လာ တာ။ သူကပဲ အပြစ်ပြောရသေး" ဟု ဆီမန်းမန်းနေသည်။

ဦးပေါက်ကျော်မှာ ချွေးသီးချွေးပေါက်ကျနေသော သမီးကို တစ်ချက် ပြုံးကြည့်ရင်း "မယ်လှရေ ငါဟိုဘက်ပိုင်း ခဏလျှောက်လိုက်ဦးမယ်" ဆို ကာ ထွက်သွားသည်။

ဘယ်သွားမလို့လဲ ဒေါ်လှမေ မမေးလိုက်ပါ။ ဟိုဘက်ပိုင်းခဏ ဆိုသည်

mgyoe.com

mgyoe.com


မှာ ယခုတွင် အိမ်ရှေ့မှ ရထားများလှည်းများဖြင့် ဖြတ်သန်းသွားသော ဧည့်သည်များကို လေ့လာရန်၊ အကဲခတ်ရန် ကိုအောင်တင်၊ မငွေခင်တို့ အိမ်ဘက်သို့ သွားမည်ဆိုသည်ကို မမေးဘဲ သိလိုက်ပါသည်။ ရပ်ရွာလုံခြုံရေးအတွက် လူစမ်း သူစိမ်းကို အကဲခတ်ရမြဲ လေ့လာမြဲဖြစ်၏။

ဒေါ်လှမေ မီးဖိုဘက်ဝင်သွားလျှင် နွားစာစဉ်းသည့် အဖီလေးဘက်မှ ဖိုးထိန်တဖျောင်းဖျောင်း တဖုံးဖုံး နွားစာစဉ်းသံ ကြားရသည်။ ယဉ်မြသည် အမောဖြေပြီးနောက် နွားစာစဉ်းသည့် တဲဘက်လျှောက်လာသည်။ ဖိုးထိန်နှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်ကာ စေ့စေ့စပ်စပ်ကြည့်သည်။

"ဩ.....အစ်ကိုလေး ဘိုကေအသစ်ကြီးကို 'ဒုန်းခံ' တော့မလို့ပေါ့လေ"

ဖိုးထိန်က ပြုံးပြီး မော့ကြည့်ရာက ဓားဖြင့်ရွယ်လိုက်သည်။

"ဓားနှောင့်နဲ့ ထုလိုက်ရမလား"

ယဉ်မြအသံစာစာနှင့်ရယ်မောကာ ကိုယ်ကိုရှေ့သို့ကိုင်းပြီး စိတ်တဝင်တစားပြောသည်။

"ရီးအောင်တင် ရီးငွေခင်တို့အိမ်မှာ ရေနံချောင်းက ဧည်သည့်တွေ ရောက်နေသတော့"

"ရေနံချောင်းက ဟုတ်လား"

"ဟုတ်တယ်၊ ဝတ်ထားလိုက်တာလဲကျော့လို့၊ မျက်ခုံးမွေးဆိုတာ တကယ့်သေးသေးလေး။ သနပ်ခါးကလည်း ခြေဆုံးခေါင်းဆုံးလိမ်းထားတာပဲ။ မင်းသမီးလေး ကျနေတာပဲ။ ဆံပင်ကလည်း လေယူရာ တိမ်းကလေးနဲ့တော့"

"လူ ဘယ်နှယောက်တဲ့လဲဟ၊ ရီးအောင်တင်တို့နဲ့ ဘာတော်သတဲ့လဲ"

"အခုပြောင်းလာတာက သုံးဦးဆိုကိုး အစ်ကိုလေးရဲ့။ လူကတော့ ဆယ့်လေးငါးယောက်လောက်ရှိမှာပဲ။ တစ်ယောက်က အစ်ကိုလေးတို့ ကျုပ်တို့ မမွေးခင်က ဒီရွာကပြောင်းသွားတဲ့ ဦးဖိုးယုန် ဒေါ်နှောင်းရဲ့သားတဲ့၊ ကျန်တဲ့

mgyoe.com

mgyoe.com


နှစ်အိမ်ထောင်ကတော့ အဲဒီ ဦးဖိုးယုန် ဒေါ်နှောင်းသားနဲ့တစ်နွယ်ငင် တစ်စင် ပါတွေပေါ့လေ။ မုန့်ကြီးတွေကလည်း အကြီးကြီးတွေပဲကို လေးရာ၊ စားပွဲတွေ ကုလားထိုင်တွေကလည်း ဖိတ်ဖိတ်ကိုတောက်နေတာပဲ'

ဖိုးထိန်မှာ ကုလားလက်ဖက်ရည်ဆိုင်မှ စေကော့ဘိလပ်ရည်ကြော်ငြာ သံပြား ဖုံးထားသော စားပွဲမည်းမည်းနှင့်ကုလားထိုင် စုတ်ပြတ်ရာဇာကိုသာ မြင်ဘူးရကား "ဟေ–ဟုတ်လား" က လွဲ၍ ပိုမပြောတတ်။

"ပြောရဦးမယ်အစ်ကိုလေးရဲ့" ယဉ်မြ ပါးစပ်ပိတ်ကာ တစ်ချက်ရယ် လိုက်သည်။

"အဲဒီမှာ အပျိုမလေးသုံးယောက် ပါတာကိုး။ တစ်ယောက်က ဆံပင်ကို ပိုက်အုပ်ထားသတော့ အံ့ရော–အဲဒါတွေကို စိန်ကြီးရယ် မြင်မြင်ချင်း ပိုးတော့ တာပဲ အစ်ကိုလေးရေ့။ စားပွဲတွေ ကုလားထိုင်တွေကို ချွေးတလုံးလုံးနဲ့ သယ်ပေးနေလေရဲ့"

ဖိုးထိန်မှာ မြက်ပင်များကို စီညီစေလျက် 'နန်းတိုင်' ထဲထိုးသွင်းနေ သည်။ ယဉ်မြက လှစ်ခနဲပြုံးကာ နောက်ဆုတ်လိုက်သည်။

"မြို့သူအပျိုမတွေကို စိန်ကြီး ပိုးနေတော့ အစ်ကိုလေးအတွက် တစ်ရန် အေးသွားတာပေါ့နော်၊ နို့မို့ရင် မထွေးခင်ကို လာလာပြီး"

"တယ်....ဒီကောင်မလေး"

ဖိုးထိန် ဓားကိုင်ကာ ထရပ်သည်။ သည်အရည်ကိုကြိုမြင်သောကြောင့် ပြင်ဆင်ထားခဲ့သော ယဉ်မြက သာသာလွင်လွင်ရယ်မောလျက် ပြေးထွက် သွားလေပြီ။

ပေပင်လှရွာဦးတွင် ကျက်သရေထိန်ဝေနေသည်။ ရွာဦးက ခွ၍ တည်နေ သော အိမ်ကလည်း အိမ်ကြီးအိမ်ကောင်း။ ယခု ညဉ့်အမှောင်ကို ထွင်းဖောက် လျက် ထိန်လင်းသော အောက်လင်းဓာတ်မီးရောင်ဖြင့် ရွာကျက်သရေကို ဆောင်နေပြန်ပေပြီ။ ရွာ၏ ဘယ်နေရာကကြည့်ကြည့် အောက်လင်းဓာတ်မီး

mgyoe.com

mgyoe.com


ရောင်ကို ထင်ထင်ရှားရှား ထူးထူးခြားခြား မြင်နေရသည်။ မြင်ရသူတိုင်းက မည်သည့်ကိစ္စအတွက်ပါလိမ့် အချင်းချင်း မေးမြန်းကြသည်။

"ဦးမြတ်သာ ဒေါ်ရွှေမတို့က ဆန်ဝေမလို့တဲ့။ ဆန်ယူတဲ့ အိမ်ထောင်တိုင်းကို ဆန်တစ်ခွဲနဲ့ မျက်နှာသုတ်စောင်တစ်ပိုင်းစီ ဝေမှာတဲ့"

ထိုသတင်းသည် လိုချင်မျက်စိရှိသူများနှင့် အမှန်ဆင်းရဲသူများအတွက်မူ စိတ်ဝင်စားစရာဖြစ်သည်။

"ကျုပ်တို့အဖေကတော့ မယူဘူးတဲ့ဗျ"

သည်သတင်း ပြန့်လွှားလာသော စကားဝိုင်းတွင် ထွန်းမှိန်က ရင်ကော့၍ ကြေညာလေသည်။ စကားဝိုင်းစည်ကားနေသောနေရာမှာ ကိုသာအောင် မငွေခင်တို့ အိမ်ရှေ့တွင် ချခင်းထားသော စားပွဲများတွင် ဖြစ်ပေသည်။

ဤစားပွဲ၊ ဤကုလားထိုင်များကို ပိုင်ဆိုင်သူမှာ ဧည့်သည်တစ်ဦး ဖြစ်သော ကိုလှဒင်ဖြစ်သည်။ သူသည် သူ့မိသူ့ဖ၏ ဇာတိချက်မြှုပ်ဒေသသို့ ပြေးလွှားလာခဲ့သည်ဆိုစေကာမူ အနေဝေးအခွာကြာသည်မို့ လူစိမ်းဖြစ်နေပေပြီ။

ပြောင်းရွှေ့လာကြသော သုံးအိမ်ထောင်အနက် ကိုဘမောင်ဆိုသူမှာ ရေနံမြေအလုပ်သမားဖြစ်၍ အဆင်းရဲဆုံး၊ လူစိမ်းကိုလည်း ကြောက်စရာမလို၊ တောကြောင်ကိုလည်း ရွံ့စရာအကြောင်း မရှိချေ။ နောက်တစ်ယောက် ကိုခင်မောင်ဦးကား ဘီအိုစီစာရေးဖြစ်သည်။ စာအုပ်သေတ္တာ၊ စာအုပ်ဗီရိုစသည်၊ အိပ်ရာ ခုတင် စားပွဲ ကုလားထိုင်တို့ပါလာငြား၊ စင်စစ် ကိုလှဒင်၏ အဆောင်အယောင်ကို မမီပေ။ ပစ္စည်းဥစ္စာချင်းကား ယှဉ်ရန်ပင် မလိုတော့ချေ။ လှည်းဆယ်စီးဖြင့် တင်လာသောပစ္စည်းများတွင် ခုနစ်စီးမှာ ကိုလှဒင်၏ အဆောင်အယောင်များသာ။

ထိုအခါ ကိုလှဒင်မှာ စားပွဲကုလားထိုင်တွေကို အိမ်ရှေ့ချခင်းပေးအားဖြင့် အိမ်သာယာအောင် လုပ်ရသည်။ အိမ်သာယာ၍ ရောက်လာသော

mgyoe.com

mgyoe.com


ဧည့်သည်များ ခင်မင်နှစ်သက်စေရန် ကော်ဖီနှင့် လက်ဖက်ရည်အချို ဘီစကွတ်မုန့်များ တည်ခင်း၍ ဧည့်ခံသည်။

ဧည့်သည် သုံးအိမ်ထောင်တွင် မိန်းမပျို ၄ ယောက်ပါလာ၏။ ယင်းတို့အနက် ကိုဘမောင်၏ခယ်မမှာ ဆင်းရဲသူမမို့ ပေပင်လှကာလသားများ မျက်စိမစူး။ ကိုခင်မောင်ဦးညီမ ဝေဝေ၊ ကိုလှနှင့်သမီး မေမေသန့်၊ မြင့်မြင့်ဆွေ တို့ကိုသာ ကာလသားများ အာရုံရောက်ကြသည်။ ကာလသားကြိုက်ပစ္စည်း ကလည်းရှိ၊ ဖော်ရွေမှုကလည်းရှိသောအခါ ကိုသာအောင်၊ မငွေခင်တို့အိမ်မှာ နေ့ချင်းညချင်း စည်ကားစိုပြည်လာလေ၏။

ဤအိမ်သို့ ယောကျ်ား၊ မိန်းမ၊ လူကြီး၊ လူရွယ်၊ လူလတ်၊ လူပျို လူအိုအားလုံး ဝင်ထွက်ကြသည့်အနက် ကာလသားလူလွတ်များမှာ အိမ်အလုပ်ပြီးသည်နှင့်တစ်ပြိုင်နက် ရောက်လာကြတော့သည်။ လာကြသူများတွင် အချင်းချင်းအုပ်ဖွဲ့စကားပြောကြသည်။ အိမ်ရှင်များနှင့်လည်း ဟိုနားတစ်စု သည်နားတစ်စု ဝိုင်းဖွဲ့စကား လက်ဆုံကျကြရာ ဖိုးထိန်နှင့်ထွန်းမှိန်တို့မှာ ကိုခင်မောင်ဦးနှင့် စကားလက်ဆုံကျသော အဖွဲ့ဖြစ်သည်။ သည်အဖွဲ့တွင် ထွန်းရှိန်၊ စံလှဘော်နှင့် ခွေးမောင်လည်း ပါဝင်သည်။

"ကျုပ်တို့ကတော့ ဧည့်သည်မို့ ခင်ဗျားတို့ကို မိတ်ဖွဲ့ရတယ်ထားတော့။ တစ်ရွာထဲသားဖြစ်တဲ့ ဦးမြတ်သာက ဘာဖြစ်လို့ဆန်ဝေရတာလဲ။ ကြောက်လို့ မျက်နှာချိုသွေးတယ်ဆိုတာ ရှင်းနေတယ်မဟုတ်လား"

ကိုခင်မောင်ဦး စကားအဆုံးတွင် ထွန်းမှိန်က "ကျုပ်တို့အဖေကတော့ မယူဘူးတဲ့ဗျ" ရင်ကော့ပြောရာ ခွေးမောင်က အားငယ်သံဖြင့် ကြေညာသည်။

"တို့ကတော့ ယူရမယ်မောင်ရာ။ ဆန်တစ်ခွဲဆို နည်းသလား။ တရားသဖြင့် ရတဲ့ဥစ္စာ"

"ဒါပေါ့ကွာ ယူရမှာပေါ့။ မင်းသွားရင် ငါ့ခေါ်နော်၊ ငါလည်းလိုက်မယ်"

mgyoe.com

 oe.com 

ဖိုးထိန်က ခွေးမောင်ကို နှစ်သိမ့်စကားဆိုရင်း အဖော်စပ်သည်။

"မသိလို့ မေးစမ်းပါရစေဗျာ"

ထွန်းရှိန်၏ ခြေဆင်းစကား။

"ဟုတ်ကဲ့ ဘာများပါလိမ့်ဗျာ" ဆိုစကားဖြင့် ကိုခင်မောင်ဦးက လည်တံဆန့်၍ ကိုယ်ကိုကိုင်းကာ စိတ်ဝင်စားစွာ မေးသည်။

"ဂျပန်လာရင် အဝတ်အထည်တွေ ပေါလိမ့်မယ်။ ခရုတံဆိပ်ပလေကပ်လုံချည်တစ်ထည်ကို တစ်မတ်လောက်နဲ့ရမယ်။ ဘန်ကောက်လုံချည်တစ်ထည် ငါးမူးလောက်နဲ့ရမယ်။ ရွှေတွေ ဝေပေးလိမ့်မယ်ဆိုတာ"

"ကျွန်တော် သိသလောက် ပြောရမယ်ဆိုရင်တော့ ဂျပန်ပြည်ဟာ လူဦးရေကများပြီး စိုက်ပျိုးစရာမြေက နည်းတယ်ဗျ။ ဒါကြောင့် ဆန့်တောင်လုံလောက်အောင်မထွက်လို့ ကျွန်တော်တို့ နိုင်ငံက ရောင်းရတယ်။ အဲဒီလိုပဲ အထည်ယက်လုပ်တဲ့ ဝါဂွမ်းကိုလည်း တခြားတိုင်းပြည်တွေက ဝယ်ရတာဗျ။ ရွှေထွက်တဲ့နိုင်ငံလည်း မဟုတ်ဘူး"

"ဒါဖြင့် ကျုပ်ကြားတာတွေဟာ ကောလာဟလတွေပေါ့နော်...."

"ဒီလိုလည်း တစ်ထစ်ချတော့ မမှတ်နဲ့ပေါ့ဗျာ။ ရောက်လာလာချင်း ဝါဒဖြန့်တဲ့အနေနဲ့ အဝတ်အထည်တွေ ခဏတစ်ဖြုတ် တစ်ခါတလေ ဝေမယ်ဆိုလည်း ဝေနိုင်ပါတယ်။ ဒါပေမဲ့ ကုလားပြည်ကလာတဲ့ ပုဆိုးထက် ဈေးလျှော့ပြီး အမြဲရောင်းဖို့ဆိုတာ မဖြစ်နိုင်ပါဘူး"

ကိုခင်မောင်ဦး အဖြေကြောင့် ဖိုးထိန်မှာ အတော်အားယုတ်သွားသည်။ သို့သော် အင်္ဂလိပ်ပြေး၍ ဂျပန်ရောက်လာစေချင်သော ဆန္ဒမူ လျော့မသွားချေ။

"သူတို့ဂျပန်တွေဟာ ကျုပ်တို့လိုပဲ ဗုဒ္ဓဘာသာဝင်တွေတဲ့ဗျ"

ခွေးမောင်၏ ပြောစကား....။

"အင်း ကျွန်တော်လည်း ဒီလိုပဲ ကြားတာပဲဗျာ။ တကယ်တော့ ဘယ်ဘာ

mgyoe.com

mgyoe.com


သာပဲ ကိုးကွယ်၊ ကိုးကွယ် သူတို့ အစိုးရကျင့်သုံးတဲ့ ဝါဒကသာ မူလဗျ"

ဘာသာတရားနှင့်ဝါဒ။ ဖိုးထိန်၊ ထွန်းမိုန်တို့ နားရှုပ်သွားသလို ခွေးမောင်မှာ ပါးစပ်ဟနေရ၏။ ကိုခင်မောင်ဦးက စကားဆက်၏။

"နောက်တော့လည်း အေးအေးလူလူ ပြောကြသေးတာပေါ့ဗျာ။ ခင်ဗျားတို့ ဖတ်ချင်ရင်လည်း စာအုပ်တွေ ပေးပါဦးမယ်"

ထိုစဉ်တွင် ခွေးမောင် ထသဖြင့် ဖိုးထိန်လည်း ထလိုက်လာသည်။ စားနိုင်သောက်နိုင်လယ်သမားမို့ ဆန်မယူသည်ဖြစ်စေ၊ အောက်ကျမည် စိုး၍ မယူသည်ပင်ဖြစ်စေ၊ ဖိုးထိန်မှာ ကြုံတောင့်ကြုံခဲသည့် သမယတွင် သည်အိမ်ထဲ အရောက်သွားရပေမည်။ ဦးမြတ်သာကို မျက်နှာလုပ်သည့်အနေဖြင့် ကူညီရန်ထမ်းတန်ထမ်း၊ ပိုးတန်ပိုးရန်။

ကြည်လင်စူးရှသော အောက်လင်းမီးရောင်သည် အဝေးကြီးထဲ ပျံ့သန်းလာသည်။ အိမ်ကြီးရှေ့တွင် ခုံတန်းလျားတွေချထားသည်။ ဆန်ယူမည့်လူရော၊ ဆန်မယူမည့်လူများပါ ရောက်ရှိနေသည်။

ခွေးမောင်နှင့် ဖိုးထိန်တို့ရောက်သွားချိန်၌ ရွာခေါင်း ဦးဖိုးဆောင် စကားပြောနေသည်။ ဖိုးထိန်က "အရီးဘာခိုင်းစရာရှိလဲ" မေးကာ ဒေါ်ရွှေမဘေးဝင်ထိုင်ရင်း ထွေးခင်ထံ မျက်လုံးဝဲလိုက်သည်။ ဝဲပျံ့သောမျက်လုံးများ လေထဲတွင် ပေါင်းဆုံကြည်နူးကြလေသည်။

"လုပ်စရာ နည်းနည်းပါးပါးပဲရှိပါတယ်။ သူတို့စည်းဝေးတာပြီးပါစေဦးဟယ်"

ဒေါ်ရွှေမက တိုးတိုးသက်သာပြောသည်။ အိမ်ဝိုင်းထဲက လူအုပ်ပေါ်တွင် ရွာခေါင်း ဦးဖိုးဆောင်အသံက ပျံ့လွှားနေသည်။

"အဲဒီတော့ သတိဆိုတာ ပိုတယ်မရှိဘူးလေ၊ လိုတယ်သာရှိစမြဲပဲ။ ဆူးစည်းရိုးတွေ ပြင်တန်တာပြင်ပြီး နက်ဖြန်ညကစပြီး ကင်းစောင့်ကြဖို့ပါပဲ"

"ကျုပ်အိမ်မှာရောက်နေတဲ့ ဧည့်သည်သုံးအိမ်ထောင်ကိုလည်း အများ

mgyoe.com

နည်းတူ ရပ်မှုရှာရေး တာဝန်ပေးပါလို့”
ကိုသာအောင်၏ အသံဖြစ်သည်။
“ကောင်းတယ် ကောင်းတယ်၊ ကိုသာအောင်က ဒီလိုပြောလာတော့ ဟိုလိုသည်လို တွတ်တီးတွတ်ကတ် မပြောနိုင်ကြတော့ဘူးပေါ့”
“ဒါပေါ့ဗျာ၊ ရွာရိပ်ခိုရွာရေကိုသောက်ရင် ဆိုးတူကောင်းဘက် ဒီရွာ သားပဲပေါ့ဗျာ ဟုတ်ဖူးလား”
ဤသို့ဖြင့် ရောက်တက်ရာရာ တစ်ယောက်တစ်ပေါက် ပြောကြသည်။ ဟိုရွာသည်ရွာ စားပြတိုက်ခံရသည့်သတင်းလည်း ပါသည်။ ရန်ကုန်အကြဲခံ ရသည့် ဗုံးသည် ဗုံးမဟုတ်သေး။ တကယ့်ဗုံးကိုကြဲလျှင် ဗမာတစ်ပြည်လုံး ဗုံးနှစ်လုံး ကြဲရုံဖြင့် ကျေမွသွားမည်ဟု ပြောသူက ပြော၏။
ယခုတက်လာသော ဂျပန်တပ်ကြီးကို ကွပ်ကဲလာသူမှာ ဂျပန်အစစ် မဟုတ်။ ညောင်ရမ်းမင်းသား၏မြေး ဗိုလ်မိုးကြိုးဆိုသူ ဖြစ်ကြောင်း၊ အင်းကို ဟသာၤဆင်းမည်၊ ဆင်းလျှင် လေးနဲ့ခွင်းမည်၊ ထိုမှဆိုးကိုရိုက်သည့် ထီးရိုး မိုးကြိုးပစ်မည့်တဘောင်နှင့် အင်မတန်ကိုက်ညီကြောင်း စသည်ဖြင့် ပြော နေကြခိုက် ဦးမြတ်သာ၏ ဆန်ဝေပွဲကြီးလည်း စတင်လေတော့သည်။
ဖိုးထိန်နှင့်တစ်ယောက်က ဆန်ထည့်မည့် တောင်း၊ စောင်၊ ပုဆိုး စသည် များကို ကိုင်ပေးရပြီး ဒေါ်ရွှေမက ပြည်တောင်းဖြင့် လောင်းထည့်ပေးသည်။ ဦးမြတ်သာက မျက်နှာသုတ်စောင်ကို ကိုယ်တိုင်ပေး၏။ ပေးရင်းကလည်း စေ့စေ့ကြည့်၍ လေးနက်တည်ကြည်စွာပြော၏။
“တစ်ယောက်ကျေးဇူး တစ်ဦးမှာတဲ့ဟေ့။ မင်းတို့စိတ်ချမ်းသာသလို ငါလည်း စိတ်ချမ်းသာချင်တယ်ဟေ့”

* * *

mgyoe.com

mgyoe.com


## ဟေး••• ဒို့ဗမာ

"ဂျပန်တပ်မတော်ကြီး ချီတက်လာပြီတဲ့ဟေ့"

"ဗမာစစ်သားတွေ ဗမာတပ်တွေလည်း ပါသဟ"

သတင်းလှိုင်းလုံးကြီးသည် ပေပင်လှတစ်ရွာလုံးကို သိမ့်သိမ့်ခါအောင် ကိုင်လှုပ်သည်။ ရွာရှိ လူကုန်ပြေးထွက်ကြသည်။ မပြေးနိုင် မလွှားနိုင်သော အဘိုးအို အဘွားအိုများသာ ကျီးစောင့်ကြက်နှင်ကျန်ခဲ့ကြ၏။

ပေပင်လှရွာဦးမှ အရှေ့ဘက်သို့ လှည်းလမ်းတစ်လမ်းရှိရာ လှည်းလမ်းသည် ရွာများကြားမှဖြတ်၍ ကားလမ်းသို့ ဦးခိုက်သည်။ တချို့လူအုပ်သည် ဤလမ်းအတိုင်း ပြေးကြ၏။

ပေပင်လှရွာ၏တောင်ဘက် တစ်ခေါ်မရှိတရှိတွင်ကား လမ်းဖြတ်သန်းသွားသည်။ ကားလမ်းနှင့်ရွာကြားတွင် တလင်းများရှိသည်။ လယ်ကွင်းများလည်းရှိသည်။ လူအုပ်တစ်အုပ်ကား ဤနေရာမှ ဖြတ်သန်း ပြေးလွှားကြသည်။

ဖိုးထိန်သည် အနီးဆုံးလမ်းအတိုင်း ပြေးလာသူဖြစ်၏။ လှည်းလမ်းအတိုင်းပြေးနေလျှင် တပ်ဦးကို မမြင်လိုက်ရမည်စိုး၍ တလင်းစည်းရိုးကို ကျော်နင်းသည်။ ကင်မွန်းခါး ဆူးစူးသည်ကိုမသိ။ လက်စမသိမ်းသေးသော တလင်းထဲမှ ခွေးတွေ လိုက်ဟပ်၏။ စပါးပြန့်ကို နင်းကျော်လာရာ ဆဲဆိုမည့်သူ၊ ဟန့်တားမည့်သူမတွေ့။

လယ်ကွင်းပက်ကြားအက်များနှင့် ဖိုးထိန် ခြေဖျားတွေချိတ်မိသည်။ မနာပါ။ ခရာဆူးတွေ၊ အမဲတံစို့ဆူးတွေ၊ ဆူးပုံတောင်းတွေ စူးသည်ရှသည်။ ဖိုးထိန်မသိပါ။ မလှမ်းမကမ်းမှ လေတွင်လွင့်ဝဲ နယ်ချဲ့အသည်းကို ထိုးသုတ်မည့် သုံးရောင်ခြယ်ဒေါင်းလံကြီးကို မပီတပီမြင်ရကာမျှဖြင့် အနာပျောက်သည်။ ခံစားမှုပီတိသည် ရင်ဝယ်လှိုက်ပျံ့၏။ ဇာတိသွေး ဇာတိမာန်သည်
mgyoe.com

နှလုံးသားမှ ဟုန်းဟုန်းထကာ နားထင်နားရင်းတွေ ရှိန်းလောင်ပူတက်လာချေ၏။

လမ်းဘေးသရက်ပင်အုပ်အောက်တွင် ကလေးတန်းလန်းနှင့် သားသည်အမေမှအစ လူကြီးလူလတ်များပါ ပြည့်နေကြတာ လက်သီးကို လေဝယ်လွှင့်လျက် နှုတ်ဆက်ကြ၏။

"သခင်မျိုးဟေ့....ဒို့ဗမာ၊ ဒို့ဗမာ"

မိုးကြိုးသွားထက် ခက်မာသောအသံကြီးသည် ဘဝဂ်လျှံညံဟည်းဘိ၏။ ဖိုးထိန်လည်း အုပြေးလာကာ ဒို့ဗမာအော်၏။

ဗမာ့လွတ်လပ်ရေး တပ်မတော်သားများမှာ မပြည့်စုံ မညီညာသောဝတ်စုံ၊ ကပေါက်တိကပေါက်ချာ လက်နက်များကို ကိုင်ဆောင်ထားကာ ဖုန်အလူးလူး ချွေးအလိမ်းလိမ်းပေကျံနေကြငြား သံမှုန့်စားသည့် အမေတို့သားပါပဟု ဝင့်ကြွားစွာ ချီတက်နေကြသည်။ မောသမျှ ပမ်းသမျှ လွင့်စဉ်ကာ အပြုံးတုံ့ပြန်ကြသည်။ စစ်ချီသီချင်းကို သံပြိုင်ဟစ်ကြွေးလျက် လှမ်းလျှောက်ကြသည်။ ဒို့ဗမာဟု သပြေခက်ကို မြှောက်ဝေ့ကာအော်ကြသည်။

"အင်္ဂလိပ်တွေကို အစိမ်းစားပစ်ကြစမ်းပါ၊ အစိမ်းလိုက်ဝါးစားစမ်းပါ"

ရင်ခေါင်းသံကြီးဖြင့် ကုန်းအော်သူမှာ ထွန်းရှိန်ဖြစ်၏။

"ဒို့ဗမာ–ဒို့ဗမာ"

ထွန်းရှိန်မှာ အော်ရင်းအော်ရင်း သွေးဆူလာ၏။ ကြွလာ၏။ "ဒါဒို့ဗမာကွ" အော်လျက် မြေကြီးကို လက်သီးဖြင့်ထု၏။ နောက် မြေကြီးပေါ် ကားကားကြီးထိုင်ချကာ ဟီးတိုက်ငိုတော့သည်။

ဖိုးထိန် ခြေမကိုင်မိ လက်မကိုင်မိဖြစ်သွားသည်။

"ဟကောင်–ဟကောင် ဘာဖြစ်တာလဲ"

"ဝမ်းသာလို့ဗျ၊ ဝမ်းသာလို့။ ကျုပ် ဘယ်လိုမှထိန်းလို့မရဘူး"

ထွန်းရှိန်ကား လက်သီးမြှောက်ကာ ဒို့ဗမာ အော်ရင်း ငို၍ကောင်းတုန်း။

mgyoe.com

ထွန်းမိုန်မူ မျက်ရည်ဝဲလျက် 'ဒို့ဗမာ' ကို တအားဟစ်နေသည်။ ဖိုးထိန်မှာ အော်ချင်ပါလျက် မအော်နိုင်၊ ထွန်းရှိန်ကိုသာ စိုးရိမ်တကြီးကြည့်နေရင်းက မိုးမြေသိမ့်မျှ ချီတက်လာသော ဗမာ့လွတ်လပ်ရေး တပ်မတော်သားများကို လည်း တစ်ဖက်က လှမ်းကြည့်နေရသည်။

တချို့သည် နှစ်လုံးပြူးကိုထမ်းလျက်၊ အချို့သည် ဂုဏ်တော်ပုတီးကို လည်မှာစွပ်လျက်၊ တချို့မူ လက်ဖွဲ့ကိုလက်မောင်း၌ပတ်လျက်၊ တချို့ကား လက်ဖွဲ့ကို စလွယ်သိုင်းလျက်၊ တချို့ဘောင်းဘီရှည်၊ တချို့ဘောင်းဘီတို၊ တချို့စစ်ဖိနပ်နှင့်၊ တချို့အဝတ်ဖိနပ်နှင့်၊ တချို့ဖော့ဦးထုပ်နှင့် တချို့ဒန်ဦး ထုပ်နှင့်၊ တချို့မူ ကျည်စလွယ်ကိုမာန်ပါပါ စလွယ်သိုင်းလျက်၊ တချို့လည်း ဂျပန်ဦးထုပ်နှင့်။

ဤသို့ဤနှယ် အဖုံဖုံအလီလီ ဝတ်ဆင်ထားကြပြား တောင်ဖျား ကော့ သောင်းမှ အလယ်ပိုင်းစလင်းအထိ နယ်စုံမြေစုံမှ လိုက်ပါလာသော လူမျိုးစုံ ဘာသာစုံ စကားစုံ ဗမာလွတ်လပ်ရေးတပ်မတော်သားများ၏ ရည်ရွယ်ချက် တစ်ခုတည်း၊ သစ္စာမူချက်ကား တစ်ချက်တည်းသာ။

ငါတို့နိုင်ငံ လွတ်လပ်ရမည်။ ငါတို့လူမျိုးလွတ်လပ်ရမည်။

သူတို့မျက်နှာထားကား ရဲရင့်သည်၊ တည်ကြည်သည်၊ အင်္ဂလိပ်ပြည် သား သံမှုန့်စားလည်း ဒို့များမဖြုံ။ အင်္ဂလန်အထိ ချီတက်မည့် သတ္တိ ဓာတိ သွေးသည် ဟုန်းဟုန်းတောက်နေ၏။ ထိုအခါ သူတို့၏ မတောက်ပြောင် သော အဆင်အပြင်သည် လုံးဝကွယ်ပျောက်သွားကာ နေလုံးကို ဝါးစားမည့် လူသားသူရဲကောင်းများအသွင်ဖြစ်လာရသည်။ ထင်လာကြသည်။

သို့သော်...သို့သော်...

မတ်တတ်ရပ်သူများလည်း ညောင်းပြီ၊ အော်သူများလည်း အသံဝင်ပြီ။ တချို့ထိုင်ကြသည်၊ တချို့ပြန်ကြသည်၊ အများစုကား ဖွဲကောင်းစွာ စုရုံး မျှော်စောင့်ဆဲ။

mgyoe.com

mgyoe.com

"ဂျပန်တွေဟ၊ ဂျပန်တွေ"

စူးစိုက်ကြည့်နေသော တစ်စုံတစ်ယောက်က စိတ်ဝင်စားစွာအော်လိုက်သဖြင့် သရက်ပင်အောက်က မျက်စိအားလုံးသည် ရှင်းဖြူးသော ကားလမ်းသို့ စုပြုံမိကြသည်။ သူတို့ မြင်ရသောအရာမှာ ခံ့ညားစွာ ချီတက်လာသော တပ်ကြီးမဟုတ်။ ဘင်သံ၊ ခရာသံ တည်ညည်ဖြင့် တက်ကြွလေးစားဖွယ်ရာ ချီလာခြင်းမဟုတ်။

"ဘယ်မှာလဲဟ"

မျက်စိအတန်သီသူများက မျက်လုံးရှုံ့တွကာ မေး၏။

"ဟိုမှာလေဗျာ လှည်းပေါ်မှာ"

"ဂျပန်တပ်ကြီးဆိုသည်မှာ တအီအီမောင်းနှင်လာသော နွားလှည်းတန်းကြီးဖြစ်သည်။ လှည်းပေါ်တွင် ဂျပန်တွေပါလာသည်။ သေနတ်တွေ ထောင်တချို့၊ လှဲတချို့နှင့်...

"အောင်မယ်လေးဟယ်၊ ဂျပန်တပ်ကြီးဆိုလို့ သံချပ်ကားကြီးတွေ၊ မော်တော်ကားကြီးတွေနဲ့များလား.မှတ်တယ်။ နွားလှည်းနဲ့တဲ့"

ပြောဆိုရယ်မောလိုက်သူမှာ ရွာခေါင်း ဦးဖိုးဆောင်သား စံမောင်ဖြစ်ရာ "ဟေ့ကောင် ဖမ်းသွားလိမ့်မယ်၊ ဘာမှတ်လဲ" တစ်ယောက်က သတိပေးသည်။

သူ့ညီဉာဏ်မောင်ကလည်း စိုးရိမ်တကြီး အပြစ်တင်၏။

"ဟုတ်သားပဲ အစ်ကို့ဥစ္စာ"

စံမောင်က နှုတ်မစောင့်စည်းသူမို့ သူ့အမြင် သူ့ခံစားမှုကို လွှတ်ခနဲ ထွက်သားငြား ဒို့ဗမာသာ နာနာအော်နေသော ဖိုးထိန်မှာလည်း စံမောင့်အမြင်နှင့်ထပ်တူရှိသည်။ ဂျပန်ကို အထင်ကြီးစိတ် အတော်လျော့ပါးသွားသည်။

သို့ဖြစ်စေကာမူ ဖိုးထိန် စိတ်ကို တင်း၏။ ဖြေ၏။

mgyoe.com

mgyoe.com

"အိုကွာ ဂျပန်ဟာ တကယ်တော်လို့ တကယ်အစွမ်းထက်လို့ အင်္ဂလိပ် ပြေးရတာပေါ့" ထို့ကြောင့် လက်သီးကို မြှောက်ကာ အော်၏။

"ဟေး ဒို့ဗမာ ဟေးဒို့ဗမာ"

လှည်းပေါ်တွင် တုံးလုံးပတ်လက်တစ်သွယ်၊ ငုတ်တုတ်တစ်ဖုံပါလာသော ဆိတ်နားရွက် ဦးထုပ်တဝေဝေနှင့် ဂျပန်များကလည်း လက်မြှောက် တုံ့ပြန်၏။

"ဒို့ဗမာ"

ရန်သူအင်္ဂလိပ်ကို ဘောင်းဘီကျွတ် ဒရွက်သီပြေးစေသော စစ်နိုင်သူ ပုဂ္ဂိုလ်ကြီးများက မြန်မာသံဖြင့် ဒို့ဗမာအော်ကာ ပြန်လည်နှုတ်ဆက်သဖြင့် ဖိုးထိန် ဝမ်းသာရ၏။ အားတက်ရပြန်၏။

ယင်းသို့ တစ်အောင့်ခြားတိုင်း တစ်အောင့်ခြားတိုင်း ဒို့ဗမာ အော်ရာက ဖိုးထိန်မှာ ထချီတွင် 'ဒို့'ကနဲ အော်ကာတုံ့ခနဲ ရပ်သွားသည်။ လက်မြှောက် လျက် တန်းလန်းဖြင့် ကားလမ်းဘက် ပါးစပ်ဟလျက်ကြည့်နေမိ၏။

ဖိုးထိန်နှင့် အဖော်များ အော်နေဆဲတွင် လှည်းတစ်စီးမှာ တုံ့ခနဲရပ်သွားသည်။ နောက်လှည်းများသည် ထိုလှည်းကို ကွင်းရှောင်ကာ ကျော်တက် သွားကြ၏။ ရပ်သွားသော လှည်းပေါ်မှ ကွိကွိကွကွအော်သံကြားကြရသည်။ ဗမာလှည်းသမားသည် ထရပ်ကာ နွားကို တဘုံးဘုံးရိုက်သည်။ ရိုက်ပါ သော်လည်း အချည်းနှီးတည်း၊ နွားတစ်ကောင်သည် မြေပေါ်သို့ ဝပ်ချလိုက် လေပြီ။

လှည်းပေါ်မှ ဂျပန်တစ်ယောက် ဆင်းလာသည်။ ရှော့ဘူးလွယ်ထား သည်။ သေနတ်ကျောပိုးထားသည်။ ဓားကို ချိတ်ဆွဲထားသည်။ အလို.... ဂျပန်ဆိုသည်မှာ ပုကွကွပါကလား။ တို့ရွာက စိန်ပုအရပ်လောက်ပါတကား ဟု သိမှတ်လိုက်ကြဆဲတွင် ဂျပန်သည် အိပ်နေသော နွားကို ခြေဖြင့်ကန်၏၊ ကျောကိုသေနတ်ဒင်ဖြင့် ဆောင့်၏။ နွားက နကမ္ဘတိလုပ်မြဲလုပ်နေသော

mgyoe.com

mgyoe.com


အခါ ဂျပန်သည် နွားမြီးကိုလှမ်းဆွဲကာ အမြီးကိုလှန်ချိုးသည်။ နွားက ရုတ်တရက်ဆောင့်ထကာ ဂျပန်ကို ပစ်ကန်ထည့်လိုက်ရာ သီသီကလေး လွတ်သွား၏။

သို့ရာတွင် အမြီးချိုးခံရသော နာကျင်မှုရပ်စဲသွားသည်နှင့်တစ်ပြိုင်နက် ထိုနွားမှာ ပြည်လည်ဝပ်နေပြန်သည်။ ဂျပန်သည် တစ်နည်းကြံပြန်၏။ သေနတ်ကို ကျောမှဖြုတ်ပြီး လှည်းသမားကို ချိန်ရွယ်၏။ ဒေါသသံဖြင့် အော်၏၊ လှည်းသမားကို ခြိမ်းခြောက်၍ မရသည့်အဆုံး၌ နွားကိုသေနတ်ဖြင့် ချိန်ပြန်သည်။

လှည်းသမားနှင့် ထိုသူ၏ နွားများထံမှ မျှော်လင့်ချက်ကုန်သွားပြီ၊ လှည်းသမားမှာ ခေါင်းငိုက်စိုက်ဖြင့် လုပ်ချင်သလိုလုပ်ပါတော့ ပြောနေ ဟန်မြင်ကြရသည်။ ဖိုးထိန်တို့အားလုံး 'ဟင်း' ခနဲ သက်မကြီးတွေ ပြိုင်တူ ချမိလိုက်ကြသည်။

ဂျပန်ကို အားကိုးစိတ်လျော့နည်းနေသည့်တွင် ဂျပန်ကို အထင်ကြီး စိတ်ပါ ထပ်မံလျော့ပါးစေမည့်အပြုအမူက ဆက်လက်ဖြစ်ပွားသည်။ ခူးရား ခူးရားဟူ၍ထင်ရသော အသံများကြားလိုက်ရသည်နှင့် ပြိုင်တူပင် လှည်း သမားကို ဘယ်ပြန်ညာပြန် ပါးရိုက်ပစ်သည်။ လှည်းသမား၏ခေါင်းမှာ ဘယ်လွင့်ညာလွင့် လွင့်လျက်ယမ်းနေသည်။

ပေပင်လှ ရွာသူရွာသားများ'ဟာ' ခနဲအော်ရင်း ကိုယ့်ပါးကို ပြိုင်တူ စမ်းသပ်လိုက်မိကြသည်။

လှည်းပေါ်က လှည်းသမားကို ပုသလား ရှည်သလား ပိန်သလား ဝသလားသဲကွဲစွာ မမြင်ရစေကာမူ၊ ရှောက်တောက လိုက်လာသလား၊ ကုန်း စောင်းက လိုက်လာသလား၊ ပွင့်ဖြူက လိုက်လာသလား၊ စကုက လိုက်လာ သလား၊ မင်းဘူးကလိုက်လာသလား မည်သူမျှမသိ။ လယ်သမားလား၊ ယာသမားလားလည်းမသိ၊ ချင်းလား ဗမာသားလည်း မသိကြပါ။ မသိကြ

mgyoe.com

mgyoe.com


စေကာမူ ထိုလှည်းသမားနှင့်ထပ်တူ မိမိတို့ပါ ပါးရိုက်ခံလိုက်ရသည် ထင်ကြ၏။ ရင်ထဲ၌ စူးရှနာကျင်စွာ ခံစားလိုက်ကြရသည်။

သရက်ပင်အောက်တွင် သျှိုင်းကုန်းတစ်ခုသဖွယ် ချောက်ချားဖွယ်ရာ တိတ်ဆိတ်နေလေ၏။

ပါးရိုက်ခံရသော ဗမာပြည်သား လှည်းသမား၏လှည်းပေါ်မှ ဂျပန်တွေ ဆင်းကြသည်။ ပစ္စည်းပစ္စယတွေ သယ်ယူကာ တခြားလှည်းများသို့ ခွဲဝေတင်ကြသည်။ တက်စီးကြသည်။ လှည်းသမားနှင့်လှည်းမှာ လမ်းဘောင်းတွင် ညှိုးမှိန်စွာကျန်ခဲ့စဉ် ဖုန်လုံးကြီးက ဖုံးအုပ်သွား၏။

"ဩော် သူတို့ပင်ပန်းလို့ လှည်းစီးလာကြတာ ထင်ပါရဲ့၊ ဘာပဲဖြစ်ဖြစ် သူတို့ကြောင့် အင်္ဂလိပ်ပြေးရတာ"

အတွေးသည် ဖိုးထိန့်အသည်းကျင်အနာကို ယုယစွာ ကျပ်ပူထိုးပေးသဖြင့် စိတ်သက်သာရာရသည်။ ထို့ကြောင့် အော်မြဲတိုင်း ဒို့ဗမာအော်ရန် လက်သီးကိုမြှောက်လိုက်စဉ် ကားလမ်းပေါ်မှ ဖုန်လုံးကို လေပုန်းတစ်ချက် ဝှေ့လိုက်သည်။ ဖုန်ကန့်လန့်ကာကြားက လှည်းသမား ပါးနှစ်ဖက်ကို အုပ်ထားသော လှည်းသမား၊ ခေါင်းငိုက်စိုက်ချနေသော လှည်းသမားကို ဘွားခနဲ မြင်လိုက်ရရာ ဖိုးထိန့်ပါးစပ်မှ ဒို့ဗမာမထွက်၊ အို့ဟူ၍ မြည်ကာပါးစပ်ပိတ်သွားသလို လက်သီးသည်လည်း ပခုံးနား၌ လေဖြတ်ကာ တန့်ရပ်သွားလေ၏။

ဖိုးထိန်သည် ကိုယ့်အပြုအမူကို ကိုယ်ရှက်သွားသည်။ မိမိကို မည်သူများ သတိပြုမိလေသနည်းဟု အဖော်တွေကိုကြည့်သည်။ လက်သီးကိုဆုပ်လျက် အံကိုကြိတ်ထားကြသည်။ ရှိဝေညှိုးလျှစွာ ငေးနေကြသည်။ ဟောထွန်းမှိန်။

ထွန်းမှိန်သည်လည်း လက်သီးဆုပ်ကို ပခုံးနားတွင် တန့်လျက် ပါးစပ်အဟောင်းသား ပွင့်နေ၏။

mgyoe.com

mgyoe.com


ဖိုးထိန်တို့လူအုပ်သည် စိတ်မကောင်းခြင်းကို ထမ်းရွက်လျက် ရွာသို့ ပြန်ဝင်လာကြ၏။ ထိုအခါ ဖိုးထိန့် အသားတွေစပ်လာ၏။ ကင်မွန်းခါးဆူး ခြစ်မိသည့်နေရာတွေက ဖြစ်သည်။ ခြေဖဝါးကလည်း စိုးခနဲ စစ်ခနဲ၊ မျိုးခနဲ မျက်ခနဲ အမဲတံစို့ဆူးနှင့် ဆူးပုံတောင်းတို့ သတ္တိပြလာကြပြီ။

ရွာထဲတွင်ကား ညံနေသည်။

"ဗမာလွတ်လပ်ရေးတပ်မတော်သားတွေအတွက် တစ်အိမ်တစ်ထုပ်၊ ထမင်းထုပ် လုပ်ကြပါဗျို့"

ရွာခေါင်း ဦးဖိုးဆောင်၏အသံသည် ရွာရိုးပြေးလွင့်နေသည်။

"တစ်နာရီအတွင်း–တစ်နာရီအတွင်း"

ရွာအရှေ့လှည်းလမ်းအတိုင်း ပြေးကြည့်သူများသည် ဖိုးထိန်တို့ထက် နီးကပ်စွာမြင်ခဲ့ကြရ၏။ ဗမာ့လွတ်လပ်ရေးတပ်မတော်သားတစ်ယောက်က ပြုံးပြသွားသည့်အကြောင်းကို အားရဝမ်းသာ ပြောသူကပြော၏။ လယ်ပြင်မှအပြန် ပိုလျှံနေသော ပြောင်းဖူးဖက် ဆေးလိပ်နှစ်လိပ်ကို သဒ္ဓါရွှင်လန်းစွာ ကမ်းအပေးတွင် လက်ခံယူပြီး ကျေးဇူးတင်စကား ပြောသွားကြောင်း ဂုဏ်ယူစွာ ပြောသူကပြော၊ ဒီရွာဘာရွာလဲ၊ ဆင်မင်းစံရာ ဘယ်လောက် ဝေးသေးလဲ အမေးခံရသူတို့ အလုအယက်ပြောနေကြစဉ် လက်မတထောင်ထောင်ဖြင့် ရင်ကော့နေသူကား စံကွန့်ဖြစ်သည်။

"ငါ့ကို ဂျပန်ကြီး ပြောသွားသဗျာ့၊ အဘိစမ္မာ–တဲ့"

စံကွန့်သည် တသောသောရယ်မောနေ၏။ သူ့ကိုလည်း လူတွေအုံနေ၏။ သူ့လက်ထဲမှအရာကို တငုံ့ငုံ့ကြည့်နေကြ၏။

"ဟာ–လှသဟ။ ဘုရားဘေးမှာ ထန်းပင်ကလေးနဲ့ဗျ။ အမယ် လှည်းသမားလည်း ပါသဟဲ့– ပေါင်းမိုးလေးနဲ့။ ဟာ–လှည်းဘေးမှာ နွားတစ်ကောင် ဝပ်နေသတော့"

ထိုအရာကား ဂျပန်ငွေစက္ကူဖြစ်ပေသည်။

mgyoe.com

mgyoe.com


စံကွန့်သည် ပေပင်လှရွာ၏ အဆင်းရဲဆုံး မိသားစု၌ပါဝင်၏။ ကြုံရာ ကျပမ်းအလုပ်လုပ်သူဖြစ်ရာ လယ်လုပ်ငန်းသိမ်းစပြုသောအခါ မြေငန်တွင် အလိုအလျောက်ပွင့်နေသော သဲဆပ်ပြာကျုံးယူပြီး ရောင်းချ၏။ ယနေ့ ညနေ သဲဆပ်ပြာကျုံးရာမှ အပြန်တွင် ဂျပန်လှည်းတပ်ကြီး ခံနေရာ ဖြတ် မသွားရဲသဖြင့် ငုတ်တုတ်ကြည့်နေရ၏။

ဖြတ်သွားသောလှည်းပေါ်မှ ဂျပန်တိုင်းလိုလိုပင် စံကွန့်ကို လည်စောင်း တပြန်ပြန်ကြည့်သွားကြ၏။ ကြုံရာပြောင်းခင်းတစ်ခုမှချိုးလာသော ပြောင်း ဖူးသုံးဖူးကို အပေါ်ခွံတစ်ဖတ်တလေလှန်လျက် အခွံချင်းတွဲကာ ရှေ့တွင်ချ ထားသည်။ သို့ပေမဲ့ ပြောင်းဖူးကို စံကွန့်မဥပါဒ်၊ ငါများအထိုင်မတော် သလားစသည့်ဖြင့် မလုံမလဲတွေးကာ ထရနိုးနိုး ထိုင်ရနိုးနိုးဖြစ်နေစဉ် လှည်း တစ်စီးပေါ်မှ ဂျပန်တစ်ယောက် ခုန်ဆင်းလာ၏။

"အဘိဓမ္မာ"

ဂျပန် ဘာတွေပြောသည်မသိ၊ စံကွန့်မှတ်မိသမျှမှာ အဘိဓမ္မာ။ စံကွန် နားမလည်သဖြင့် ပြုံးပြသောအခါ ဂျပန်က ပြောင်းဖူးကို လက်ညှိုးထိုးပြ သည်။ ငွေစက္ကူတစ်ရွက် ထုတ်ပေးသည်။ ဤသို့ဖြင့် ဂျပန်ငွေစက္ကူပြကို ပထမဆုံးရရှိသော ပေပင်လှရွာသားအဖြစ် စံကွန့်တစ်ယောက် မော်မောက်နေ လေတော့သည်။

စံကွန့် အိမ်မပြန်နိုင်သေး၊ သဲဆပ်ပြာတောင်းကြီးကို ရွာလယ် ဝတ် ကျောင်းတွင်ထားခဲ့ကာ ဂျပန်ငွေစက္ကူတစ်ရွက်နှင့် ဟိုအိမ် သည်အိမ်ရောက် နေသည်။ သူ့ငွေစက္ကူ ယူသွားသူနောက်ကို တတန်းတန်းလိုက်နေရသော ကြောင့် ဖြစ်သည်။

မကြာမီ ရွာလယ် ဝတ်ကျောင်းသို့ ထမင်းထုပ်များရောက်လာ၏။ ထမင်းထုပ်ပေါ်တွင် ငှက်ပျောသီးကလေး၊ ထန်းလျက်ထုပ်ကလေး၊ ဆေးလိပ်ကလေး အပိုဆောင်ပေးသူက ပေးလိုက်ကြသေးသည်။

mgyoe.com

mgyoe.com


ကိုခင်မောင်ဦးမှာ ရွာခေါင်း ဦးဖိုးဆောင်နှင့်အတူ ထမင်းထုပ်စာရင်း ရေးမှတ်နေသည်။ ထမင်းထုပ်များ သယ်ယူရန် လှည်းတစ်စီးသာလိုသော်လည်း လိုက်ပို့ချင်သောလှည်းက ဆယ်စီးရှိနေသည်။ ထိုသူများမှာ တက်ကြွသော လူငယ်လူလတ်များဖြစ်သည်။ သူတို့ ကျေနပ်စေရန် လှည်းကို မဲချသောအခါ ငွေမျှင်၏မောင် ဃိန်းထိုက်မဲကျသည်။ ထိုလှည်းနှင့်လိုက်ရန် လူများထပ်မံမဲချသည်တွင် ထွန်းရှိန်၊ စိန်ကြီးနှင့် စံမောင်တို့ အောင်ဘာလေမဲ ကျသည်။ လူငယ်တွေ အူမြူးသွား၏။ ဦးဖိုးဆောင်၏ညွှန်ကြားမှုကိုပင် မစောင့်တော့ဘဲ ထမင်းထုပ်မလာသေးသူများကို လိုက်လံနှိုးဆော်ကြသည်။

စံကွန့်မှာ ယခုအိမ်ပြန်ခွင့်ရတော့သည်။ ဆပ်ပြာတောင်းကို ပခုံးပေါ် ပင့်ရန် နှုတ်ခမ်းကိုဆွဲကိုင်ခိုက် ဦးမြတ်သာအသံကြောင့် ရပ်ဆိုင်းထားလိုက်ရ၏။

"စံကွန့်၊ ဟော့ကောင် ဂျပန်ငွေစက္ကူတစ်ရွက် ရလာတယ်ဆိုကွ။ ခဏနေဦးကွာ၊ ငါကြည့်ချင်လို့"

"ဟုတ် ဟုတ်ကဲ့ ကြည့်ပါဗျာ...ကြည့်ပါ"

ရွာ့ပဂေးကြီးက အရေးတယူ ကြည့်ချင်သည် ဆိုလာသဖြင့် စံကွန့်ပျာပျာသလဲ ထုတ်ပြသည်။ ဦးမြတ်သာ စေ့စေ့ကြည့်သည်။ ဟိုဘက်သည်ဘက် လှည့်ကြည့်ကာ မှတ်ချက်ချသည်။

"တယ်လဲကျက်သရေရှိပါကလားကွ"

စံကွန့် အလွန်ကျေနပ်မိသည်။

"အင်္ဂလိပ်စက္ကူများ သည်လိုဟုတ်ပေါင်ကွာ၊ ကျက်သရေမရှိ ကျက်သရာမရှိ အခုကြည့်စမ်း၊ စေတီပုထိုးနဲ့ ဘယ်လောက်သပ္ပာယ်သပဲ။ ဘုရားကတော့ ပုဂံအာနန္ဒာနဲ့တူတာပဲ။ ဟုတ်လားဟေ့ မောင်ခင်မောင်ဦး"

"သေသေချာချာ မပြောတတ်ဘူးခင်ဗျာ။ ကိုချင်ချိုင်းနားမှာလည်း အန့်ကောဝပ်ဆိုတဲ့ အဓိကရပုထိုးတော်ကြီးရှိသလို၊ ယိုးဒယားမှာလည်း စေတီ

mgyoe.com

mgyoe.com


ပုထိုးတွေ အများကြီးရှိတယ်ဦး"

ဦးမြတ်သာထပ်ကြည့်ပြန်ရာက "စံကွန့် ငါ့ရောင်းကွာ" ပြောလိုက်လေသည်။

"ဟိုဟို ကျုပ်ကျုပ်"

အဓိကရ မြေပိုင်ရှင်ကြီးစကားကို လွန်ဆန့်ရန် သဲဆပ်ပြာသည်ခမျာ အခက်ကြုံနေရှာသည်။

"တစ်ကျပ်ပေးမယ်ကွာ တစ်ကျပ်"

"မမ....မ....မ....ကျုပ်ဟို့"

"ကျုပ်တွေကျက်တွေ ပြောမနေနဲ့ကွာ တစ်ဆယ်ပေးမယ်" ဦးမြတ်သာပြောပြောဆိုဆို အင်္ဂလိပ်ဆယ်တန်စိမ်းတစ်ချပ် ထုတ်ပေးသည့် စံကွန့်မယူ။

"ရော့လေကွာ"

စံကွန့် အကူအညီတောင်းသည့်အလား၊ ကိုခင်မောင်ဦးတို့ လူစုကို တုန်ယင်စွာ လှမ်းကြည့်သည်တွင် ကိုခင်မောင်ဦးက မျက်စိတစ်ဖက် မှိတ်ပြကာ ကျယ်ကျယ်လောင်လောင်ကြီး ကူပြော၏။

"ဦးက ထူးထူးဆန်းဆန်းမို့ ဦးဦးဖျားဖျား ဝယ်တာ ကိုစံကွန့်။ အင်္ဂလိပ်ငွေလည်း သုံးနေရတာပဲ၊ ရောင်းလိုက်ပါလားဗျ"

ဦးမြတ်သာသည် စံကွန့်၏ သဘောတူညီမှုကိုပင် မစောင့်တော့ဘဲ၊ အင်္ဂလိပ်ဆယ်တန်ပစ်ပေးကာ ကျေနပ်စွာ ထွက်သွားလေသည်။ စင်စစ် ထိုဖြူယော်ယော် သုံးလက်မ ငါးလက်မရွယ်စက္ကူကလေးမှာ ငါးဆင့်တန်မျှသာဖြစ်၏။ တစ်ဆင့်မှာ ထိုအချိန်က ဗြိတိသျှကိုလိုနီ အိန္ဒိယနှင့် မြန်မာနိုင်ငံသုံး တစ်ပြားနှင့်တန်းတူ တန်ဖိုးရှိနေသေးသည်။

ဆင်မင်းစံရာမြို့ထဲတွင် ပွဲတော်ကြီးအလား စည်ကားနေသည်။ ထမင်းထုပ်လာပို့သော လှည်းများကလည်း အောက်လင်းဓာတ်မီးတထိန်ထိန်နှင့်ဖြစ်သည်။

mgyoe.com

mgyoe.com


ဗမာ့လွတ်လပ်ရေးတပ်မတော်သည် အစိုးရအဆောက်အဦးများတွင် စခန်းချကြသည်။ သူ့တို့တပ်စွဲသည့်နေရာများ၌ ဝင်ထွက်စုံစမ်းနေသော ဒို့ဗမာအစည်းအရုံးဝင်များ၊ ဗမာစစ်သားကို အထူးအဆန်းလာကြည့်သူများ နှင့် စည်ကားနေ၏။

ဂျပန်စစ်သားများမှ နေချင်သည့်အိမ်ကို တက်နေသည်။ အိမ်ရှင်မှာ ဝရန်းသုန်းကားနှင့် ဖယ်ပေးရသည်။ သို့တစေ၊ စေတနာကား မပျက်၊ အောက်လင်းဓာတ်မီးများထွန်းညှိလျက် လာရောက်ချိတ်ဆွဲပေးကြသည်။

အစိုးရအမှုထမ်းဟောင်းများနှင့် ဂဠုန်ဦးစောအဖွဲ့ဝင်များမှာ တောစွန် အုံဖျားသို့ ပြေးလွှားပုန်းအောင်းနေကြကာ ဗမာ့ထွက်ရပ်ဂုဏ်းကို မကြားဘူးသော ဓားမများ၊ စိတ်မဝင်စားခဲ့မိသော ဓားမများမှာ ကွက်ကြည့်ကွက်ကြည့် လုပ်ရုံထက် ရှေ့မတိုးရဲကြသေး။

မျက်နှာအပွင့်ဆုံးကား သခင်များတည်း။

ဆေးဖော် ကြောဖက်လုပ်ချင်သူ နည်းသောသခင်၊ ဆင်မင်းစံရာ တို့ဗမာ အစည်းအရုံးကို ဖျက်သိမ်းကြောင်း မောင်းခတ်ကြေညာခဲ့ရသော သခင်များ ကား နွေလယ်တွင် ညှိုးခြောက်ပြားခွေနေခဲ့ရာက မိုးလယ်တွင် ထိုးတက် ထောင်မတ်လာသော မြက်ပင်များနှယ်တည်း။

ဘီအိုင်အေဆိုသော ဝေါဟာရကို ထိုနေ့ည ထွန်းရှိန်တို့မြို့မှ ပြန်လာ ချိန်တွင် ပေပင်လုရွာသားများ ပထမဆုံးကြားလိုက်ရသည်။ ဘီအိုင်အေ။

တစ်ပြည်လုံးတစ်မြို့လုံး ကြည်နူးဝမ်းသာသလို ပေပင်လုရွာသားများ လည်း ဝမ်းသာပျော်ရွှင်ကြသည်။ အခါတိုင်း ဥပုသ်သီတင်းနေ့များတွင်သာ လျှပ်စစ်ဓာတ်မီးထွန်းညှိပူဇော်မြဲဖြစ်သော ရွာဦးကျောင်းစေတီတော်ကို လျှပ်စစ်မီးထွန်းညှိပေးပါရန် ဆရာတော်ကို လျှောက်ထားကြသည်။ ဆရာ တော်လည်း ရွာသူရွာသားတို့၏ ချမ်းမြေ့ကြည်နူးခြင်း အထိမ်းအမှတ်အဖြစ် လိုက်လျောပေးသည်။

mgyoe.com

mgyoe.com



လှျပ်စစ်မီးရောင်သည် ကြည်နူးစရာကောင်း၏။ ရွှင်လန်းစရာလည်း ကောင်းလှသည်။ ဤကြည်နူးရွှင်လန်းအရသာကို ခံစားရန် တစ်ရွာလုံး ရွာဦးကျောင်းစေတီတော်သို့ တဖွဲဖွဲ့သွားရောက် ပူဇော်ကြ၏။ သည်လူ အုပ်ထဲ၌ တဝဲလယ်လယ်လျှောက်နေသူတစ်ယောက်ရှိ၏။

သူကား ဖိုးထိန်။

သူသည်ပရိသတ်ထဲ၌ တစ်စုံတစ်ယောက်ကို ကျီးကန်းတောင်းမှောက် ရှာဖွေသည်။

ဒေါ်ရွှေမ၏နောက်မှ ချည်တဘက်ကလေးပခုံးတင်လျက် ရွက်လှပန်း များကို ကိုင်ဆောင်လာသော ထွေးခင်ကို မြင်လျှင်မြင်ချင်း ဘုရားဆင်းတု တော်ရှိသည့် လိုဏ်မုခ်နားသို့ ဖိုးထိန်ပြေးလာ၏။

ဘုရားဆင်းတုတော်ရှေ့တွင် ပိပြားပျပ်ဝပ်စွာ ဘုရားဝတ်ပြုနိုင်ရန် သစ်သားဘောင်တက်ထားသော ကွပ်ပျစ်တစ်ခု ချခင်းထားသည်။ ကွပ်ပျစ် မှာ အလျား ၁၀ တောင်၊ အနံ ၅ တောင်ခန့်ရှည်မည်။

လိုဏ်မုခ်ဝပြင်ဘက်အစပ်တွင် သဘော်ပင်တစ်ပင်ရှိသည်။ ဆွမ်းတော် စွန့်ရာက ကျပေါက်ဟန်တူသည်။ လူတစ်ရပ်ခန့် မြင့်သည်။ သည်အပင် ရိပ်တွင်ခိုကာ ကွပ်ပျစ်စွန်း၌ ဖိုးထိန် ထိုင်၏။

ခဏအကြာတွင် လူအုပ်ထဲမှ ခွဲထွက်လာသော ဒေါ်ရွှေမ သားအမိကို မြင်ရ၏။ မိခင်နောက်မှလိုက်ပါလာသော ထွေးခင်လည်း မျက်လုံးများက တစ်စုံတစ်ယောက်ကို ရှာဖွေနေသည်။ ရှာရင်းရှာရင်း မျက်နှာအလိုမကျ အိုစာရခိုက်၊ သဘော်ပင်ရိပ်မျက်စိအရောက်၌ အို မျက်နှာလှ တင်းတိမ်မှာ လမင်းထိန်သည့်နှယ်၊ ဝင်းပလျက် အပြုံးကလေးနှင့် မျက်လွှာချသွားသည်။

ကွပ်ပျစ်ပေါ်၌ ယောကျာ်းမိန်းမ ပြည့်လုမတတ်ရှိ၏။ ထွေးခင်တို့သား အမိ ထိုင်စရာအဖြစ် ဖိုးထိန်နှင့်မနီးမဝေးတွင်သာ ရှိသည်။ သူ့ဘေးတွင် ထွေးခင်တို့သားအမိ လာထိုင်သောအခါ ဖိုးထိန် ကျေနပ်လွန်းသဖြင့် ရင်ထဲ

mgyoe.com

mgyoe.com

တွင် ရှုရှုစိစိဖြစ်လာရသည်။

ဒေါ်ရွှေမသည် ဖိုးထိန်ကို မြင်ဟန်မတူ။ သမီးကိုထားခဲ့ကာ လိုဏ်ထဲသို့ ပန်းကပ်ရန်ဝင်သွားစဉ် ထွေးခင်က မောပန်းသံကလေးဖြင့် ဆို၏။

"ရှာလိုက်ရတာ သူကဖြင့် ဒီမှာလာပြီးထိုင်နေ"

"လာတာမြင်မှ ဒီနေရာပြေးလာတာပါ ကျောင်းအမရဲ့။ အမယ်လေး ဝမ်းသာလိုက်တာ"

ဖိုးထိန်၏ ရွှန်းမြသောအပြုံးကို ထွေးခင်က မပွင့်တပွင့်ရယ်မောသံကလေးဖြင့် ပွေ့ယူသည်။ ခေါင်းငုံ့လျက် စောင်းကြည့်နေသော ထွေးခင့်မျက်လုံးကလေးတွေသည် စံပယ်ဖူးထက်လှ၏။ စိန်ခဲကလေးတွေထက်ယဉ်၏။ ကြယ်ပွင့်ကလေးတွေထက်လည်း ချစ်စရာကောင်းသည်။

သည်နှယ် ငုံ့စောင်းကြည့်နေစဉ် ဟန်လုပ်သည့်ကြားက ပြုံးနေသော အပြုံးမှာ နှင်းဆီရုံကလေးနှယ် နမ်းချင်စရာ။ ကြာဖူးကလေးသဖွယ် ထွေးပွေ့ချင်စရာ။

သည်အကြည့်သည် အပြုံး၌ ဖိုးထိန်အချိန်ကုန်သွားသည်။ လှစ်ခနဲ ဒေါ်ရွှေမကိုမြင်တော့ ဖိုးထိန် ကျောခိုင်းနေလိုက်သည်။

မကြာမီ ဒေါ်ရွှေမ'အစိန္တေယျ'ချီလျက် ဘုရားစတင်ရှိခိုးလျှင် ထွေးခင်ကို စောင်းကြည့်ရဲသည်။ ထွေးခင်မှာ ဒေါ်ရွှေမနောက်တွင် ပျပ်ဝပ်ထိုင်ကာ ဘုရားကို လက်အုပ်ချီထားငြား၊ ကြည်ရွှဲသော မျက်လုံးတွေက ဖိုးထိန်ထံမှာ၊ သည်မျက်လုံးလေးတွေမှာ အသည်းထဲ၌ သိမ်းထားချင်စရာ။

ထွေးခင်မှာ ဒေါ်ရွှေမလောက် ဘုရားရှိခိုး ရှည်ရှည်ရဟန်မတူချေ။ စောစီးစွာ ရှိခိုးပြီးသွားသဖြင့် လက်တစ်ဖက်ကို ကြမ်းပေါ်ထောက်ထားပေသည်။ ဖိုးထိန် သူခိုးမျက်လုံးဖြင့် ဟိုကြည့် သည်ကြည့်ကြည့်ရင်း လက်ဖမိုးလေးကိုလှမ်းကိုင်လိုက်ရာ ထွေးခင်အကိုင်မခံ၊ ရွှေလက်ကိုရုပ်သိမ်းသွားသည်။ သူဝင် ငါထွက် လှုပ်လှုပ်သဲသဲသွားလာနေသူများထဲမှ တစ်စုံတစ်

ယောက် မြင်သွားနိုင်သလား ခိုးကြည့်၏။

လက်ဖမိုးကလေးမရောက်လာတော့ မှောင်ရိပ် ထူထပ်သည့်နေရာသို့ ဖိုးထိန်ရွှေ့သွားသည်။ ဖိုးထိန်ဘယ်ရောက်သွားပါလိမ့်။ ထွေးခင့်မျက်လုံးတွေ အလုပ်များ၍ မပြီးဆုံးသေးမီ၊ တင်သားမာမာတစ်တစ် အေးအေးစက်စက်ကို လက်ညှိုးလက်မနှင့် တအားညှစ်ကာ ဖျစ်လိုက်ရာ ထွေးခင်လန့်အော်သည်။

"အမေ့"

ဖိုးထိန်သဘော်ာပင်ရင်း ပြေးကပ်သည်။ ဒေါ်ရွှေမ အမျှဝေကာ ဘုရားဝတ်ချသည် သမီးကိုလှည့်ကြည့်ကာ 'ဘာဖြစ်ရတာလဲဟဲ့' ဘုရားအာရုံပြုတာ မဖြောင့်အောင် မာန်မဲသည်။

သားအမိ ထသွားမှ ဖိုးထိန်မှောင်ထဲမှ ထွက်လာသည်။ ထွေးခင်လှည့်ကြည့်ကာ နှုတ်ခမ်းစူပြသည်။ ဖိုးထိန်က ခေါင်းငဲ့ကာ ညှိုးမျက်နှာ လုပ်ပြလျှင် စူမျက်နှာမှာ ပြုံးရယ်သွားပြန်သည်။

ထိုနေ့ည ဖိုးထိန်အိပ်မပျော်တော့ပေ။ ထွေးခင့် တင်သားကို ဆိတ်လိုက်ရသောကြောင့် ဝမ်းထဲ၌ ကျေနပ်ပွဲကြီးကျင်းပနေသဖြင့်။ ။

* * *

## ယဉ်ကျေးပါဘိ နေမျိုးနွယ်

အဖြူရောင်အောက်ခံတွင် နီရဲတက်သစ်နေဝန်းအလံကြီးသည် မြို့အဝင် သာဒွန်းဝပေါင်း (ပေါင်းကူးတံတား)တိုင်ထိပ်၌ တလူလူလွင့်နေပေသည်။ မြင်ရသူတိုင်းအား တက်ကြွစိတ် မွေးပေးသည်။ ရဲရင့်စိတ်လှုံ့ဆော်ပေးသည်။

mgyoe.com

mgyoe.com


ပေါင်းကူးတံတားနှင့် မနီးမဝေးတွင် ဇရပ်နှစ်ဆောင်ရှိသည်။ ဇရပ်နှစ်ဆောင်ရှေ့၌ အကြော်ဖိုကလေးနှစ်ဖိုမှ မီးခိုးတလူလူ လွင့်တက်နေ၏။ အကြော်ဖို၏မီးခိုး လွတ်ရာဘက်များ၌ နီးကြောဖျာခင်းလျက်ထားသော ရေနွေးကြမ်း စားပွဲဝိုင်းခုံကလေးများသည် ထိုင်ချင့်စဖွယ် ကောင်းလှသည်။

အရှေ့ဘက်အကြော်ဖိုရှေ့ စားပွဲဝိုင်းသုံးခုအနက်တစ်ခုတွင် လူသုံးယောက် ခေါင်းချင်းဆိုင်ကာ ငါးပေါင်းကြော်(အကြော်) စားနေသည်။ အလယ်စားပွဲကလူမှ အကြော်စားသူ ဟုတ်ဟန်မတူ၊ ကျောပြောင်ကြီးနှင့် တံစဉ်ခါးထိုးလျက် ဆောင့်ကြောင့်ထိုင်ကာ ရေနွေးသောက်နေသည်။ ရေငတ်သောကြောင့် ဝင်သောက်သူဖြစ်ဖွယ်ရှိ၏။

အကြော်နံ့ကလေးကမွှေးသည်။ သင်းသည်။ သစ်ရွက်ငါးပေါင်းကြော်ကလေးနှင့် ကြက်သွန်ငါးပေါင်းကြော်ကလေး ဝါးလိုက်ရလျှင် အတွေးဝင်ကာမျှဖြင့် ဖိုးထိန်သွားရည် စိမ့်ထွက်လာသည်။ ထိုအခါ မြို့ထဲလာချင်ဇောကြောင့် အိမ်က ထမင်းကြမ်း မစားခဲ့မိပါကလား သတိရ၏။ သတိရတော့ ပိုပြီးဆာလောင်လာ၏။

ဖိုးထိန်အိတ်ထဲနှိုက်ကြည့်သည်။ အနားတွန့်ကလေးတွေနှင့် ပဲစေ့တစ်စေ့ စမ်းမိသည်။ ငါးပေါင်းကြော်တစ်ပဲဖိုးဆိုလျှင် ငါးခုထက်မနည်းရမည်။ သို့သော် ရှိစေတော့၊ နှစ်ပြားဖိုးသုံးခုရရ နှစ်ခုရရ နှစ်ပြားဖိုးစားမည်။

အကြော်ဗန်းရှေ့ထိုင်ကာ ပဲစေ့ထုတ်ပေးလိုက်သည်။

"နှစ်ပြားဖိုး သုံးခုရမလားဗျ"

အကြော်သည်,သည် အကြော်တစ်ချပ်ကို ဆယ်တင်နေရာက မျက်ခွံလှန်မကြည့်ဘဲ လေးတွဲ့စွာဖြေ၏။

"အရင်တုန်းကတော့ ပေးနိုင်ပါတယ်တော်။ အခုတော့ နှစ်ပြားဖိုး နှစ်ခုပဲ ပေးနိုင်တော့မယ်"

ဖိုးထိန် သိပ်ရှည်မနေ။ ကြေးပြားနှစ်ပြား အအမ်းခံပြီးနောက် စိမ်းမြ

mgyoe.com

 gyoe.com 

ကြွပ်ရှနေသော သစ်ရွက်ငါးပေါင်းကြော်တစ်ချပ်နှင့် ကြက်သွန်ငါးပေါင်း ကြော်တစ်ချပ်ကိုယူကာ လူရှင်းသောစားပွဲ၌ထိုင်သည်။

ရေနွေးကြမ်းတစ်ခွက် မော့ချပြီးချိန်တွင် သုံးယောက်ဝိုင်းမှအသံသည် ဖိုးထိန်ဘက် လွင့်ပျံ့လာ၏။

"အင်္ဂလိပ်အလံများတော့လည်း ရှုပ်လိုက်တာ၊ ကြက်ခြေခတ်ရာ၊ အနီရော အပြာရာ၊ အနားရိပ်ရောပွနေတာပဲ။ ကြည့်စမ်း ဂျပန်အလံ ဘယ်လောက်ရှင်းသလဲ၊ အနီးဝိုင်းကြီး–ပြီးတာပဲ"

ငါးပေါင်းကြော်ကိုဝါးလျှင် နားထဲတွင် အကြားအာရုံမရှင်းသဖြင့် ဖိုးထိန်အဝါးရပ်လျက် နားစွင့်ထား၏။

"နေဟာ သူတို့ဂျပန်ရဲ့ကိုးကွယ်ရာပဲဗျ၊ သူတို့ဂျပန်ဟာ နေမျိုးနွယ်၊ သူတို့ဂျပ်န်ဘုရင်ဟာ နေမင်းကြီးက ဆင်းသက်လာတာဆိုပြီး သိပ်ပြီးရိုသေတယ်။ ဒီဘုရင်မင်းမြတ်အတွက် အသက်စွန့်ရတာ မြတ်တယ်လို့ယုံကြည်ကြတယ်"

"ဩော်–ဩော် ဒီလိုကိုး"

တစ်ယောက်ပြောအပြီး၌ နောက်တစ်ယောက်ဝင်ပြောပြန်သည်။

"ဒါကြောင့်လဲ ဂျပန်စစ်သားတွေ သတ္တိကောင်းကြတာကိုး။ အမေရိကန်သင်္ဘောကြီး ဘယ်လိုပဲ ဖုံးကြဲကြဲ မမြုပ်ဘူးတဲ့။ နောက်ဆုံးတော့ ဗုံးအပြည့်တင်ထားတဲ့ လေယာဉ်ပျံကို သင်္ဘောခေါင်းတိုင်ထဲ ထိုးချလိုက်တော့မှ နစ်သွားသတဲ့၊ အဲဒီကစပြီး အင်္ဂလိပ်သင်္ဘော အမေရိကန်သင်္ဘောတွေမှာ ခေါင်းတိုင်ကို သံဇကာအုပ်ထားရဆိုပဲဗျ"

ပထမလူ၏ တုံ့ပြန်စကားမှာ "ဟုတ်လား" ဟူ၍သာဖြစ်၏။ ထိုအခါ တိယလူတွေက ဝင်ပြော၏။

"ဂျပန်လောက်တော့ဗျာ။ ဗမာလည်း သတ္တိကောင်းတာပါပဲ။ ရွှေတောင်က်ပွဲမှာလေ။ ဂျပန်တွေရော၊ ဘီအိုင်အေတွေရော ကျလိုက်တာ မြင်

mgyoe.com

မကောင်းဘူး။ ရှေ့မတိုးနိုင်နောက်မဆုတ်သာ ဖြစ်နေတုန်း ရဲခေါင်ချစ်ဆွေကြီးလေ၊ ရုပ်ရှင်မင်းသားချစ်ဆွေပေါ့ဗျ သူ့တစ်ကိုယ်လုံးမှာ ဗုံးတွေချိပြီး အင်္ဂလိပ်တပ်ထဲ ဒိုင်ဗင်ထိုးဝင်လာတာ တစ်ခါထဲ အင်္ဂလိပ်တွေ ဆုတ်ပြေးရတာပဲ"

ကြားဖူးသမျှ သိဖူးသမျှကို ဟုတ်တ်ဟုတ်တ်မဟုတ်တ်ဟုတ်တ် ကြားဖူးကြောင်း သိကြောင်းပြောလိုက်ရလျှင် ကျေနပ်ကြသည်။ ဖိုးထိန်ကား နှစ်ပြားဖိုးစားကာမျှဖြင့် ဗဟုသုတတွေ အများကြီးရလိုက်သည်။

ထိုလူသုံးယောက်နှင့်ပြိုင်တူလိုလိုပင် သူလည်း ထလာသည်။ ဘုံဘိုင်ရေဖိနပ်ကလေး ဖုန်မနစ်စေရန် တာလမ်းကျောက်လမ်းပေါ် တက်လျှောက်လာ၏။ မြို့ထဲတွင် တစ်ဖာလုံခန့်လျှောက်မိချိန်တွင် လူကြီးတွေ ကလေးတွေ တစ်စုံတစ်ရာကို ဝိုင်းကြည့်နေကြသည်။ ဖိုးထိန်လည်း သိချင်သဖြင့် လူအုပ်ထဲဝင်ရပ်သည်။

မော်တော်ကားကြီးပါတကား။ ဘီးကြီးတွေကလည်း ၁၂ ဘီးတောင်မှ ပါကလား။ အလိုလေး ဝင်ရိုးသုံးချောင်းနှင့်။

ဆင်မင်းစံရာတွင် ကားနှစ်စီးသာရှိသည်။ တစ်စီးက ပုဂ္ဂလိကပိုင် စာပို့ကား။ တစ်စီးက ရိုးရိုးခရီးသည်တင်ကား။ သို့သော် တစ်ခါတစ်ရံ ခရီးတစ်ဝက်မှ နွားလှည်းဖြင့်ဆွဲကာ ဝပ်ရှော့သို့ ပို့ရတက်သည်။ ထို့ကြောင့် ၁၂ ဘီးကားသည် ဆင်မင်းစံရာ၌ အံ့စရာကြီး ဖြစ်နေ၏။

ဖိုးထိန် ကြည့်နေဆဲတွင် လူကြီးတစ်ယောက်သည် လူအုပ်ထဲတိုးဖြတ်ကာ ကားဘေးသို့ရောက်သွားသည်။ ကားဘေး၌ ဂျပန်တစ်ယောက် ငုံ့ပြီး ဓာတ်ဆီပုံးကို ပိတ်နေသည်။

လူကြီးသည် အသက် ၅၀ခန့် ဖြူဖြူဝဝ၊ ဥပဓိရုပ်ကောင်းသည်။ သျှောင်ထုံးကြီးကလည်း ခံ့ညားသည်။ သူသည် ဓာတ်ဆီပုံးပိတ်နေသော ဂျပန်နှင့် မျက်နှာချင်းဆိုင် ထိုင်လိုက်သည်။ ချိုသာစွာ ပြုံးပြသည်။ လက်ထဲကိုင်

mgyoe.com

mgyoe.com

လာသော ပုလင်းကို ထိုးပေးရင်း ပို၍ပြုံးပြလိုက်ပြန်သည်။

ကားသမားနှင့်ဆုံလျှင် ကျောက်မီးခြစ်တွင်ထည့်ရန် ဓာတ်ဆီတောင်းသောထုံးစံအတိုင်း ဓာတ်ဆီတောင်းခြင်းမျှသာဟု ဘေးကလူတွေမြင်သည်။

သို့ရာတွင် ဂျပန်သည် တစ်ချက်မော့ကြည့်၏။ လူကြီးကပြုံးလျက် ပုလင်းကို ထိုးမြှောက်ပြသောအခါ ဘာမပြော ညာမပြော ခေါင်းကိုပုတ်လွှတ်လိုက်သည်။ ထွက်သွားရန် လက်ဟန်ဖြင့်လည်း ပြလိုက်သည်။

လူငါးဆယ်ကျော်ရှေ့တွင် ခေါင်းပုတ်ခံရသော လူကြီးမှာ ဆက်၍ပဲပြုံးရမလို ထိုင်ရမလို ဖြစ်သွားသည်။ သို့တစေ သူ့ပါးစပ်က ကြာကြာပြုံးထား၍မရ။ တဖြည်းဖြည်းမဲ့လာသည်၊ မည်းတက်လာသည်။ မျက်နှာငုံ့လျက် ထွက်သွားရာ အလိုက်သိစွာ လမ်းဖွင့်ပေးကြသည်။ ဟင်းခနဲပြိုင်တူ သက်မချလိုက်ကြ၏။

နင့်အဖေအရွယ်ကို ဒီလိုလုပ်ရသလားဟု မေးကာ ဖိုးထိန်ပြေးပြီး ကန်ဇစ်ချင်စိတ်ပေါက်လာသဖြင့် ကားဘေးမှ ခွာလာသည်။ နေမျိုးနွယ်တို့၏ အောင်တံခွန်အလံကြီးကို မြင်ရသဖြင့် ဖြစ်ပေါ်ခဲ့ရသော အားရမှုတက်ကြွမှုများ ရုတ်ချည်းလွင့်စဉ်လျက် စိတ်မချမ်းသာမှုကသာ ရင်ထဲ၌ နေရာယူလာလေတော့သည်။

ဤနွယ် ရိုင်းစိုင်းမှုမျိုးကို ဖိုးထိန့်တစ်သက်တွင် သည်တစ်ကြိမ်သာမြင်ဖူးသောကြောင့် စိတ်မချမ်းမြေ့မှုက ပြင်းထန်လှသည်။ ဖိုးထိန်တို့ သင်ကြားလက်ခံရထားသည့် ဘာသာယဉ်ကျေးမှုနှင့် လူမှုရေးယဉ်ကျေးမှုမှာ ကိုယ့်ထက် သက်ရွယ်ကြီးသူကို ယခုကဲ့သို့ ခေါင်းပုတ်ရန် မဆိုထားနှင့်၊ ခေါင်းကိုပင်မကိုင်ရ၊ အရိပ်ကိုပင်မနင်းရ။ ရှေ့မှဖြတ်သန်းသွားစရာရှိပါက ခါးကုန်း၍သွားရသည်။

ရိုင်းစိုင်းသူတို့လက်ဝယ်သို့ အောင်ပွဲကြီးတစ်ရပ် ရောက်ရှိလာခြင်း၏ မကောင်းကျိုး အစွန်းအစကို မြင်လာရသောအခါ ဖိုးထိန့်စိတ်ထဲ မယုံကြည်

mgyoe.com

 oe.com 

စိတ်၊ သံသယစိတ်ဝင်လာသည်။ ဘာကိုမယုံကြည်သနည်း၊ ဘာကိုသံသယဖြစ်သနည်း၊ သူမသိပါ၊ ခံစားနေရသည်ကား အမှန်။

ရှေ့နားရောက်လျှင် မလှဆိုင်တို့အိမ် ဝင်ဦးမှပဲ ဖိုးထိန်စိတ်ကူးသည်။ မြို့ထဲဂျပန်တွေ ရောက်လာတော့ ဘယ်လိုနေသနည်း၊ ဘာဖြစ်ကြသနည်း စုံစမ်းရန်ဖြစ်၏။

မလှဆိုင်မှာ သည်မြို့သား ပန်းပဲသမားတစ်ယောက်နှင့် အိမ်ထောင်ကျကာ မြို့သူဖြစ်နေသည်။ မြို့ကိုရောက်တိုင်း ဝင်ထွက်နေကျအိမ်ဖြစ်သည်။ ထို့ကြောင့် “ဗျို့ မြို့သူကြီး ရှိလားဗျို့” နှုတ်ဆက်နေကျ နောက်ပြောင်စကားကိုဆိုလျက် အိမ်ရှေ့ တရုတ်မန်ကျည်းပင်အောက်ရပ်ကာ မော့ကြည့်လိုက်ရာ ဆက်လက်နောက်ပြောင်လိုစိတ် ပျောက်ကွယ်သွားရလေ၏။

မလှဆိုင်၏အိမ်ထဲနှင့် အိမ်ဝတွင် မိန်းမတွေနှင့် ကလေးတွေပြည့်နေသည်။ တစ်ယောက်ယောက်များ ဘာဖြစ်ပါလိမ့်တွေးဆဲ၊ မလှဆိုင်ကို လှမ်းမြင်ရသည်။ မျက်စိမျက်နှာပျက်နှင့် နှုတ်ဆက်သည်။

“ဖိုးထိန်ဘယ်လဲ...မြို့ထဲလား”

“ဟုတ်တယ်၊ နေပါဦး ဘယ်သူဘာဖြစ်လို့လဲ”

မလှဆိုင် အဖြေမပေးသေးဘဲ အိမ်ပေါ်မှဆင်းလာသည်။ ဖိုးထိန်ရှေ့အရောက်တွင် တောင်မြောက်လေးပါးလှမ်းကြည့်ပြီးမှ ခပ်တိုးတိုးပြော သည်။

“ရေတွင်းနားကအိမ်တွေမှာ မိန်းမတွေမနေရဲလို့ ပြေးလာကြတာတဲ့”

“ဘာဖြစ်လို့လဲ...ကြွက်ကျလို့လား”

သည်မြို့တွင် ဝမ်းမနှိပ်စက်၊ ကျောက်မနှိပ်စက်၊ ပလိပ်နှိပ်စက်လျှင် သောက်သောက်လဲ သေလေ့ရှိသဖြင့် မလှဆိုင်တို့ မျက်စိမျက်နှာပျက်အောင် ကြောက်စရာ ပလိပ်ပဲဖြစ်မည် ဖိုးထိန့်ထင်သည်။

“တယ်ဇလေ... ပါးစပ်ပုပ်ကြီးနဲ့၊ ငါ ပါးချလိုက်ရ”

မလှဆိုင် လက်ဝါးကြီးဖြင့် ရွယ်လိုက်ကာ “ဂျပန်စစ်သားတွေ ရေချိုး

mgyoe.com

 mgyoe.com 

နေကြလို့ဟဲ့”ဆက်ဆိုသည်။

“လူပဲဗျ ရေချိုးတာနဲ့ ထွက်ပြေးရသလား”

“လူတွေ ခါတိုင်းချိုးသလိုချိုးရင် ထွက်ပြေးပါမလားဟ။ ကိုယ်ချည်းတုံး(ကိုယ်တုံးလုံး)ချွတ်ချိုးနေကြတာဟဲ့”

“ဗျာ”ဆိုတာ ဖိုးထိန်မျက်လုံးပြူးနေစဉ် အိမ်ရှေ့မှ “အဲဒီက ဘူးသီးငါးပေါင်းကြော်”ကြက်သွန်ငါးပေါင်းကြော် အော်သံပေါ်လာသဖြင့် မလှဆိုင်လှမ်းပြော၏။

“ဟဲ့ကောင်မလေး... ဟဲ့ဟဲ့... ဟိုဘက်ကို မသွားနဲ့”

‘တော်’

အကြော်သည်မကလေးမှာ ၁၃–၁၄ နှစ်ရွယ် ဖြစ်သည်။ ရင်မှူမသိမ်းသေး၊ ရှဥ့်မီးအင်္ကျီနှင့် ဖြစ်သည်။ ဆန်ကောထဲတွင် ဗျပ်ခွက်ထည့်ရွက်ထားသည်။

“အစ်မ ဘာဖြစ်လို့လဲဟင်”

“နင် အဲဒီလမ်းကသွားရင် မတော်တရော်တွေ တွေ့နေလိမ့်မယ်။ ဟိုဘက်လမ်းက သွား”

“ဂျပန်တွေလား အစ်မ”

“အေး...ဟုတ်တယ်ဟဲ့”

ဖိုးထိန်လည်း မလှဆိုင်ကို နှုတ်မဆက်ဘဲ ထွက်လာသည်။ သူကတော့ ယောကျ်ားမို့ အကြောင်းမဟုတ်ဟူသော သဘောဆောင်စေကာမူ လူမြင်ကွင်းတွင် ပြောင်ပြောင်တင်းတင်း ကိုယ်တုံးလုံးရပ်နေသော လူများကို ကြည့်မှကြည့်ရဲပါမလား၊ စိတ်ထင့်နေသည်။

ရေတွင်းနှင့်နီးလာသည်။ တစ်အိမ်နှစ်အိမ်တွင်သာ မိန်းမများ စုစုဝေးဝေးနှင့် အိမ်ရှေ့တွင်ချထားသော ပစ္စည်းပစ္စယများကို မြင်ရသည်။ ဂျပန်တွေ အတင်းတက်နေသဖြင့် ရမိရရာဆွဲပြီး ပြေးလာကြရသူများ ဖြစ်ဟန်

mgyoe.com

mgyoe.com


တူ၏။ မိန်းမအစုအဝေးမှာမူ ရေချိုးသည်ကို မမြင်ရဲသဖြင့် ရှောင်လာကြဟန် ရှိသည်။

သည်နောက်အိမ်များတွင်မူ ယောကျာ်းတွေနှင့် ပြေးနိုင်လွှားနိုင်သော ကလေးတွေကိုသာ မြင်ရသည်။ စိတ်မချမ်းသာစရာပါတကားဟု ဖိုးထိန် တွေးမိသည်။ တွေးမိပြီး ကြိုတင်သိပြီးဖြစ်ပါလျက်ကို ရေတွင်းကို လှမ်းမြင် နိုင်သောနေရာသို့ ရောက်သွားချိန်တွင် မျက်စိရှက်ခြင်းထက် ခံပြင်းခြင်း၊ မုန်းတီးစက်ဆုပ်ခြင်းသည် မီးဖြစ်၍ ရင်ထဲ၌ ဟုန်းဟုန်းလောင်လေ၏။

ဖြစ်ချင်ရာဖြစ် 'ထွီ' ခနဲ တံတွေးထွေးမိသည်။ ကိုယ်တုံးလုံးနှင့် ရေချိုး နေလိုက်ကြသည့် ဂျပန်တွေ တကယ့် ၂ နှစ် ၃ နှစ်ရွယ် ကလေးငယ်များ ရေချိုးနေသည့်သဖွယ် ရှက်ရန်မသိ၊ ကြောက်ရန်မသိ။ တဟီးဟီးတဟား ဟားဖြင့် အလုအယက်ရေငင်ကာ ရေချိုးနေကြသည်။

ကိုယ့်အိမ်ပေါ် လူတစ်ယောက်တက်လာပြီး တစ်အိမ်သားလုံးကို အစော် ကားခံရသည့်သို့ ဖိုးထိန် ခံစားရသည်။ ဂျပန်ကို အထင်ကြီးစိတ်သည် ကုန်ခန်းလုဖြစ်သလို အထည်သဘော်သုံးလေးရာ ရောက်လာမည်ဆိုတာ ကောလာဟလ ယုံကြည်စိတ်လည်း ပျက်ပြယ်ခဲ့ပြီ။

"ဟေး....ဘိမဘာ–ဟေးဘိမဘာ"

ဂျပန်တစ်ယောက်သည် ရေတွင်းဘက် မျက်နှာလှည့်ကာ ရေငင်ရေချိုး နေရာက ဖိုးထိန်ဘက်လှည့်၍ လက်ယပ်ခေါ်၏။ ဖိုးထိန် ဆဲရေးတိုင်းထွာ ရင်း သုတ်သုတ်လျှောက်လာသည်၊ လှည့်မကြည့်။

ရေတွင်းလွန်လာသည်။ အိမ်များတွင် မိန်းမသား မရှိ။ အတော်ဝေးဝေး ရောက်လာသောအခါ မလှဆိုင်အိမ် နည်းတူ၊ မိန်းမသားတွေ ပြည့်နေသော အိမ်များကို မြင်ရသည်။

ဖိုးထိန် အံများပင်ကြိတ်မိသည်။ လက်သီးပါဆုပ်ထားသည်။ ထို့ကြောင့် လမ်းတွင်တွေ့သော ဂျပန်များ အဝတ်ဝတ်ထားပါလျက် ကြည့်မရ၊ ပြုံးပြ

mgyoe.com

mgyoe.com


သော်လည်း ပြန်မပြုံးမိ။ ဟေး ဒို့ဗမာဟုသာ တစ်ယောက်တလေသော ဂျပန်က နှုတ်ဆက်သောအခါ ခဏ်တိုးတိုးပင် ဆဲမိတော့၏။

ဈေးပိုင်းနှင့်နီးလာသည်။ ဖိုးထိန် စိတ်မချမ်းမြေ့မှုများ၊ နာကျင်မှုများ ပြေပျောက်စပြုရပြန်သည်။ ဘိန်းဆိုင်ကို ပထမဆုံးတွေ့ရသည်။ သုံးရောင်ခြယ် ဒေါင်းလံကြီးက လေတွင်ဝင့်နေသည်။

ဗမာ့ဟန်၊ ဗမာ့မာန်ကို အားမာန်ဖြင့် ဖော်ဆောင်ကာမြူးနေသော ဒေါင်းက ဖိုးထိန် ရင်ငြိမ်းမြစေ၏။ သည်ဒေါင်းအောက်က အဝါ၊ အစိမ်း၊ အနီ။

အဝါရောင်ရည်ရွယ်ချက်က ဘာသာ သာသနာ ပညာတိုးတက်ဖို့။

အစိမ်းရောင်မှာ စပါးဆန်ရေ ရွှေငွေအထွေထွေပေါကြွယ်ဝဖို့။

အနီရောင်ဆိုသည်က ရဲစိတ်ရဲမာန် ထက်သန်ဖို့။

သည်တော့ ဘီအိုင်အေတပ်မတော်ကြီး ကိုင်ဆောင်လာသော သည်အလံကိုသာ ဖိုးထိန် ယုံကြည်သည်။ အားထားသည်။ ဒါမှ တို့အလံထင်သည်။

ဘုရားပွဲလည်းမရှိ၊ ဘုန်းကြီးပျံလည်း မရှိပါဘဲ စည်ကားလိုက်သည့် လူအုပ်ကြီးမှာ မျက်စိမှုးစရာကောင်းသည်။ ဘီအိုင်အေစစ်သားတွေရော၊ အရပ်သားတွေ ဘုန်းကြီးတွေပါ ရှုပ်ထွေးနေသည်။

"ကျား....ကျား"

တအားကျုံးအော်သော သည်အသံက ဖိုးထိန့်အာရုံအားလုံးကို ဖမ်းချုပ်သည်။ ဘယ်က အော်တာပါလိမ့်။ ဖိုးထိန်ခေါင်းငဲ့ရှာဖွေသည်။ အလို ဘုရားတံတိုင်းနားမှာ လူအုပ်ကြီးပါကလား။

ဘိန်းဆိုင်ဘေးမှကပ်၍ ပုလိပ်တန်းလျားဝင်းကို ဖြတ်သန်းလာရင်း ပုလိပ်တွေရှိသေးလား။ လှမ်းကြည့်သည်၊ ဘီအိုင်အေတပ်သားတွေကိုသာ မြင်ရသည်။ မဟာစေတီလှ ဘုရားတံတိုင်းကို ကျောပေးထားသော ပုလိပ်တန်းလျားများရှေ့တွင် သဘော်ာမန်ကျည်းပင်တွေရှိသည်။

mgyoe.com

mgyoe.com


ကြီးမားသော လူအုပ်ကြီးက ဂါတ်တန်းလျားပြည့်လုဖြစ်၏။ သင်္ဘော မန်ကျည်းပင်များကို မျက်နှာမူကာ လူအုပ်ကြီးက စက်ဝိုင်းခြမ်းပုံဖြင့် ဝိုင်းနေသည်။ ထိုလူအုပ်ကိုကျောပေးလျက် လူငါးဆယ်ခန့် ခါးတောင်းကျိုက်လျက်ရပ်နေကြသည်။ လူကြီး လူငယ် လူရွယ် လူလတ်သာမက သာမဏေ တစ်ပါးပါး ပါဝင်၏။ သာမဏေလည်း ကေသီကိုပတ်ကာ သင်းပိုင်ကို ခါးတောင်းကျိုက်ထားလိုက်သည်မှာ မြှောင်လို့။

သင်္ဘောမန်ကျည်းပင် ၅ ပင်တွင် သွပ်ပြားတစ်ပြားစီ ကပ်ထားသည်။ ဆယ်လှမ်းကွာတွင် လုံ့စွပ်တပ်သေနတ်ကိုယ်စီဖြင့် လူ ၅ ယောက်ရပ်နေသည်။

"တက်"

စစ်ဝတ်စုံနှင့် တပ်မတော်သားတစ်ယောက်က အမိန့်ပေးသည်။ သေနတ်အသင့်ကိုင်ထားသော လူ ၅ ယောက် တစ်လှမ်းတက်သည်။ တက်ပုံ တက်နည်းကို တပ်မတော်သားက ပြင်ပေးသည်။ ထပ်တက်ခိုင်းသည်။

"ထိုး"

"ကျား"

"ထိုး"

"ကျား"

သံပြားကို လုံ့စွပ်ဖြင့်ထိုးရသည်။ နုတ်ယူရန်အမိန့်မပေး၊ ထိုးပြီးပြီးချင်း နုတ်ယူကာ ထပ်ထိုးရန် အမိန့်ကိုသာ စောင့်ရသည်။ သို့သော် ငါးယောက်တွင် တစ်ယောက်သာ ဒုတိယအကြိမ် ထိုးနိုင်သည်။ ကျန်လူများ နောက်တစ်ကြိမ် မထိုးနိုင်ကြ။

ဘယ်မှာ ထိုးနိုင်ပါတော့မည်နည်း။

"ထိုး"ပထမအကြိမ် အမိန့်ပေးစဉ်ကပင် မိုးမြေသိမ့်သိမ့်တုန်အောင် ကြည့်မြင်ရသူတိုင်း ကြက်သီးမွေးညှင်းထအောင် ကုန်းအော်ပြီး ရှိသမျှအား

mgyoe.com

mgyoe.com


အကုန်သုံးကာထိုးချလိုက်ရာ သွပ်ပြားကို ဖောက်ဝင်ရုံသာမက၊ သစ်ပင်ပင်စည်တွင်ပါ စွဲနေလေတော့သည်။

ဘီအိုင်အေတပ်သားဖြစ်ချင်လွန်းသော တက်လူသည် အမိန့်ပေးသော ဗိုလ်ကလေး ကျေနပ်စေရန် တအားထိုးသည်။ သင့်ရုံထိုးသောကြောင့် စစ်သားမဖြစ်နိုင်ဆိုကာ ပယ်လိုက်လျှင် အနှကျိုးနည်းရချေရဲ့။ မိစ္ဆာနယ်ချဲ့သမားကို ချေမှုန်းပွဲ၌ မနွဲလိုက်ရဘဲရှိချေရဲ့. စိုးရိမ်စိတ်ဖြင့် တအားထိုးရာ တအီးအိး တအားအားမြည်အောင် ဆွဲနုတ်ရသည်။ ပက်လက်လန်ပြီး လဲသူလဲ၊ ယက်ကန်ယက်ယန် နောက်ဆုတ်လာသူလာ၊ လုံးဝနုတ်မရဘဲဖြစ်သူဖြစ်....။

ရယ်သူရယ် ပြုံးသူပြုံးသော်လည်း ဖိုးထိန်မှာ ရယ်စရာဟုမထင်။ ပြုံးစရာဟူ၍လည်းမဟုတ်၊ လုံ့စွပ်ထိုးလှည့်စောင့်နေသူများ၊ လုံ့စွပ်ထိုးနေသူများကိုကြည့်ကာ သတ္တိသွေးကြွလာသည်၊ ရဲစိတ်တက်လာသည်၊ ပီတိအရှိန်အဟုန်လည်း ပြင်းစွာရိုက်ခတ်လာသည်။

သို့ဖြင့် အမိန့်ပေးသော ဗိုလ်ကလေးအနား ကပ်လာသည်။

**'ဒီမယ်–ဒီမယ်'**

ပခုံးကိုလက်ဖြင့်တို့သည်၊ ဗိုလ်ကလေးက လှည့်ကြည့်ပြီး ဖိုးထိန် မမေးရသေးသောမေးခွန်း၏အဖြေကို တစ်ခါတည်း ပေးချလိုက်သည်။

"ဘာလဲ ရဲဘော်၊ ဘီအိုင်အေထဲဝင်ချင်လို့မဟုတ်လား၊ ဟောဟိုရုံးထဲမှာ သွားပြီးစာရင်းပေးပါ တပ်သားသစ်တွေကို လက်ခံနေပါတယ်ရဲဘော်"

"ဟုတ်ကဲ့ ဟုတ်ကဲ့"

ဗိုလ်လေးညွှန်ပြသော အဆောက်အဦးကား လမ်းဟိုဘက်ရှိ ဂါတ်အချုပ်ကြီးဖြစ်ပေသည်။ ထိုနေရာသို့ ဖိုးထိန်ပြေးလာရင်း "ရဲဘော်၊ ရဲဘော်" ရွတ်ဆိုလာမိသည်။

သည်ဝေါဟာရကို ဖိုးထိန်တစ်ကြိမ်သာ ကြားဖူးပေမယ့် နှစ်သက်

mgyoe.com

mgyoe.com


သည်။ ဝေါဟာရအခိပ္ပာယ်ကို မဆန်းစစ်တက်ငြား၊ မိမိအား ရင်းနှီးစွာ ချစ်ခင်စွာ ယုံမှတ်စွာ လှိုက်လှဲလေးစားစွာခေါ်လိုက်သည်ထင်၏။ အသည်းထဲစွဲအောင်နှစ်ခြိုက်ရသော ရဲဘော်။

အချုပ်အဆောက်အဦးသည် တိုက်ခံလည်ပေါ်နှစ်ထပ်ဖြစ်သည်။ အထက်ထပ်တစ်ခြမ်းမှာ တစ်ပတ်လျှင် သုံးကြိမ်ဖွင့်သော ဆေးပေးခန်းဖြစ်၏။ ယခုတော့ တစ်ခုလုံးဘီအိုင်အေစစ်ရုံးဖြစ်နေပြီး မျက်နှာချင်းဆိုင်တိုက်နီကြီးမှ ဘီအိုင်အေအုပ်ချုပ်ရေးရုံးဖြစ်ရာ လူဝင်လူထွက်ရှုပ်ယှက်ခတ်နေ၏။

ဗမာ့လွတ်လပ်ရေးတပ်မတော်သို့ ဝင်ရရေးအတွက် စာရင်းပေးရန် တန်းစီစောင့်နေသော လူတန်းကြီးမှာ ရှည်လျားလှ၏။ ဆင်မင်းစံရာမြို့ကလေးတွင် လူငယ်လူရွယ်တွေမှ ကျန်ပါဦးမလား။

ဖိုးထိန်မှာ လူတန်းကြီး၏နောက်ဆုံးတွင် ဝင်ရပ်မိသည်။ တစ်နာရီနှင့် သူ့အလှည့်မရောက်၊ နှစ်နာရီနှင့် သူ့အလှည့်မရောက် ရောက်ဖို့အသာထား ပါဦး၊ လူတန်းကြီးပင် ရွေ့မှရွေ့ရဲ့လား။

နေသည် တစ်ချိန်ထက်တစ်ချိန် တိုးမြင့်ပူလောင်လာသည်။ စစ်သားဖြစ်လိုသူများကား မလျှော့သောဇွဲဖြင့် တန်းစီဆဲ။

မွန်းတည့်လာပြီ၊ ဖိုးထိန်အလှည့်မရောက်သေး။

မွန်းတိမ်းချေပြီ။ ဖိုးထိန်မှာ ရုံးတံခါးဝကို ပျပျမှုန်မှုန်သာမြင်ရသေး၏။

ငိုသံကြားရသည်၊ ဖိုးထိန် ထိတ်ခနဲဖြစ်သွား၏၊ ဘီအိုင်အေရုံးဘက် လှမ်းကြည့်မိသည်။ အဘွားအိုတစ်ယောက်။

"ဗိုလ်ကြီးတို့ရယ် ကျွန်မသားလေးစစ်ထဲမထည့်ပါရစေနဲ့။ အမေတစ်ခု သားတစ်ခုပဲရှိပါတယ်။ ဒီသားလေးတစ်ခုခုဖြစ်သွားရင် ကျွန်မရင်ကွဲရချေရဲ့"

ချည်ကြမ်းတဘက်ကလေး ပခုံးတင်ထားသော ခြောက်ဆယ်ရွယ် အဘွားအိုတစ်ယောက်သည် လေ့ကားထစ်သုံးထစ်အနက် အလယ်အထစ်တွင် ပုဆစ်တုပ်ငိုကြွေးနေ၏။

mgyoe.com

mgyoe.com

"အမယ်လေး- သားရေ၊ သားရဲ့"

ပျားပန်းခတ်ရှုပ်နေသော တိုက်ထဲမှာ ဗိုလ်တစ်ယောက်ထွက်လာသည်။ အဘွားအိုရှေ့တွင် ဒူးထောက်ထိုင်သံသည်။ အဘွားအိုသံား၏ အမည်နေရပ် မေးမှတ်သည်။ ဘိအိုင်အေ၏ အဓိဋ္ဌာန်နှင့်မြတ်သော ရည်ရွယ်ချက်ကိုလည်း ရှင်းပြသည်။

အမေအိုကား နားမဝင်၊ သူ့သားကို လွှတ်ပေးရန်သာ တစာစာငိုကြွေး တောင်းပန်နေသည်။

အမေအိုကိုကြည့်၍ ဖိုးထိန်စိတ်ပူမိသည်။ စစ်ထဲ ငါဝင်ပြီးတာ အမေသိ ရင် ဒီလိုပဲလိုက်လာတော့မှာပဲ။ ငါမရှိရင် အိမ်မှာ လုပ်မယ့်ကိုင်မယ့်လူ ဆိုလို့ အဖေနဲ့ ယဉ်မြပဲ ကျန်တော့မယ်၊ အဖေပင်ပန်းမယ်။

သို့သော် စိတ်တင်းထားလိုက်သည်။

"ငါ့နိုင်ငံလွတ်လပ်ဖို့၊ ငါတို့လူမျိုးလွတ်လပ်ဖို့၊ ငါတို့ရန်သူမိစ္ဆာကောင် အင်္ဂလိပ်ကိုနှင်ထုတ်ဖို့ ငါစစ်ထဲဝင်ရမယ်"

သို့နှယ် ကိုယ့်စိတ်ကို တင်းထားရဆဲ ငိုသံကြားရပြန်၏။

"ဗိုလ်လေးရယ်၊ ကျွန်မယောကျ်ား စစ်ထဲဝင်သွားပြီ ဗိုလ်လေးရဲ့။ ကျွန်မ မှာ ကလေးတစ်ယောက်နဲ့ ကိုယ်လေးလက်ဝန်နဲ့"

သို့စဉ် ဆံထောက်ကလေးနှင့် ကောင်မလေးတစ်ယောက် မျက်နှာ အောက်ချလျက် ရောက်လာပြန်သည်။ ဇာနားကွပ် လက်ကိုင်ပဝါကလေး အုပ်လျက် တရှုံ့ရှုံ့ငိုလျက် ရှက်သံတစ်ဝက် ရှိုက်သံတစ်ဝက်ပြောသည်။

"ကျွန်မရည်းစား စစ်-စစ်ထဲဝင်သွားလို့၊ ပြန်-ပြန်ထုတ်ပေးပါရှင့်"

စာအုပ်တစ်အုပ်ဖြင့် မျက်ရည်ပြဿနာများ လက်ခံမှတ်သားနေရသော ဗိုလ်ကလေးခမျာ ခေါင်းကုတ်ရရှာပါပြီ။ အမေဆို ဟုတ်သေး၏။ မယား ဆို ဟုတ်သေး၏။ ရည်းစားဆိုတော့...

ဘိအိုင်အေဗိုလ်ကလေး ခေါင်းရှုပ်နေချိန်တွင် ဖိုးထိန်ရင်ထဲ ဒိန်းခနဲ

mgyoe.com

mgyoe.com


ဝင်ဆောင့်လာသူမှာ ထွေးခင်။

အာရုံထဲ ထွေးခင်ဝင်လာသောအခါ ကိုယ်ချည်းတုံးလုံးဂျပန်များ၊ အိမ်ဆိုင်အတွက် မကြာခဏ မြို့တက်ဈေးဝယ်ရသော ထွေးခင်၊ စိန်ကြီးတို့လုံးထွေးနေ၏။ ဖိုးထိန် ညောင်းညာရမှန်းသိလာသည်။ ဆာလောင်ရမှန်းသိလာသည်။ ယုတ်စွအဆုံး သည်လူတန်းကြီးကိုစွန့်ခွာကာ ရှာပြန်ပြေးချင်သည်။

နေစောင်းပြီ။

"ရဲဘော်တို့ နက်ဖြန်ကျမှထပ်ပြီးလာကြပါ။ ကနေ့တော့ အချိန်ကုန်သွားလို့ပါနော်။ ရဲဘော်တို့ မဝင်ရမှာမပူနဲ့။ ရဲဘော်တို့ရဲ့ မျိုးချစ်စိတ် တိုင်းချစ်ပြည်ချစ်စိတ်ကို ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးက ဝမ်းသာအားရကြိုဆိုနေတယ်။ အဲ....ကနေ့တော့ အချိန်ကုန်သွားလို့ပါနော်"

ဟာခနဲ စိတ်ပျက်သံကြီးဖြင့် လူတန်းကြီး ဖရိုဖရဲဖြစ်သွားသည်။ ကျုပ်က မြေနုကတောင်လာရတာဗျ ညည်းသူညည်း၊ ကျုပ်တို့က ခေါင်းကူးလယ်မကလာရတာဗျ ပြောသူပြော၊ ဒါဟာ တို့ရဲ့ဗွဲကို စမ်းတာဖြစ်ချင်ဖြစ်မယ်ဟေ့ ဆိုသူဆို၊ စိတ်ဆိုးစွာ ဆဲသူဆဲဖြင့် လူရေစီးကြောင်းကြီးသည် ဂါတ်တဲဝန်းကျင်သို့ စီးလိမ့်သွား၏။ ဖိုးထိန်လည်း လူရေစီးတွင် မျောပါရင်း ရှေ့ဈေးရောက်လာသည်။

"ကိုဖိုးထိန်....ဟေ့ အစ်ကိုဖိုးထိန်"

ကာလာလက်ဖက်ရည်ဆိုင်ထဲမှ လူတစ်ယောက်ထွက်လာသည်။ သူက ဖိုးထိန်ကို လက်ယပ်ခေါ်နေသည်။ ထိုသူမှာ ကျော်မောင့်ညီ သိန်းထိုက်ဖြစ်သည်။

သိန်းထိုက်နှင့်အတူ ဆိုင်ထဲဝင်လာလိုက်ရာ ကျော်မောင်နှင့်ထွန်းရှိန်တို့အပြင် စိန်ကြီးကိုပါ တစ်စားပွဲထဲတွေ့ရသည်။ စားပွဲပေါ်တွင် ဆာဒါးတစ်အိုးနှင့် ထပ်တစ်ရာ စားလက်စ နှစ်ချပ်ရှိသည်။

mgyoe.com

mgyoe.com


"မင်းတို့ ဘာလာလုပ်ကြတာလဲကွ"

စိန်ကြီးကိုပါ ဝေ့ကြည့်ပြီးမေးရာ စိန်ကြီးကပင် ကျောင်းတော်ကရန်စကို မေ့နေလျက် အားတက်သရောဖြေသည်။

"ငါတို့ စစ်ထဲလာဝင်တာကွာ၊ ငါတို့အလှည့်ရောက်ဖို့ရှေ့မှာ ဆယ်ယောက်လောက်ပဲလိုတော့တယ်"

စိန်ကြီး လက်ဖျားတခါခါ တက်တခေါက်ခေါက်ဖြစ်နေသည်။ သို့စဉ်တွင် ကာကာဆိုင်တံခါးနားတွင်ရှိသော စားပွဲများမှလူတွေ ဝုန်းခနဲထကာ ဆိုင်ပြင်သို့ ပြေးထွက်ကြသည်။

ဖိုးထိန်တို့လည်း ဘုမသိဘမသိ ပြေးထွက်လာကာ ဟိုမေးသည်စမ်းလုပ်ကြရသည်။

"ကိုင်းထဲက ဓားပြတွေမိလာလို့တဲ့၊ လှံစွပ်ထိုးသတ်ဖို့ သုသာန်ကို ခေါ်သွားပြီတဲ့"

ဖိုးထိန်တို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကြသည်။ လိုက်ကြည့်ကြရအောင်ဆိုသံများ ပြိုင်တူထွက်လာသည်။ သူတို့ဆိုင်ထဲမှာ ထွက်လာသည်။ ဖိုးထိန် မုန့်တွေ တပျက်ပျက်စားလျက် ထွက်လာပါလျက် ပိုက်ဆံပေးခဲ့ရန် သတိမရ။

သူတို့ သုသာန်လမ်းထိပ်ရောက်တော့မှ ဝေါခနဲ အုန်းခနဲ အသံများကြားရသဖြင့် နောက်လှည့်ကြည့်မိသည်။ ရောမလူအုပ်ကြီးသည် လူဆယ်ယောက်၏ဘေးမှ ဝိုင်းအုံလျက်ပါလာကြသည်။

ကိုင်းထဲမှမိလာသည်ဆိုသော ဓားပြများဖြစ်သည်။ နွားချည်သောကြိုးဖြင့် လက်ပြန်တုပ်ထားသည်။ အဝတ်များစုတ်ပြတ်နေသည်။ မျက်နှာများဖူးယောင်နေသည်။ တစ်ယောက်မှာ မျက်လုံးပင် ပျက်နေဟန်ရှိ၏။ သူတို့ရှေ့တွင် ဂျပန်စစ်သား ၁၀ ယောက်၊ နောက်တွင် ဆယ်ယောက်သေနတ်ထမ်းလျက်လိုက်ပါလာကြသည်။

mgyoe.com

ဓားပြဆိုသူများကို သုသာန်သို့ထုတ်လာချိန်တွင် ဆင်မင်းစံရာမြို့ပေါ်၌ ဝန်းကျင်နီးစပ်ရွာများမှလူများ ထောင်သောင်းချီ၍ ရောက်ရှိနေကြသည်။ တချို့က ဗမာ့လွတ်လပ်ရေးတပ်မတော်သားဆိုတာ အရာ၊ ဗမာစစ်သား ဆိုသောအရာကို မြင်ဖူးလို၍ တကူးတကန့်လာခြင်းဖြစ်သည်။ တချို့က ဂျပန်ဆိုသည်ကို မမြင်ဘူး၍ရောက်လာသလို တချို့ကလည်း စစ်ထဲဝင်ရန် ရောက်လာသူများဖြစ်ကြ၏။

ဤလူအုပ်ကြီးသည် ဓားပြများကို အထူးအဆန်းအဖြစ် ကြည့်ကြ သည်။ မျက်နှာကို သေသေချာချာကြည့်ကြသည်။ ဟိုလုံချည်စိမ်းနဲ့ဓားပြဟာ ရုပ်ကလေးကနရုပ္ပနဲ့ ဓားပြလို့ပြောရင် ယုံစရာမရှိဘူး၊ ဟိုဘောင်းဘီတိုနဲ့ ဓားပြက ငယ်ငယ်ကလေးပါလား.... စသည်ဖြင့် ပြောကြဆိုကြသည်။

ဤလူစုလူဝေးကြီးသည် မည်သို့ပင်မှတ်ချက်စကားတွေပြောကြဆိုကြ စေကာမူ ဓားပြဆိုသောလူကို ဦးစွာပထမအဖြစ် မြင်ဖူးသူအများစုဖြစ်နေ၏။ သူတို့သည် သူခိုးကို မြင်ဖူးကြမည်။ သို့သော် ဓားပြကိုကား ကြုံတောင့် ကြုံခဲသည် တစ်ခါသာ မြင်ဖူးကြသည်။ ထို့ကြောင့် သေချာစွာကြည့်သည်။ မှတ်မိအောင်ကြည့်သည်။

သုသာန်ဝသို့ရောက်လာပြီ။

သုသာန်သည် တောသုသာန်သို့ တိတ်တိတ်ပွေပွေမဟုတ်၊ ရှုပ်ရှုပ်ထွေး ထွေးမဟုတ်၊ အုတ်ဂူများစီရီနေသည်။ လူနေတဲယ်များရောနှောနေသည်။ ထို့ပြင် ဓားပြများကို ဤနေရာတွင် ကွပ်မျက်လိမ့်မည် ကြားသောကြောင့် ကြိုတင်ရောက်ရှိနေနှင့်သော လူများကလည်း ကိုးရာတစ်ထောင်ခန့် ရှိသည်။

ရောက်နေနှင့်သော လူအုပ်ကြီးရှေ့တွင် 'ကားစင်' ဆယ်ခုကို သစ်သား တိုင်များဖြင့် ပြုလုပ်ထား၏။

ဓားပြများကို ဂျပန်စစ်သားများက တစ်ယောက်တစ်တိုင်ကျ ကားစင် တွင် ကြိုးဖြင့်ကပ်ချီလိုက်သည်။ ဓားပြများရှေ့တွင် တစ်ယောက်စီနေရာယူ

mgyoe.com

mgyoe.com


ထားသည်။ ဂျပန်စစ်ဗိုလ်က ဂျပန်စကားပြန်မှတစ်ဆင့် ပရိသတ်သို့ စကားပြောရာတွင် ဤသူများသည် တိုက်ခိုက်လုယက်မှုပေါင်းများစွာကို ဤအနီးမြစ်စဉ်တစ်လျှောက် ရွာများတွင် ကြိမ်ဖန်များစွာ ကျူးလွန်ခဲ့ကြောင်း။ ဂျပန်ဧကရာဇ်မင်းမြတ်၏ တပ်မတော်နှင့် ဗမာ့လွတ်လပ်ရေးတပ်မတော်သည် အာရှတိုက်သားများ သာတူညီမျှကောင်းစားရေးအတွက် ရန်သူ အင်္ဂလိပ်တို့ကို တိုက်ထုတ်နေစဉ် အင်္ဂလိပ်အလိုကျ အင်္ဂလိပ်သူလျှိုသဖွယ် ပြုကျင့်သော လူဆိုးသူခိုးဓားပြများကို ပြင်းထန်စွာအရေးယူမည်ဖြစ်ကြောင်း၊ ဆိုးသွမ်းသောင်းကျန်းသူမှန်သမျှ ယခုနှယ် စီရင်ခြင်း ခံရမည်ဖြစ်ကြောင်း စသည်တို့ ပါရှိ၏။

ထို့နောက် ရာဇဝတ်သားဓားပြများကို လှံစွပ်ထိုးသတ်ရန် ပြင်ဆင်သည်။ ဂျပန်စစ်ဗိုလ်က အမိန့်ပေးလိုက်လျှင် ဂျပန်စစ်သားများသည် ဓားပြများ၏ ရင်အုံကို ပြိုင်တူ ပြေးထိုးလိုက်ကြသည်။ အမိန့်သံလာလျှင် လှံစွပ်ကိုဖယ်ရမ်းလျက် ဆွဲနုတ်လိုက်ကြရာ သွေးများ ဝေါက်ခနဲပန်းထွက်လာသည်။

နောက်တစ်ကြိမ် ထိုးပြန်သည်၊ နောက်တစ်ကြိမ် ထိုးပြန်သည်၊ ကြီးမားသောခန္ဓာကိုယ်ကြီးဖြင့် မျက်စိတစ်ဖက် ပျက်နေသောဓားပြမှာ လှံစွပ်နှစ်ချက်ထိုးအပြီး၌ ပျော့ခွေ၍ အသက်ထွက်သွားသည်။

ဤသို့ဖြင့် ဓားပြများသည် လှံစွပ်သုံးလေးချက်ထိုးအပြီးတွင် ခွေကျသွားကြငြား၊ ဆောင်းဘီတိုလေးနှင့်ဓားပြမူ လှံစွပ်ဆယ်ချက်ထိုးသည်အထိ အသက်မပျောက်သေး၊သူ့ရင်အုံတစ်ခုလုံး မြင်မကောင်းတော့ပြီ။ သူမူကား ခေါင်းငိုက်စိုက် ကျရှုံ့သာကျနေသည်။ ကိုယ်ခန္ဓာပျော့ကျမသွားသေးရုံမက တစ်ချက်တစ်ချက် ခေါင်းထောင်ချင်လာသည်။

ဖိုးထိန်မှာ ဓားပြအပေါ် သနားစိတ်ကြင်နာစိတ် လုံးဝမရှိရိုးအမှန်ပင်။ သို့ရာတွင် ဓားပြခေါင်းထောင်ရန် ကြိုးစားစဉ်တွင် သူ့အံကြိတ်ထားပြီး ခေါင်း

mgyoe.com

 mgyee.com 

ကို ညွှတ်ကျမသွားအောင် အားစိုက်ထားသည်။

ဂျပန်စစ်ဗိုလ်သည် စစ်သားအား အမိန့်ပေးသည်။ စစ်သားက သေနိုင်ခဲ သောဓားပြကို ကြိုးဖြေပေးသည်။ ဓားပြကား မားမားကြီးရပ်နေ၏။ မျက်လုံး သည် ပြူးထွက်လျက် ဂျပန်စစ်ဗိုလ်ကို စိုက်ကြည့်နေ၏။

ဂျပန်စစ်သားသည် ဓားပြကို ရှေ့သို့တွန်းပေးသည်။ ဓားပြ ရွေ့သွား ၏။ လဲကျ၍မသွား၊ ဂျပန်စစ်သားက ဓားပြပခုံးကို နှိမ်ပေးလိုက်ရာ ဓားပြ ဒူးထောက်ထိုင်ပြီးသားဖြစ်သွားစဉ် ဂျပန်စစ်ဗိုလ်က ဓားကို ဆွဲချွတ်လိုက် သည်။ ဓားပြရှေ့တွင် ကားကားကြီးရပ်လျက် ဓားကိုစုံကိုင်၍ တအားမြှောက် ကာ ခုတ်ချလိုက်သည်။

"အမယ်လေးဗျ"

ဓားပြထံမှမဟုတ်၊ ဖိုးထိန်ဘေးကအော်သံဖြစ်သည်။ အော်သူမှာ စိန်ကြီး ဖြစ်သည်။ စိန်ကြီးသည် မျက်နှာကို လက်ဝါးအုပ်ထား၏။ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ယင်နေသည်။ ဖိုးထိန်လည်း တစ်ချက်သာကြည့်နိုင်ပြီး မျက်နှာလွှဲထားသည်။ ထွန်းရှိန်လည်း ကြည့်လိုက်၊ ခေါင်းငုံ့လိုက် လုပ်နေ ၏။ သူတို့ထဲတွင် အကောင်ငယ်သလောက် သတ္တိကောင်းသူမှာ သိန်းထိုက် ဖြစ်၏။ လက်သီးဆုပ်ထား၊ နှုတ်ခမ်းကိုက်ထားကာ မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေချေသည်။

ဓားပြသုတ်သင်ပွဲမှပြန်လာသော လူများတွင် လူအတော်များများတုန် လှုပ်နေလေ၏။ အနည်းစုမှာမူ သွေးတွေဖြာထွက်လာ ပုံခေါင်းကြီးဘယ်လို ကိုယ်ကြီး ဘယ်သို့ပြောကြ၏။ စိန်ကြီးမူ စကားလုံးဝမပြော၊ မျက်လုံးပြူး ကြီးဖြင့်သာ ဟိုလူကြည့်သည်လူကြည့် ကြည့်နေ၏။

"စိန်ကြီး ဟေ့ကောင်...ဘာဖြစ်နေတာလဲ"

ထွန်းရှိန်က မေး၏။ စိန်ကြီးမဖြေပေ။ ပခုံးကို ကိုင်လှုပ်လျှင် ကိုင်လှုပ် သူကို လှည့်ကြည့်ရုံသာ ကြည့်၏။ စကားမူမပြော၊ ရွာကိုပြန်ရောက်ပြီး

mgyee.com

mgyoe.com

နောက် စိန့်ကြီးသတင်းမှာ ကွမ်းတစ်ယာညက်အတွင်း ပေပင်လှ ရွာတွင်း ပျံ့နှံ့သွားလေ၏။ လာကြည့်ကြ၊ ထင်ရာမြင်ရာပြောကြဝေဖန်ကြနှင့် ပါးစပ် အလုပ်များသွားကြသည်။

ဖိုးထိန်မှု ထမင်းစား၍မရ၊ အိပ်မပျော်၊ သွေးတွေယိုစီးလျက် လိမ့်ဆင်း သွားသောခေါင်းကြီး၊ ခေါင်းမပါဘဲယိမ်းထိုးနေသော ကိုယ်ကြီး၊ ပွက်ထ နေသော သွေးတွင် လည်ပင်းကြီးများကိုချည်း မြင်မြင်နေသဖြင့် တော်ပြီ တန်ပြီ၊ နောင် ဒါမျိုးမကြည့်တော့ရန် စိတ်ပိုင်းဖြတ်လိုက်ရုံသာမက မြို့ဘက် သို့ပင် မသွားတော့ချေ။ မြို့ဘက်မသွားဖြစ်သဖြင့် ဘီအိုင်အေထဲလိုက်မည့် ကိစ္စလည်း ပျက်ပြားသွားလေ၏။

ဖိုးထိန်တွဲနေကျ တွေ့ဆုံနေကျအကောင်တွေ ရွာထဲတွင်မရှိသဖြင့် ဖိုးထိန် အနေရအထိုင်ရခက်နေသည်။ သူ့အကောင်တွေမှာ ဂျပန်စစ်သားများကို လိုက်ပို့ရန် လှည်းအဆင့်ခံရသဖြင့် ရွာတွင်မရှိကြ။ ပေပင်လှမှ လှည်းဆယ်စီး တာဝန်ကျသည်။ လှည်းနွားရှိသောရွာတိုင်း လှည်းတာဝန် မလွတ်ကင်းကြ ချေ။

ဂျပန်တွေမလာခင်က ရွှေဂျပန် ငွေဂျပန်တမျှ ဗာရာဏသီချီးမွမ်းခန်းဖွင့်ခဲ့ သော ဖိုးထိန်အဖေလည်း သိပ်မပြောတော့ပေ။ "ဘယ့်နှယ်ဗျာ၊ ရောမစစ်ပွဲ ကြီးတစ်ရပ်ကို ဆင်နွှဲတဲ့ဟာကို စစ်တိုက်တဲ့သံချပ်ကာလဲမပါဘူး။ ကိုယ်စီ တို့ကားမပါတဲ့အပြင် တိုင်းသူပြည်သားဆီက လှည်းဆင့်ရသတဲ့" စသော ညီဖြစ်သူ ဦးသောင်းထိ၏ အပြောအဆိုခံရသောနေ့မှစပြီး ပါးစပ်ငြိမ်သွား ပြီ။

တလင်းထဲတွင်လည်း လုပ်စရာကိုင်စရာ သိပ်မရှိတော့ပြီ။ အားအား ရှိတိုင်း နွားစာကောက်ရိုးတွေချည်း ထိုင်စဉ်းမည့်စိတ်ကူးသည်။ ကောက်ရိုး မှာ အထားအသိုအသားမကျသေးသဖြင့် ကိုင်ရတွယ်ရမကောင်း၊ စဉ်းရ ခုတ်ရ ခရီးမတွင်၊ ထို့ကြောင့် ကိုခင်မောင်ဦးထံသို့ချည်း သွားသွားနေကာ
mgyoe.com

mgyoe.com

စကားမပြည်ပြောနေဖြစ်သည်။ တစ်ခါတစ်ရံ ကိုခင်မောင်ဦးပေးသော စာအုပ်စာတမ်းများကိုဖတ်ဖြစ်သည်။ မရှိ၊ စံပန်၊ ဖုနဲ့၊ ဟေးတိုက်၊ အိုနာကျို စသော ဂျပန်စကားများကိုလည်း ကိုခင်မောင်ဦးထံမှ ကြားရသည်။ ကိုခင်မောင်ဦးကား မြန်မာစာရေးဆရာတစ်ဦး ပြုစုသော ဂျပန်စကားသင်စာအုပ်ကို အရကျက်နေသည်။

အပေါင်းအသင်းရောင်းရင်းများ ရွာမှထွက်သွားရက် ၄ ရက်မြောက်နေ့တွင် ဖိုးထိန် မြို့သို့မသွားလျှင်မဖြစ်သော ကိစ္စတစ်ရပ်ပေါ်လာ၏။ ဆင်မင်းစံရာမြို့ကို ဖြတ်သန်း၍ မြစ်ကမ်းနဖူးရှိ ကျွန်းညိုရွာသို့ လှည်းပို့ရန်ဖြစ်သည်။

ထိုအချိန်က ချောက်ရေနံမြေ၌လည်း ဂျပန်များ တရန့်ခတ်ရောက်နေကြ၏။ ရေနံမြေ၌ အလုပ်လုပ်မည့် အလုပ်သမားများလည်း အနည်းအကျဉ်း ရောက်လာကြပြီး မီးတောက်နှင့် အပျက်အစီးများကြားပင် ဖြစ်စေကာမူ လူရှိလျှင် အရောင်းအဝယ်ဖြစ်စမြဲပင်၊ ထို့ကြောင့် ဆင်မင်းစံရာဘက်မှ ရာသီကုန် ဟင်းသီးဟင်းရွက်များ ချောက်ဘက်သို့ တင်ပို့ရောင်းချကြသည်။

ယခု ပေပင်လှမှ ဦးညီပု ဒေါ်တင်မေတို့က ဂျပန်အဝယ်တော်တစ်ယောက်နှင့်ဆက်သွယ်မိကာ သူတစ်ပါးမတင်သော ပစ္စည်းတစ်မျိုး စမ်းသပ်တင်သွင်းကြည့်ရန်ဖြစ်သည်။ ပစ္စည်းမှာ ကြာစွယ်ဖြစ်သည်။ ရေနံမြေမှ ပြေးလာသူများကလည်း ကိုယ့်ရပ်ကိုယ့်ဒေသသို့ စနည်းနာရန်လိုက်ကြမည်။

ဖိုးထိန်မှာ လှည်းခငါးကျပ်ရမည်။

ဂျပန်ငွေသည် အိန္ဒိယ မြန်မာသုံး အင်္ဂလိပ်ငွေနှင့် တန်းတူတန်ဖိုးရှိဆဲဖြစ်ရာ ငါးကျပ်ငွေသည် မနည်းလှပေ။ သို့သော် ထိုငွေကိုရရန် ဖိုးထိန်သည် စလင်းသို့လိုက်ပြီး ကြာစွယ်များ တင်ဆောင်ရသည်။ ပေပင်လှနှင့် စလင်းမှာ ၇ မိုင်ခန့်ဝေးကွာသည်။ တစ်ဖန် ပေပင်လှမှ သုံးမိုင်ခန့်ဝေးသော ကျွန်းညိုသို့ လိုက်ပို့ပေးရုံမက ပစ္စည်းများကို မတ်စောက်သောကမ်းပါးအတိုင်း ထမ်းဆင်းလျက် လှေထဲ အရောက်ပို့ပေးရသည်။

mgyoe.com

mgyoe.com


လှည်းပို့ပြီး ပြန်လာသော ဖိုးထိန် မောပန်းခဲ့ရသည်။ ကမ်းပါးစောက်မှ ခြေကုပ်မြေပြိုသဖြင့် အထမ်းကြီးရောလူပါ လိမ့်ကျမလိုဖြစ်ခဲ့သေးသည်။ ချွေးတွေက ရေချိုးထားသည့်အလား ရွှဲစိုနေသည်။ သို့တစေ လှည်းခွက်ချည်းမောင်းကာ ပြန်လာရချိန်ဝယ်၊ နွားနှစ်ကောင်ကလည်း အိမ်ပြန်ခြေသွက်သည်။ လယ်ကွင်းများအပေါ်မှ ကျော်လွှားလာသော လေကလေးက ဖိုးထိန်ကို အမောပြေဆေးပေးသည်။ ထို့ကြောင့် ရဲရဲတောက် ဒို့ဗမာပြည် သီချင်းအလိုက် လေချွန်မိသည်။

ဆုံကုန်းရွာကို လွန်လာသည်။

မုနိမဟာရံသီဘုရားကြီးကုန်း ပုထိုးတော်မြတ်သည် ဤဒေသ၌အကြီးကျယ်ဆုံး ပုထိုးဖြစ်သည့်အလျောက် ရွှေသင်္ကန်းတော်တဝင်းဝင်း စံပယ်နေပေသည်။ မြင့်ခေါင်သော ထီးတော်ဖျားမှ ဆည်းလည်းသံမှာ ချိုသာလှ၏။

ဘုရားအလွန်တွင် နွားနှစ်ကောင်က ဈေးဘက်လမ်းအတိုင်း အဖြောင့်ဆွဲသော်လည်း ထိုလမ်းအတိုင်း ဖိုးထိန်မလိုက်ချင်။ အကြောင်းမှာ သူ့နွားတစ်ကောင်က ဘိုင်စကယ်ကြောက်သည်။ ရထားကြောက်သည်။ ကားကိုကား အကြောက်ဆုံးဖြစ်သည်။ နောက်တစ်ကြောင်းကား ဂျပန်နှင့်ရင်မဆိုင်လိုခြင်းပင်ဖြစ်၏။

ဟိုတမြန်နေ့က လွှဆွဲရာမှပြန်လာသော ဖိုးညွန့်၊ မိုးဝင်းရွာမှ လှည်းကြုံတစ်စီးစီး၍ရွာပြန်လာသည်။ လမ်းတွင် ဂျပန်တွေစီးလာသော ကားကလေးတစ်စင်းကို ရင်ဆိုင်တွေ့ရရာ လှည်းကို ကားဖြင့်ဝင်တိုက်ပြီး လှည်းသမားကို ပါးနားရိုက်သွားသည် ရိုက်သမှ တစ်ချက်နှစ်ချက်မဟုတ်၊ မျက်နှာတစ်ပြင်လုံး ယောင်ကိုင်းလာအောင်ရိုက်သွား၏။ ဖိုးညွန့် ဝင်တောင်းပန်ရာသူလည်း ဘယ်တစ်ချက်ညာတစ်ချက် အဆစ်ခံလိုက်ရသည်။

ဖိုးညွန့်က ငါတွေ မအေတွေ မိုးမွှန်အောင်ဆဲလိုက်ပြီးမှ ပါးရိုက်ခံရခြင်း

mgyoe.com

အကြောင်းကို ဤသို့ပြောပြ၏။

"အဲဒီမိုးဝင်းကလူက လူကြောက်ကွ၊ သူ့လှည်းကို ကျောက်လမ်းပေါ်က မမောင်းဘူး ငါ့လူ၊ တာလမ်းဘေးကနေမောင်းတယ်။ အေး-တာလမ်းဘေး က လမ်းဆိုတာကလည်း နွားလှည်းတွေ နိစ္စဂူဝသွားထားတော့ ဖုန်ချိုင့် ကြီးတွေဖြစ်နေတာပဲ၊ အဲဒီလူက နွားတွေကို ဆွဲဆွဲချတယ်"

ဒါပေမဲ့ ချင်းမပေါင်း(ပေါင်းကူးတံတား)ကိုရောက်တော့ ဒီလှည်းဟာ ကျောက်လမ်းပေါ်က မောင်းလို့မရတော့ဘူး။ ဒီပေါင်းကို ဖြတ်စရာလမ်းဟာ ဒီကျောက်လမ်းပေါ်မှာပဲရှိတာ မင်းတို့ငါတို့အသိ၊ လှည်းသမားလည်းအသိ၊ တိုတိုပြောကြပါစို့ကွာ။ ငါတို့လှည်းက တာလမ်းပေါ်တက်ပြီး ပေါင်းပေါ် လည်း ရောက်ရော နောက်က ကားတစ်စီးရောက်လာပါရောကွာ။ တကွိကွိ တဘော်ဘော်အသံပေးလို့ နွားတွေကိုအတင်းရိုက်မောင်းပေမယ့် လှည်းဟာ လှည်းလောက်ပဲ မြန်တော့မပေါ့။ အဲဒါကွာ ကြာရမလား ဆိုပြီး လွတ်အောင် မစောင့်ဘဲ ထိုးဝင်လိုက်တာ လှည်းရုံတိုင် နောက်ပိုင်းတစ်ခြမ်း ပြုတ်ထွက် သွားရုံမကဘူးဟေ့။ နွားနှစ်ကောင်ပါ ရိုင်ထွက်ပြီး လှည်းဦးက ရေမြောင်းထဲ စောက်ထိုးကြီး ဖြစ်နေပါလေရော"

"ငါတို့လည်း ရေထဲလိမ့်ကျရာကတက်၊ နွားတွေချွတ်ပြီး မြောင်းပေါ် တင်၊ လှည်းကိုလဲဆွဲတင်၊ ဒါပေမဲ့ မြောင်းကအနက်ကြီးပဲကွ၊ ဘယ်မှာနှစ် ယောက်အားနဲ့နိုင်ပါ့မလဲ။ အနားမှာရှိတဲ့အိမ်တွေက ထွက်ပြီးကူညီကြတာ ပေါ့၊ ဂျပန်တွေကိုလည်း ပွစိပွစိဆဲကြတယ်"

"မင်းတို့စဉ်းစားကြည့်လေ၊ ကိုယ့်ကြောင့် လူတစ်ဖက်သား ဒါလောက် နစ်နာသွားတာကို မကျေချမ်းနိုင်သေးဘဲ အနားလာတဲ့ပြီး လှည်းသမားကို ပါးချတော့တာပဲ။ တစ်ချက်နဲ့လဲမပြီး နှစ်ချက်နဲ့လဲမပြီး၊ ချကောင်းကောင်း နဲ့ သစ်တုံးကိုရိုက်သလို ရိုက်နေတာ။ အဲဒါကြောင့် ငါက ခင်ဗျားတို့က လည်း လွန်သေးတယ်၊ ခင်ဗျားတို့ကပဲရိုက်သေးတယ်ဆိုတာ မကောင်းပါ

mgyoe.com

ဘူးဗျာ ပြောမိတာနဲ့၊ ငါ့ပါလာရိုက်တယ်။ တစ်ချက်ကလက်ဖဝါးနဲ့၊ တစ်ချက်က လက်ဖမိုးနဲ့ ငါလည်း ထူပူသွားတာပဲ”

အဲဒီမှာ ငါတို့လှည်းနဲ့ နွားတွေကိုကူညီပြီး မြောင်းထဲကဆွဲတင်ပေးတဲ့ သုံးပင်တောင်ရပ်သားတွေက မအေနှမဆဲပြီး ဓားဆွဲတဲ့ကောင်နဲ့ တုတ်ဆွဲတဲ့ကောင်နဲ့ ချကြတော့မလို့ဟေ့။ ချရင်လည်း မြင်မကောင်းဖြစ်မှာပါပဲ။ ဘာကြောင့်လဲဆိုရင် ဂျပန်တွေက ကားပေါ်ကဆင်းပြီး သေနတ်နဲ့ချိန်ထားတယ်၊ အဲဒီတုန်းမှ ဘီအိုင်အေရဲဘော်တွေနဲ့ ဗိုလ်လေးတစ်ယောက် ရောက်လာပြီး ဖျန်ဖြေတာပေါ့၊ ဖျန်ဖြေတယ်ဆိုရာမှာလည်း ငါတို့ကိုတောင်းပန်တာပေါ့၊ အင်း…ဂျပန်–ဂျပန်၊ ပေပင်လှမှာတော့ ငါဟာ ပထမဆုံးပါးရိုက်ခံရတဲ့ ကောင်ပေါ့ကွာ”

ဖိုးညွန့်ထံမှ ဤနယ်ကြားသိရသဖြင့် ဖိုးထိန်မြို့လယ်ကို ရှောင်ရှားခြင်းသည်လည်း တစ်ကြောင်းအပါအဝင်ဖြစ်ပေသည်။ သို့သော် ဘုရားကြီးကုန်း အနောက်ဘက် အုတ်တံတိုင်းဆောမှချိုး၍ ရေနံစုရွာဘက်သို့ လှည်းဦးလှည့်မိပြီဖြစ်ပေမယ့် ဖိုးညွန့်စကားသံနှင့် ဖိုးညွန့်အဖြစ်ကို သတိရသည်။ အံကြိတ်ကာ လက်သီးဆုပ်မိသည်။

ဂျပန်ကို ရွံမုန်းစိတ်ကြောင့် ဖိုးထိန်ရင်တွေ ဒေါသအုတ်တံတိုင်းကာရံပြီဆိုသောအခါ ဖိုးထိန်၏လေချွန်သံပျောက်ကွယ်သည်။ တနုနု တသုန်သုန် ဆော်သွေးသော လေသည်လည်း ပူလောင်လာ၏။ လှည်းနောက်တွင် ကျန်ခဲ့သော ဖုန်လုံးများသည်ပင် ဒေါသထနေဟန်တူ၏။ ခြေတံလက်တံသဖွယ် အချက်အလက်များ ထွက်၍ကန်ကျောက်နေသည်။

ဖိုးထိန့်ဒေါသတော်တော်နှင့် မပြေနိုင်ပါ၊ မပျောက်နိုင်ပါ၊ စဉ်းစားတိုင်း ဒေါသ ပိုဆင့်တိုးကဲ မြင့်ရသည်။

စံကွန့်၊ ဖိုးညွန့်၊ ခွေးမောင်။ သည်ညီအစ်ကိုသုံးယောက်မှာ ပေပင်လှရွာတွင် အဆင်းရဲဆုံးဖြစ်သည်။ လယ်ကူလီ ယာကူလီလုပ်သည်။ သစ်ပင်

mgyoe.com

mgyoe.com


အငှားလှဲရန်လိုက်သည်။ လွှဆွဲသည်။ ဘာမျှလုပ်စရာမရှိသည့်အဆုံးတွင် သဲဆပ်ပြာကျုံးပြီးရောင်းသည်။

ထိုမျှဆင်းရဲသောကြောင့် နေရာတကာ အောက်တန်းကျ၏။ ကြောက်လည်းကြောက်တတ်၏။ ရိုးသားလိုက်၊ နုံအလိုက်သည်မှာ ပြောစရာမရှိ။ ပေပင်လှရွာသူရွာသားများနှင့် စံကွန့်ညီအစ်ကိုသည် တစ်ခါမျှ ခွန်းကြီးခွန်းငယ်မဖြစ်ဘူးပေ။ စံကွန့်တို့ဘက်က ခွန်းကြီးခွန်းငယ် မပြောရဲသလို ရွာသူရွာသားများကလည်း ဇရပ်ပေါ်က သေကာနီး လူမမာကို ဖနှောင့်နှင့်ပေါက်သည်သို့ မျက်နှာမွဲမျက်နှာနံညီအစ်ကိုတစ်စုကို နင်ပဲငဆမပြောရက်ပေ။

သို့သော် ကိုဂျပန်တို့ကတော့ ဘာရမလဲ၊ ဖိုးညွှန့်ကိုပါးရိုက်ကာ သတ္တိစွမ်းပြလိုက်ကြပါပကော။

ဖိုးထိန့်အတွေးသည် ဖိုးညွှန့်ကိုဖယ်ရှားလိုက်သောအခါ သူ့လှည်းမှာ လမ်းလယ်ခေါင်၌ ရပ်တန့်နေသည်။ စိတ်ဆိုးဆိုးဖြင့် နွားနှစ်ကောင်ကို ဆဲဆိုပြီး တအားရိုက်တော့မည်ဟု နတံ(နှင်တံ)ကို တအားမြှောက်လိုက်ပေမယ့် မရိုက်ဖြစ်။ လမ်းလယ်ခေါင်တွင် ကျောင်းတိုင်ဟောင်း ကျွန်းသားတိုင်ကြီးနှစ်တိုင်စိုက်ထားသည်။ ဘုန်းတော်ကြီးက သူ့ကျောင်းဝိုင်းထဲမှ လှည်းဖြတ်မောင်းခွင့်မပြုလိုသောကြောင့် ပိတ်ဆီးထားခြင်းဖြစ်မည်။

မြို့ထဲကမသွား။နောက်ဖေးလမ်းကသွားမည့် ဖိုးထိန့်အကြံ ပျက်ရချေပြီ။ ဖိုးထိန်မြို့ထဲလမ်းတိုင်း လှည်းကို မောင်းခဲ့ရသည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီး ချီတက်သွားပြီ။ သို့သော် ဘိန်းဆိုင်တွင် တပ်တစ်တပ်ရှိနေသေး၏။ ဂျပန်များလည်း အများအပြားမရှိစေကာမူ အင်္ကျီချွတ်လျက် ဆိတ်နားရွက် ဦးထုပ်တဖားဖားဖြင့် ကားတဝီဝီမောင်းနှင်လျက် တစ်စုံတစ်ရာသယ်ပိုး ရွေ့ပြောင်းနေကြသည်။

ဖိုးထိန် အနှောင့်အယှက်ကင်းစွာ မြို့ပြင်ရောက်လာ၏။ ပြည်စိုးကုန်းတောင်ကျောင်းရှေ့နှစ်ဆောင်ပြိုင်ဇရပ်မှ ငါးပေါင်းကြော်ဖိုနှစ်ဖိုပင် ခွင်ပေါ်

mgyoe.com

mgyoe.com


မှ အိုးများချနေကြပြီ။ နေသည် ပူ၍ပူ၍လာသည်။ ထို့ကြောင့် ရထားများ အသွားအလာဆိုင်းသွားကာ ခြေကျင်ရော နွားလှည်းပါ ရှင်းလင်းနေသည်။

ဖိုးထိန်၏လှည်း မုန်းမြောင်းကို ကျော်လာသည်။ ရှေ့တွင် မိန်းမတစ်ယောက်ကိုမြင်သည်။ ထွေးခင်နှင့် တူသယောင်ယောင်မို့ "ဟဲ့နွား"ဟု အသံကျယ်ကျယ်ပေးကာ လှည်းသွားနှုန်းကိုမြင့်လိုက်စဉ် လက်ဝဲဘက်ဗိုလ်တဲထဲမှ လန်ကွတ်တီနှင့် ဂျပန်တစ်ယောက်ထွက်လာပြီး တောင်းတစ်တောင်း ခေါင်းပေါ်ရွက်လျက် သုတ်သုတ်သွားနေသော အမျိုးသမီးကိုလိုက်ဆွဲသည်။

"ဘိခမာ မီးမ–ဘိခမာမီးမ ယောရောရှိ"

အမျိုးသမီးသည် တောင်းကိုလွှင့်ပစ်ကာ ထွက်ပြေး၏။ သို့ရာတွင် ဂျပန်က သူ့ခါးကိုကိုင်မိပြီ။ သူ့လက်ကိုဆွဲမိပြီ။

"လွှတ်ဟဲ့၊ လွှတ်"

"ဟာ–ထွေးခင်ပါကလား"

လွှတ်ခနဲ ဖိုးထိန်ပါးစပ်မှ အသံထွက်သွားသည်။ အသံထွက်၍အဆုံးတွင် ထွေးခင်တို့အနားသို့ ဒုန်းစိုင်း၍ လှည်းရော်လူပါ ရောက်သွားသည်။ လှည်းပေါ်မှ ခုန်ချသည်။

"ဟေ့လူ၊ ခင်ဗျား ဒီလိုမလုပ်နဲ့"

ဂျပန်သည် ထွေးခင်ကိုလွှတ်လိုက်ကာ ဖိုးထိန့်ပါးကို ဘယ်ပြန်ညာပြန် ရိုက်လိုက်ပေမယ့် လက်ပြန်ရိုက်သောရိုက်ချက်ကို ဖိုးထိန်က လက်မောင်းဖြင့်ကာရင်း ဂျပန်မျက်နှာ လက်သီးဖြင့် ခွပ်ထိုးလိုက်သည်။ ထိမထိကား မသိ။ ဂျပန်သည် ဖိုးထိန့်အင်္ကျီရင်ဘတ်ကို လက်နှစ်ဖက်ဖြင့် စုဆွဲကာ အားယူသည်။ သူအားယူနေဆဲ ဖိုးထိန်က အားရပါးရလက်သီးကို အသုံးပြုသည်။

ဟုတ်လှချည်ထင်ကာ ဂျပန်မျက်နှာကို အားရပါးရဖိထိုးနေစဉ် ဖိုးထိန်မှာ လေထဲမြောက်လွင့်သွားသည်။ မြေပေါ်သို့ခွေးကျကျသည်။ လှည်းလမ်း

mgyoe.com

mgyoe.com


ဘေးတာကျင်းထဲကို ကိုယ်ကျ၍မျက်နှာက နွားချေပုံထဲ အပ်မိနေသည်။

ဖိုးထိန် ကုန်းရုန်းထသည်။ မျက်နှာက နွားချေးကို လက်ငါးချောင်းဖြင့် ခြစ်ချကာ ဂျပန်မျက်နှာကို ပက်လိုက်ရာ ဂျပန်လက်ကြီးကားပြီး ပြေးလာသည်။ ဖိုးထိန် ခုခံစရာ လက်နက်ကိုရှာဖွေသည်။ ရွံ့ဗွက်အစပ်မှ ဂဝံကျောက် တစ်ခဲရသည်။ ဒုတိယအကြိမ် ကိုင်ပေါက်ရန်ပြေးလာသော ဂျပန်ရင်ဘတ်တည့်တည့်ပစ်ထည့်လိုက်သည်။

ဂဝံစာမိသွားသောဂျပန် ဟတ်ထိုးဟတ်ထိုးနှင့်စိုက်ဆင်းလာစဉ်။ နဖူးကို ဒူးဖြင့်ပစ်တိုက်လိုက်ပြန်လေ၏။

ဂျပန်နဖူးကွဲသွားသလား၊ ပုံလဲနေခဲ့သလား၊ ဖိုးထိန်လှည့်မကြည့်၊ မိမိလှည်း ရှိရာသို့ပြေးသည်။ ဟိုက်–လှည်း ဘယ်ရောက်သွားပါလိမ့်။ ဖိုးထိန်မျှော်ကြည့်သည်။ လှည်းကို ထွေးခင် မောင်းပြေးပြီ။

ဖိုးထိန် တအားပြေးလိုက်၏။ လိုက်ရင်းလည်း အော်၏။

"မောင်းမောင်း မြန်မြန်မောင်း"

မြေပိုင်ရှင်သမီးသည် လှည်းမြန်မြန် မမောင်းတတ်၊ မမောင်းခဲ့။ ထို့ကြောင့် ဖိုးထိန် မီလာသည်။ လှည်းပေါ် ခုန်တက်ကာ မတ်တတ်ရပ်လျက်ကြိုးနှစ်ချောင်းထိန်းရင်း နွားနှစ်ကောင်ကို အော်ဟစ်ရိုက်ပုတ်မောင်းနှင်သည်။ နွားနှစ်ကောင် တရကြမ်းပြေးတော့မှ ဖိုးထိန်နောက်သို့ လှည့်ကြည့်အားသည်။

ဗိုလ်တဲရှေ့လမ်းဘေးတွင် ဂျပန်တစ်ယောက်ကို အခြားတစ်ယောက်က တွဲခေါ်နေကာ ဂျပန်သုံးယောက်သည် ဖိုးထိန့်လှည်းကို လက်ညှိုးထိုးပြနေ၏။ ဖိုးထိန့်ရင်ထဲတွင် လက်ညှိုးကို သေနတ်ထင်သဖြင့် နွားနှစ်ကောင်ခြေမကျစေရန် နင်းကန်အော်၏။ နှင်တံကို ဝဲကာဝဲကာ တအားပြေးခိုင်း၏။

ပေပင်လှရွာလမ်းကွေ့သို့ ရောက်လာပြီ။

ထွေးခင်က နောက်သို့လှည့်ကြည့်ကာ "အယုတ်တမာတွေ လိုက်မလာ

mgyoe.com

mgyoe.com


တော့ပါဘူး၊ ဖြည်းဖြည်းမောင်းပါ" တုန်ယင်စွာပြောသည်။ ဖိုးထိန် စိတ်မချ၊ အရှိန်မလျှော့ဘဲ မောင်းသည်။ ထွေးခင် သူ့အိမ်ဝိုင်းထဲဝင်ပြေးတော့မှ ဖိုးထိန့်ရင်ထဲက အလုံးကြီးကျသွားလေ၏။

* * *

## အသည်းထဲမှာ သိမ်းထားချင်

"အသွားတပြန် ရထားနဲ့သွားတော့ ပြန်တော့ကော ထွေးခင်ရာ၊ ဒီ မိမစစ်ဖမစစ်ကောင်တွေ မြို့ထဲမှာ ရှိနေတာပဲဟ"

ဖိုးထိန် အားမလိုအားမရဖြစ်ကာ ထွေးခင်အပါး တိုးကပ်လိုက်ရာ အမယ်လေးအော်ပြီး နောက်ဆုတ်လိုက်ရသည်။ ဆုတ်ရပေမပေါ့။ သူနှင့် ထွေးခင်ဘို့ တစ်တောင်သာသာမျှသာ ကွာဝေးကြပေမယ့် နှစ်ယောက်ကြား တွင် ခြံစည်းရိုးတစ်ခုက ခြားထားကာ ကသစ်ပင်များ၊ ရှားစောင်းမြင်းနား ပင်များ စိုက်ထားပေသကိုး။

ပေပင်လုရွာ၏ မြောက်ဘက်တွင် တစ်ချိန်က ဆင်နေ ကျားအောင်း တော ကောင်းသောကွမ်းခြံဥယျာဉ်များ ရှိခဲ့ဖူးသည်။ သည်ကွမ်းခြံများ၏ မြောက်ဘက်တွင်ရှိသော ပေပင်လုချောင်း ချောင်းရေကြီးတစ်ကြိမ်လျှံ ပြီးက တည်းကကွမ်းခြံတွေ ပျက်ခဲ့သည်။ ကွမ်းခြံနေရာတွင် လင်းရိပ် (လောင်းရိပ်) မလိုသော တခြားအပင်များ စိုက်ပျိုးခဲ့ရာ ယခုဆိုလျှင် ဖိုးသာဒွေးကွမ်းခြံ တစ်ခုသာရှိတော့၏။ ဖိုးသာဒွေးကား ဖွဲကောင်းသည်။ သည်လိုလုပ်၍ ကွမ်းခြံမဖြစ်လျှင် ဟိုလိုပြောင်းပြီး လုပ်သည်။ ကွမ်းခြံသည် မူလအခြေအနေ သို့ ပြန်မရောက်ပေငြား ဖိုးသာဒွေးကခြံကို ဖျက်မပစ်။ နာနတ်ခင်း၊ ငှက်ပျော ခင်းလုပ်ထားသည်။ ထိုအခါ စိမ့်မြိုင်ကောင်းသောနေရာကလေးအဖြစ်

mgyoe.com

mgyoe.com


ပေပင်လှအရှေ့ပိုင်းသားများ နှစ်သက်စွာဖြင့် ဖိုးသာဌေး ရေတွင်းလာပြီး ရေခပ်ကြ၊ ရေချိုးကြဖြင့် ခြံကလေးမှာ စည်ကားခဲ့လေသည်။

ဖိုးသာဌေးခြံတွင် လူစဲချိန်ကျမှ ထွေးခင်က အဝတ်လျှော်ရန်ထွက်လာ၏။ ဖိုးထိန်ကလည်း ထွေးခင် အဝတ်တွေ ထုပ်လိုက်ပိုးလိုက် အထဲဝင်အပြင်ထွက်လုပ်နေတာ မြင်ကတည်းက ဖိုးသာဌေးခြံနှင့်ကပ်နေသော တစ်ဖက် ခရမ်းခင်းထဲရောက်နေသည်။ နေပူပူတွင် ခရမ်းရွက်အမွေးနှင့် ချွေးနှင့် တွေ့သော ယားယံမှုကို ဖိုးထိန် အောင့်ခံခဲ့၏။

အဝတ်လျှော်ကျောက်ပြားပေါ်တွင် ထွေးခင် ပြားပြားကြီး ချထိုင်ကာ အဝတ်တွေရေစွတ်သည်နှင့်တစ်ပြိုင်နက် ဖိုးထိန် စည်းရိုးအစပ်ရောက်လာသည်။ လူကြီးတွေရှေ့တွင် ဂျပန်နှင့် မည်သို့မည်ပုံ မည်သို့ထွက်ပြေးခဲ့ရပုံကို ပါးစပ်ဖြင့်သာ ပြောခွင့်ရ၏။ ချစ်သူတို့ စကားပြောခွင့်မသာ။

ချစ်သူတို့ စကားပြောကြားခွင့်သာပြီဖြစ်သော အခုအခါတွင် ဆူးပင်ကြားမှ လက်လျှိုကာ ထွေးခင့်လက်မောင်းကလေးကို ကိုင်သည်။ မြတ်နိုးဖွယ်ရာ လက်မောင်းအိကလေးသည် ဆင်စွယ်ရင်းနှယ် ဖွံ့စည်လှခိုင်၏။ ဆိစိမ်ဂွမ်းနှယ် နူးညံ့၏။

ရင်လျှားသောအထက်ဆင့်စက မည်းမည်းကလေးမို့ ရင်ပြင်တစ်ဝိုက်သည် ရွှေရည်လိမ်းသည့်နှယ် ဝင်းညက်ပေသည်။ ဖြိုးတင့်ပေသည်။

"ဒီနားတိုးပါဦးလား ထွေးခင်ရယ်"

ဆူးတွေခံနေသောကြောင့် မွတ်သိပ်စွာပန်ကြားပေမယ့် ထွေးခင်နေရာမရွှေ့။ သည်လိုဖြင့် ပြောစရာများကို ပြောဆိုခွင့် နှီးနှောခွင့်ရလာသည့်အတွက် ဖိုးထိန့်ရင်ထဲက မီးဖိုသည် ထင်ထင်ရှားရှားပေါ်လွင်လာတော့သည်။

"ငါသေလိမ့်မယ် ထွေးခင်၊ နင်တစ်ခုခုဖြစ်ရင် ဂျပန်သတ်လို့သေမလား၊ ရူးလို့သေမလားမသိဘူး"

mgyoe.com

mgyoe.com


"တော်ရုံသဖြင့် ချွဲပါတော်၊ တော်က ဒါလောက်ချွဲရင် ရုံးပတီသီးတို့၊ ပီလောပင်တို့ ချွဲစရာမရှိလို့ ငိုကုန်လိမ့်မယ်"

အပြုံးကလေးဖြင့်ထိုးလာသော ချစ်မျက်စောင်းနောက်က မျက်နက်ကလေးသည် ဖိုးထိန့်အသည်းကို ဖမ်းနှောင်ထားလိုက်သည်။ ဖိုးထိန်အသက်ရှုရန် မေ့သွားရသည်။

ခဏကြာမှ ဆက်ပြောနိုင်၏။

"မနောက်နဲ့နော်၊ ငါနင့်ကို သေမလောက်ချစ်တာ၊ ငါသာ တာနော ယက္ခဘီလူးဖြစ်ရင်လေ နင့်ကို ငါ့အသည်းထဲမှာ ထည့်ထားမယ်ဗျ"

သည်မြတ်နိုးယုယစကားကြောင့် ထွေးခင်မှာ အသည်းလွှာကို ယောဉ်ဒါန်းလုပ်ထားသည့်နေရာဝယ် လျှောင်းစက်ရသည်သို့ မိန်းမူးပီတိ အသည်းငြိရ၏။ ကြည်သန့်သောအပြုံးသည် အချိန်လွန်မှ တစ်ပွင့်တည်းပွင့်ရသော ပယ်ပွင့်နှယ် ထိန်ထိန်လျှပ်လျှပ် ပွင့်လာ၏။

"ဒဿဂီရိဘီလူးဟာ မယ်သီတာကို ပန်းရထားနဲ့ တင်ပြီးခိုးသတဲ့။ ညံ့ပါပေ့ ဒဿဂီရိရာ။ အိဖေကိုသာ ထွေးခင်ကို ခိုးပြေးရင်လေ ကုန်းပိုးပြီး ခိုးပြေးမှာ၊ အသားချင်းထိနေရတော့ အချစ်တိုးတာပေါ့"

"တော်ပါတန်ပါ ကိုဟဝှာ၊ လျှာအရိုးမရှိတိုင်း"

ငွေနန်းမျှင်ကလေးတွေအချင်းချင်း ကလူကျီစယ်သည့်အလား သံအေးသံမြကလေးဖြင့် ရယ်မောသည်။

"ဒါလောက်ချစ်နေကြပေမဲ့ နင်က သူဌေးသမီး၊ ငါကဆင်းရဲသားလယ်သမားသားဆိုတော့"

"ကျုပ်က သူဌေးသမီးမို့ တော်နဲ့မတူဘူး မတန်ဘူးလို့ ဘယ်သူကပြောသလဲ။ ဘယ်ဖိုးသူတော်က ပြောသလဲ၊ ပြောတဲ့ဖိုးသူတော်ကို ဆန်မထည့်ဘူး"

ထွေးခင် သံချိုညင်းဖြင့် ရယ်မောပြန်သည်။ ဖိုးထိန်ရောနှောပြုံးသော်

mgyoe.com

mgyoe.com


ပြား ရင်ထဲကမပါ။ ခြောက်ကပ်ကပ်ကြီး ပြောမိသည်။

"အခြေအနေချင်းကကွာနေတော့ တင့်တောင်းတင့်တယ်တောင်းယူလို့ မရမှာသေချာတယ်။ ဒီတော့ တို့မြန်မြန်ပေါင်းရချင်ရင် ခိုးပြေးဖို့တစ်လမ်းပဲ ရှိတယ် ထွေးခင်"

"တော်ပြောတာလည်း ဟုတ်တာပဲ ကိုဖိုးထိန်"

ထွေးခင် အတည်အငြိမ်အလေးအနက်ပြောလာတော့ မမှီတမီကိုင်ထား ရသော လက်မောင်းအိုးကလေးကိုပင် ဖိုးထိန် လွှတ်ပစ်လိုက်မိသည်။

"ကျုပ်နဲ့တော်နဲ့နီးဖို့လမ်းဟာ ခိုးပြေးဖို့တစ်လမ်းပဲရှိတာပဲ။ ဒါပေမဲ့ ကျုပ် ခိုးရာမလိုက်ချင်သေးဘူး တော်ရဲ့"

"အပျိုဘဝနဲ့ နေချင်သေးတယ်ဆိုပါတော့" ဖိုးထိန်အသံက မာလာ သည်။ ထွေ့သံငေါ့သံကလေးနှင့် နှာခေါင်းတွင်းက လေမှုတ်ကာ ရယ်မော သည်။

"ခင်ဗျားက အပျိုဘဝကို မက်မောနေပေမဲ့ လူယုတ်မာဂျပန်တွေက နေခွင့်ပြုပါ့မလား၊ အဲဒီအခါကျတော့မှ..."

"ကိုယ့်အိမ်ထဲမှာ လာစော်ကားရင် ဓားနဲ့ခုတ်လွှတ်မှာပေါ့တော့"

ထွေးခင်အသံကလည်း မာဆတ်ဆတ်။

"အောအော ခင်ဗျားက အိမ်တွင်းပုန်းကုလားမလုပ်နေတာကိုးဗျ၊ သုံး ရက်ခြား လေးရက်ခြား ဈေးမသွားရဘဲကိုး ဟင်း"

"အသွားအပြန် ရထားနဲ့သွားမယ်တော်"

"ရထားနဲ့ သွားတော့ပြန်တော့ကော ဒီမိမစစ် ဖမစစ်ကောင်တွေက မြို့ထဲမှာ ရှိနေတာပဲဟ။ နင်စဉ်းစားကြည့် ထွေးခင်၊ ဥပဒေဆိုတာ မရှိဘူး၊ တကယ်လို့ ဖွ–လွဲစေဖယ်စေ နင်တစ်ခုခုဖြစ်ပြီဆိုပါတော့ ငါတို့က ဘယ် သွားတိုင်ရမှာလဲ"

ထွေးခင် မျက်မှောင်ကလေးချိုသည်အထိ စဉ်းစားရပါပြီ။

mgyoe.com

mgyoe.com


ဟိုတမြန်နေ့က မြို့အဝင်ဗိုလ်တဲမှာ ဂျပန်တစ်ကောင်ထွက်၍ ထွေးခင်ကို ဗလက္ကာရပြုရန်ကြံစည်သည်။ ယင်းအတွက် ထွေးခင်အဖေ ဦးမြတ်သာသည် ချောင်းတစ်ဖက်ကမ်း ရှားပင်စုတွင်နေထိုင်သော ကိုကွန်းဇော်ကို ခေါ်ယူ၏။ သားအဖတိုင်ပင်ပြီး အမှုဖွင့်ရန် ဂါတ်တဲသို့သွားသည်။

ဂါတ်တဲ၌ ပုလိပ်ရှိပြီ။ ဌာနအုပ်၊ ရာဇဝတ်အုပ်ရှိပြီ။ ဦးမြတ်သာ အမှုမဖွင့်ခဲ့ရပေ။

ဂါတ်တဲရှေ့သို့ သူတို့သားအဖရောက်သွားချိန်နှင့် ဂါတ်တဲရှေ့ ဘီအိုင်အေရုံးထဲမှ သခင်ဌေးနှင့် သခင်ကျော်ဇံတို့ ထွက်အလာ ဆုံမိကြသည်။ သည်သခင်တွေမှာ သီးစားခလျှော့ပေါ့ရေး စကားများများပြောသဖြင့် ဦးမြတ်သာမျက်စိထဲ မတွေ့။ သို့သော် လူငယ်ချင်းဖြစ်သော ကိုကွန်းဇော်နှင့် သိကျွမ်းသည်။

သူတို့ လမ်းဘေးမန်ကျည်းပင်ရိပ်၌ စကားပြောကြရာ ဦးမြတ်သာတို့လာရင်းကိစ္စကို သခင်ကျော်ဇံတို့ သိသွားသည်။ ကိုကျော်ဇံက ခေါင်းယမ်းပြသည်။

"ရွှေပေးလို့မရတဲ့ ကာယိန္ဒြေဖျက်ဆီးမှုကို အသာဖယ်ထားပြီး သူတို့ကောင်ရဲ့ရင်ဘတ်ကို ခဲနဲ့ထုတဲ့ကောင် ဘယ်သူလဲမေးမှာပဲ။ မေးလို့ရရင် ခင်ဗျားတို့ရွာကလူ ဒုက္ခရောက်မယ်။ မေးလို့မရရင် ခင်ဗျားတို့ ဒုက္ခရောက်မယ်။ မိန်းကလေးအတွက်လည်း စိုးရိမ်ရတာပဲ"

သည်တစ်ခွန်းဖြင့် ဦးမြတ်သာလက်လျှော့လိုက်လျှင် သခင်ဌေးက လိုရင်းကို ပြောလိုက်သည်။

"တရားဥပဒေဆိုတာ မရှိတော့ဘူး။ သူတို့ပါးစပ်ထဲက ထွက်တာဥပဒေ။ သူတို့လုပ်ချင်တာဟာ တရားပဲ"

"သူခိုး၊ ဓားပြတော့ တော်တော်ငြိမ်းသွားပြီဗျာ၊ ဒါတော့ ကောင်းသားဗျ"

ကိုကွန်းဇော်၏ ဟောတုတက်ချက်။ ယင်းကို သခင်ကျော်ဇံက ချေပ၏။

mgyoe.com

mgyoe.com

"သူခိုး၊ ဓားပြက တစ်ပိဿာယုတ်မာရင် သူတို့က ပိဿာချိန်တစ်ရာ ယုတ်မာတယ်ဗျ။ ကမ်းကုန်အောင် ယုတ်မာရိုင်းစိုင်းသူက မဖြစ်စလောက် ကလေး ယုတ်မာသူကို ဓားပြမှုနဲ့အပြစ်ပေးတယ်ဆိုတာ အဓိပ္ပာယ်လည်း မရှိပါဘူးဗျာ၊ ရယ်စရာကောင်းလှပါတယ်"

ဤစကားများကို ထွေးခင်ကြားယောင်လာသည်။ ထိတ်ရွံ့စိတ်ကလေး ပင် မသိမသာဝင်လာသည်။

"ဘယ်လိုလဲ ကျောင်းအစ်မ ကျုပ်ကိုမသနားတော့ဘူးလားဟင်၊ ကျုပ် ကိုချစ်လှချည်ရဲ့ သိကြားမင်းကြီးနကင်းနဲ့ ဆင်းဖျက် မပျက်ဘူးဆိုတဲ့ စကားတွေမေ့ကုန်ပြီလားဟင်"

ဒေါသကလေးဝင်လာပြီမို့ နုထွေးလက်မောင်းအိုးကလေးကို တစ်အား ဆုပ်ညှစ်ကာ ခါယမ်းသည်တွင် ထွေးခင်ရုန်းကန် ဖယ်ရှားပစ်၏။

"ပါးစပ်နဲ့ ရိုးရိုးပြောပါလား"

"မပြောဘူးဟေ့"

ဖိုးထိန်စိတ်ဆိုးကာ ဆူးကြားမှလက်ကို ရုပ်သိမ်းလိုက်စဉ် လူသံကြားရ သဖြင့် ခရမ်းပင်အုပ်အောက်ပြေးပုန်းနေရသည်။

မိန်းမကြီးနှစ်ယောက် ရေခပ်ရန် ရောက်လာကြသည်။ ရေငင်ရင်း ထွေး ခင်နှင့် စကားပြောသော်လည်းရေပြည့်လျှင် ရေရွက်၍ပြန်သွားကြသည်။ လူရှင်းသွားပေမင့် ဖိုးထိန်ထွက်မလာပေ။

"စိတ်ဆိုးတာနဲ့ ဒေါသထွက်တာ ဘယ်ဟာက အရင်ကျသလဲဟင်၊ ဒီက မသိလို့ ပြောပြစမ်း"

ထွေးခင် အပြုံးကလေးဖြင့် စ,သည်။ ဖိုးထိန်ထွက်မလာ၊ အသံမပေး၊ ထွေးခင်ရေဖြင့် လှမ်းပက်သည်။ ဖိုးထိန်ကား ခရမ်းကိုင်းများအောက်တွင် ရှိမှရှိပါသေးစဟု ထင်ရသည်။

"ကိုဖိုးထိန်၊ ဒီမယ် ထွေးခင် အကောင်းပြောမလို့ ထွက်ခဲ့ပါဦး"

mgyoe.com

mgyoe.com


ဖိုးထိန် ငြိမ်နေသည်။

"မိန်းကလေး ချော့ရမှာတော့ မတရားပါဘူး။ ကိုဖိုးထိန်ရယ် လေတွေ မိုးတွေခေါင်ကုန်လိမ့်မယ် သိလား"

ဖိုးထိန် မကြည်မသာ ထွက်လာသည်။ အောက်သိုးသိုးအသံဖြင့် မေးသည်။

"ဘာပြောမလို့ ပြော"

ဖိုးထိန်ကိုကြည့်ပြီး ထွေးခင် သံလွင်အေးဖြင့် ရယ်ရသည်။

"တော့်ဥစ္စာကတော် မရခင်ကနိုင်ချင်နေတာပဲ၊ ရမျှားရပြီးရင်တော့ တော်နဲ့ကျုပ်နဲ့ပေါင်းလို့ ခုနစ်ရက်မပြည့်ခင် တော်ရိုက်လို့ကျုပ်သေမှာ ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးဖိုဖြစ်မှာ မကြောက်ဘူးလားဟင်"

မှုန်တေမျက်နှာထား လွင့်ပါးကာ ဖိုးထိန်ပြုံးရယ်ရသည်။

"ငါ့ကို နာမည်မဖျက်ပါနဲ့ဟာ"

"တော့်နောက်ကို ကျုပ်လိုက်ရင် အဖေနဲ့အမေက သေခန်းရှင်ခန်းများ ဖြတ်မလားမသိဘူး"

"ဖြတ်ဖြတ်ဟာ ငါ့မှာလက်ရှိသားပဲ၊ ငါမသေသရွေ့ နင် မငတ်ရဘူး၊ ငတ်စရာရှိရင် ငါအငတ်ခံပြီး နင့်ကိုကျွေးမယ်"

အသည်းတိုင် စီးလိမ့်သော ချိုမွှေးအေးငြိမ့်သည့် သောတအာရုံကလေး ဖြစ်ပါသည်။ အသည်းကပါ ယိမ်းလှုပ်၍ ထွေးခင်ပြုံးသည်။

"ကျုပ်တစ်ယောက်ထဲစားပြီး တော့်ကိုအငတ်ထားရမယ်လို့ တော်ရယ်၊ ကျုပ်မျိုးလို့ကျပ်ပါ့မလားလို့"

"လည်ပင်းနင်နေရင် ရေနဲ့မျှောချပေါ့ဟယ်"

နေမျိုးနွယ်တို့ရန်ကိုကြောက်သောကြောင့် ဤသို့လျှင်တိုင်ပင်ညီညွတ်ကာ ဖိုးထိန်နောက်သို့ ထွေးခင် လိုက်ပြေးခဲ့လေသည်။

ထွေးခင် ခိုးရာလိုက်ပြေးသည့်နေ့က အချိန်မှာ နံနက်စောစောဖြစ်သည်။

mgyoe.com

mgyoe.com

ရွာဦးကျောင်းသို့ တစ်အိမ်တစ်နေ့ကျ ဆွမ်းအုပ်ပို့ရရာ သည်နံနက်က ထွေးခင်တို့အိမ်မှ ဆွမ်းအုပ်ပို့လှည့်ဖြစ်သည်။ ဝေလီဝေလင်းတွင် သားအမိ နှစ်ယောက် ဆွမ်းနှင့်ဟင်းလျာများ အရဏ်ဆွမ်းအမီ ပို့ကြသည်။ ဒေါ်ရွှေမ ဆရာတော်ထံမှ တရားစကားနာကြားနေစဉ် ထွေးခင်ပျောက်သွားသည်။

ဒေါ်ရွှေမအိမ်ပြန်ရောက်ချိန်၌ ထွေးခင်ကို မတွေ့ချေ။ ရေခပ်ထွက်ရန် စောလွန်းသေးသည်။ ဦးမြတ်သာက တစ်ချက်တည်း ဖိုးထိန်ကို စွပ်စွဲသည်။ ဖိုးထိန်ကို လာမေးသောအခါကျမှသာ ဖိုးထိန်အိပ်နေကျ နွားတင်းကုပ် ထပ်ခိုးအဆင့်ပေါ်တွင် ဖိုးထိန်မရှိကြောင်း သိရသည်။

ဦးမြတ်သာ ချက်ချင်းရှားပင်စုသို့ လူလွှတ်သည်။ ကိုကွန်းဇော်သည် ဖခင်ထံသို့ပင်မလာတော့ဘဲ တပည့်တပန်း လူစုလူဝေးဖြင့် နယ်ကိုမွှေသည်။ မြေကိုလှန်သည်။ ကိုကွန်းဇော်မှာ ရှားပင်စုဘက်၌ တပည့်တပန်းပေါသည်။ ဩဇာလည်းရှိ လက်စွမ်းလည်း ထက်သည်။

သည်လူ၏ခြေကို ထွေးခင်ရော ဖိုးထိန်ပါ ကြိုမြင်သည်။ ကြိုတင်ပြင်ဆင်သည်။ ထို့ကြောင့် ကိုကွန်းဇော်တို့ နယ်နင်းနေချိန်တွင် ဖိုးထိန်နှင့်ထွေးခင်တို့မှာ ဧရာဝတီမြစ်ဆိပ်တစ်နေရာမှ တောင်ဘီလူးရွာသို့ လှေဖြင့် ကူးနေကြပေပြီ။

ဖိုးထိန်မိန်းမခိုးသည့်ခရီးတွင် ထွန်းရှိန်၊ ထွန်းမှိန်၊ အောင်ဖြိုး၊ ကျော်မောင်စသော သားချင်းများ ပါမလာပေ။ အစ်ကိုအရင်းဖြစ်သော ဖိုးစိန်ပင် ပါမလာချေ။ ထွေးခင်ပျောက်နေချိန်တွင် ဖိုးထိန်၏သားချင်းထဲမှ တစ်ယောက်ယောက် ပျောက်နေခဲ့သော် ဖိုးထိန်ကို ရှာမတွေ့တိုင်း ကျန်လူများအပေါ် ကိုကွန်းဇော် 'ရမ်းချိုး' ပန်းနိုင်သည်။ ဖိုးစိန်တို့က အရမ်းကားလည်း မခံရအောင် ညီကို ကူညီသည်။ တခြားရွာများမှ ယုံကြည်ရသော မိတ်ဆွေများနှင့် တိတ်တဆိတ်ဆောင်ရွက်သည်။ အစီအစဉ်အားလုံးကို တခြားရွာမှသူငယ်ချင်းများကချည်း ဆောင်ရွက်ကြသည်။

mgyoe.com

mgyoe.com

လေကလေးတဖြူးဖြူးနှင့် ထွေးခင်ရင်ဝယ် မြူးရွှင်နေ၏။ သည်မြူးသောမိန်းကလေးကို မျက်တောင်မခတ်ဘဲကြည့်ကာ ဖိုးထိန်ကြည်နူးနေရသည်။ ပေါင်းမိုးထဲမှာ တခြားလူများမမြင်နိုင်။ ရှက်စနိုးဖြင့် ဖိုးထိန်ရင်ဘတ်ကို ထုသည်။

ထွေးခင် ကြည်နူးလောက်ပါသည်။ မြစ်ဘက်သို့ အရောက်အပေါက်နည်းသူမို့ မြစ်မင်းအဏ္ဏဝါ၏ ပင်ကိုအလှကပင် ထွေးခင်ရူမောလောက်သည်။ လေကလေးအရတွင် ရွက်ဖွင့်ကာ တက်လာကြသောလှေတွေ မြစ်ပြင်ပြည့်လုခမန်းရှိသည်။ ရွက်ဖြူရွက်နီရွက်ကွက်ကြား ရွက်စိမ်းရွက်မည်း။ သည်ထဲတွင် ဆွမ်းခံကြွသောကိုယ်တော်တို့ ကေသီဖြင့် ရွက်လွှင့်ပြန်သောအခါ လှမျိုးစုံသည် ပန်းရဂုံတွင် လိပ်ပြာမြူးသည့်နှယ် အသွေးစုံခြယ်မွမ်းတော့သည်။

မြစ်မင်းဧရာသည် လှပပါသည်။ သာယာပါသည်။

ထိုအလှကို ချစ်သူရင်ခွင်မှ ကြည်နူးရသည့်အခါ ပို၍လှပသာယာပေသည်။

သို့သော် ထိုထိုအလှတွေမရှိစေဦး။ ချစ်သူရင်ခွင်သည် အသာယာဆုံး၊ အလှပဆုံး၊ ထုံးသင်းမွှေးကြိုင်ဆုံးပါတကား။

* * *

ဦးမြတ်သာသည် မာနကြီး၏။ ခက်ထန်၏။ သူလယ်သီးစားတွေက စကားလှပစေရန် "သူဌေးမင်းမို့ ကျုပ် ဒါလောက်လုပ်ပေးတာ" ဆိုခြင်းမျိုးကို လက်မခံ။ "မလုပ်ပါနဲ့မောင်ရာ မင်းမလုပ်လည်း ငါ့လယ်ကိုလုပ်ချင်တဲ့ လူတွေ ခြေနဲ့ကန်ပစ်လို့ မကုန်ပါဘူး" ပြောလေ့ရှိသည်။

ယောက္ခမကြီး အသာဖယ်လို့၊ အသာဖယ်လို့ ပျိုပျိုမယ်အရုဏ်တက်မှာ ဆွမ်းချက်ပါသဗျိုးဆိုသော သီချင်းကို ဦးမြတ်သာရှေ့တွင် ထပ်ကာထပ်

mgyoe.com

 mgyoe.com 

ကာဆိုပြီး ဦးမြတ်သာကိုချည်း စိုက်ကြည့်ခဲ့သော စိန်ကြီးအား ပါးရိုက်ဖူးသည်။ သူကြီးအိမ်ရောက်သောအခါ "ဟုတ်တယ် စော်ကားလို့ရိုက်တယ် ဘယ်လောက်လျော်ရမလဲ။ တစ်ဆယ်လား ငါးဆယ်လား" မေးကာ ဒင်္ဂါးတွေ သွန်ချသည်။

သူကြီးမှာလည်း နှစ်လုံးပြူးရသောအာဏာထက်သည့် သူကြီးဖြစ်စေကာမူ ဦးမြတ်သာကိုကြောက်သည်။ လျော်ငွေတစ်ရာထက် အပိုပေးခိုင်းလျှင် ဦးမြတ်သာ လျော်မည်မဟုတ်။ မြို့ပေါ်က ရှိသမျှရုံးတွေ တက်မည်။ နောက်ဆုံး စိန်ကြီးတို့ အလျော်မရ၊ အပေါ်မရ၊ အသွားနာခြင်းနှင့် အလုပ်အကိုင်ပျက်ခြင်းသာ အဖတ်တင်မည်။ ထို့ကြောင့် တရားလိုကို ငေါက်ငမ်းကာ ငါးဆယ်ဖြင့် အတင်းကျေအေးခိုင်းရဖူးသည်။ သည်နှယ် မောက်မာခဲ့ ခက်ထန်ခဲ့သော ကိုယ့်အရိပ်ကို ပြန်လန့်ကာ ခေတ်အပျက်၌ ဆန်ဝေခဲ့ခြင်း ဖြစ်သည်။

ရင်နှစ်သည်းချာ သမီးရတနာနှင့် ပတ်သက်လာပြီ။ ထွေးခင်ကြို့မျှော်သလို ဖြစ်မလာပေ။ ဦးမြတ်သာ မမာချေ။ မမောက်ချေ။ မခက်ထန်ချေ။ သူတစ်ပါးအသက်ကို သတ်ဖြတ်စားသောက်ရမှ အသက်ရှင်သောကျားသည်ပင် သားသမီးကိုချစ်ခင်သည့်နှယ် ဦးမြတ်သာလည်း အထွေးဆုံး ဖြစ်တစ်ယောက်တည်းဖြစ်သော သမီးကိုချစ်သည်။

ဒေါ်ရွှေမမှာ သမီးကိုလွမ်းသည်။ ခယောင်းတော မြေဆိုးထက်ကြမ်းတမ်းသော လင့်အတ္တကိုလည်း သိသည်။ ထို့ကြောင့် အလွမ်းကိုမထုတ်ရဲ။ တခွေခွေ တယိယိသာနေရသည်။

ဒေါ်ရွှေမအဖြစ်ကို မြင်ရသော ဦးမြတ်သာ ဟန်ဆောင်မနေနိုင်။

"ဟေ့ မရွှေမ ကလေးတွေ သတင်းလေးဘာလေး မစုံစမ်းတော့ဘူးလား ကွ။ ငါတို့ကို ကြောက်ကြောက်နဲ့ စွတ်ရွတ်ပြေးနေရင် အဝေးကြီးရောက်သွားပါ့မယ်ကွာ။ ကဲကဲ ကလေးတွေလိုက်ရှာပြီး သမီးကိုအပ်ပါလို့။ ခေတ်

mgyoe.com

 mgyoe.com


ကလည်း မကောင်းတော့ ကန်တော့ပွဲနဲ့ပဲတောင်းပါစေပေါ့ကွာ'

ဒေါ်ရွှေမမှာ အိပ်မပျော်ရပါဘဲ အိပ်မက်မက်လေသလား တအံ့တဩ ဖြစ်ရ၏။ ဦးမြတ်သာကို တထူးတဆန်းကြည့်မိ၏။

ဇနီးကြည့်ပုံကိုမြင်တော့ ဦးမြတ်သာရယ်မောရသည်။

"ဟ မရွှေမရဲ့ ဘာဖြစ်နေတာတုန်း၊ ဘာလဲ အံ့ဩနေသလား။ တကယ် ပြောတာပါကွ။ ဟော့ ငထွား၊ ဟော့ ငထွားလာစမ်းဟော့"

ဦးမြတ်သာ ဒေါ်ရွှေမတို့၏ သက်တော်စောင့်တစ်နည်း၊ လူယုံတစ်ဖုံ အမှုထမ်းရသူနှစ်ဦးအနက် မောင်ထွားမှာ တစ်ဦးဖြစ်သည်။

"ကိုပေါက်ကျော်တို့ အိမ်ကိုသွား။ ကလေးတွေအမြန်ဆုံးရှာပြီး သမီးကို အပ်ပါလို့"

"ဟုတ်ကဲ့ ဟုတ်ကဲ့"

မောင်ထွား ကုတ်ကုတ်ကုတ်ကုတ်နှင့် ထွက်သွားမည်အပြု၌ ဒေါ်ရွှေမ မှာ မောင်ထွားကို ပြန်ခေါ်ရသည်။ လမ်းဘေးတွင် ထိုင်နေသောလူသားအား ဘုံခုနစ်ဆင့်မှ ခွေးက ဟောင်သည့်ထုံး နှလုံးမူ၍ ငထွား မောက်မောက်မာမာ သွားပြောခဲ့ချေသော် ဦးပေါက်ကျော်၏ မာန်နှင့်ဒေါသက သေးလှသည် မဟုတ်။ မအပ်ဘူးကွာ။ ဘာလုပ်မလဲ ပြန်မေးမည်မှာ သေချာသည်။ ခုတ်ရာ တခြား ရှရာတလွဲဖြစ်ကုန်မည်။ ထို့ကြောင့် တိုးတိုးတိတ်တိတ် သင်ကြားရ သည်။

"ကိုပေါက်ကျော်ကိုပဲတွေ့တွေ့ မလှမေကိုပဲ တွေ့တွေ့ ဖိုးစိန်ကိုပဲတွေ့ တွေ့ ကောင်းကောင်းပြောနော်"

ကောင်းကောင်းပြောရမည်ဆိုသဖြင့် မောင်ထွား မျက်တောင်ပုတ်ခတ် ပုတ်ခတ် လုပ်နေ၏။

"ဆရာက အပြောခိုင်းလို့ပါ၊ ကလေးတွေကို အမြန်ရှာပြီး သမီးကို လူကြီးစုံရာနဲ့ လာအပ်ပါလို့ ဟုတ်ပြီလား"

mgyoe.com

mgyoe.com

"ဟုတ်ကဲ့ ဟုတ်ကဲ့"

"ဂူးဂူးဝါးဝါး မပြောနဲ့နော် ..."

ဒေါ်ရွှေမ အသေအချာမှာလိုက်သဖြင့် မောင်ထွား မောက်မာမှု မပြုနိုင်ပေ။ ထိုအခါ ဦးပေါက်ကျော်၊ ဒေါ်လှမေတို့မှာ အံ့အားသင့်နေရသည်။ မောင်ထွား၏ယဉ်ကျေးမှုနှင့် ဦးမြတ်သာ၏ နူးညံ့မှု။

ထို့ကြောင့် ဒေါ်လှမေ မနေသာတော့ချေ။ ဒေါ်ရွှေမထံ ပြေးရသည်။ မိန်းမချင်း ကျိတ်ဝိုင်းလုပ်ကာ ဆွေးနွေးမေးမြန်းရသည်။ ပြေလည်ကြသည်။ ရယ်မောကြသည်။

အကယ်၍သာ ထိုနေ့က ကိုကွန်းဇော် ရောက်မလာခဲ့လျှင် ဦးမြတ်သာသည် သမီးနှင့်သမက်ကို အိမ်ပေါ်တင်ထားကောင်း တင်ထားတန်ရာသည်။ ကိုကွန်းဇော်ရောက်လာခဲ့သည့်အတွက် ပြဿနာရှုပ်ထွေးသွားသည်။

ညနေပိုင်းတွင် ဒေါ်ရွှေမက လွှတ်သဖြင့် မောင်ထွားရောက်လာပြန်သည်။ ကလေးတွေ ရောက်မလာခင် အိမ်ကလေးတစ်လုံးဆောက်ထားကြပါဦးတဲ့ ကုန်သမျှ သူပေးပါမယ်တဲ့။

သည်လိုတော့ ရရိုးလား ဦးပေါက်ကျော်မှာ ရွှေငွေမပေါကြွယ်ပေမယ့် ဆွေမျိုးသားချင်းက တောင့်တင်းသည်။ တစ်ယောက်ကို တိုင်တစ်လုံး ဝါးတစ်ချောင်း သက်ငယ်တစ်ပျစ် ယူလာစေရုံဖြင့် အိမ်ထောင်ဦး လင်ကိုယ်မယားအတွက် တဲလှလှအသစ်ကလေးတစ်လုံး နေ့ချင်းပြီးစီးသွားသည်။

ဖိုးထိန်–ထွေးခင်တို့ ရွာဝင်ချိန်မှာ မီးခွက်ထွန်းနေပြီ။ သို့သော် ဥပုသ်နေ့ညမို့ ရွာဦးကျောင်းစေတီမှ လျှပ်စစ်မီးသည် ရွာထိပ်အထိရောက်သည်။ ရွာထဲအထိ လင်းသည်။

ဤညကမလင်း မှောင်နှင့်မည်းမည်း ပေပင်လှရွာသည် ကြင်စဦး မောင်နှံတို့ကို မလှမပကြိုဆိုနေရှာ၏။

ထွေးခင်မှာ အမေ နေကောင်းလားသတင်းကို အလျှင်မမေးနိုင်သေးပါ။
mgyoe.com